## ဗာဟိရကထာ
## မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်တို့၏ ရှေးအကြောင်း

ကဿပ ဘုရားရှင်လက်ထက်တွင် ဂင်္ဂါမြစ်အနီးရှိ ကျောင်းတကျောင်း၌ ရဟန်းသံဃာ များစွာ နေကြလေ၏။ ထိုကျောင်း၌ ကျင့်ဝတ်များနှင့် ပြည့်စုံသော ရဟန်းတို့သည် နံနက်စောစော၌ ဘုရားရှင်၏ ဂုဏ်တော်များကို ဆင်ခြင်အောက်မေ့လျက် ကျောင်းဝင်း တလင်းပြင်ကို တံမြက်လှည်း၍ အမှိုက်ကို စုပုံကြလေ၏။ ထိုအခါ ရဟန်းတပါးသည် သာမဏေတပါးကို ခေါ်၍ အမှိုက်ပုံကို စွန့်ပစ်ရန် ပြောလေ၏။ ထိုသာမဏေသည် မကြားဟန်ဆောင်၍ သွား၏။ နှစ်ကြိမ် သုံးကြိမ် ခေါ်သော်လည်း သာမဏေသည် ရှေးနည်းတူ ပြုလေ၏။ ထိုအခါ ထိုရဟန်းသည် ထိုသာမဏေကို "အပြောရခက်သည့် သာမဏေ"ဟု ဆိုကာ တံမြက်စည်းဖြင့် ရိုက်လေ၏။ ထိုအခါ သာမဏေသည် ငိုယိုလျက် အမှိုက်ကို ယူဆောင်၍ စွန့်ပစ်စဉ်တွင် "ငါသည် ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်မရောက်မီ ဘဝသံသရာဖြစ်လေရာရာ ဘဝ၌ ဤမွန်းတည့် နေမင်းကြီးကဲ့သို့ ဘုန်းတန်ခိုး အာနုဘော်ကြီးမင်းသည့် မင်း ဖြစ်ရပါလို၏" ဟူ၍ ဆုတောင်းလေ၏။ နောက် သူသည် ရေချိုးရန် ဂင်္ဂါမြစ်သို့သွား၍ ရေလှိုင်းများကို မြင်လေသော် "ငါသည် ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်မရမီ ဘဝသံသရာ ဖြစ်လေရာရာဘဝ၌ ဤလှိုင်းတံပိုးများကဲ့သို့ မကုန်မခန်း ကြီးမားလှသည့် ဉာဏ်ပညာနှင့် ပြည့်စုံ ရပါလို၏" ဟူ၍ ဆုတောင်းပြန်လေ၏။

ထိုသာမဏေကို ရိုက်နှက်သော ရဟန်းလည်း ရေချိုးရန် ဂင်္ဂါဖြစ်သို့ သွားရာတွင် ထိုသာမဏေ၏ ဆုတောင်းသံကို ကြားရသော် "ငါသည် ဤသာမဏေကို တိုက်တွန်းနှိုးဆော်ရသည့် ကောင်းမှုကြောင့် နိဗ္ဗာန်မရောက်မီ ဘဝသံသရာ၊ ဖြစ်လေရာရာဘဝ၌ ဤ ဂင်္ဂါလှိုင်းတံပိုးကဲ့သို့ မကုန်မခန်း ကြီးမားလှသည့် ဉာဏ်ပညာနှင့် ပြည့်စုံ၍ ဤသာမဏေ မေးတိုင်းသော ပြဿနာအလုံးစုံကို ဖြေဆိုနိုင်သည့် ထိုးထွင်းသိမြင်သော ဉာဏ်ပညာနှင့် ပြည့်စုံရပါလို၏" ဟူ၍ ထပ်ဆင့် ဆုတောင်းလေ၏။

ထိုနောက် ဂေါတမဘုရားရှင်လက်ထက် ရောက်လေသော ဘုရားရှင်သည် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် (ဘီစီ ၃ ရာစုခေတ်၊ အသောက မင်းကြီးလက်ထက် တတိယ သင်္ဂါယနာ တင်ပွဲကို ဦးစီး နာယကပြုသူ) ကို ဗျာဒိတ်စကား မိန့်ကြားသကဲ့သို့ပင် ထိုရဟန်း သာမဏေနှစ်ပါးတို့နှင့် ပတ်သက်၍လည်း "ဤသူ နှစ်ဦးတို့သည် ငါဘုရား ပရိနိဗ္ဗာန် စံပြီးနောက် နှစ်ပေါင်းငါးရာ ရှိလေသော် (ဘီစီ ၁-ရာစုခန့်) အလွန်ထင်ရှားသူများဖြစ်ပြီး ငါဘုရား ဟောဘော်မူခဲ့သော သိမ်မွေ့နက်နဲခက်ခဲသည့် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်များကို အမေးအဖြေပြုကာ ဥပမာ ပုံဆောင်ခြင်းတို့ဖြင့် ရှင်းလင်းဝေဖန်ကြလိမ့်မည်" ဟူ၍ ဗျာဒိဟ်ကြားတော်မူခဲ့ပေသည်။

## မိလိန္ဒ မင်းကြီး

ထိုသူနှစ်ဦးတို့တွင် သာမဏေသည် (ဘီစီ ၁ ရာစုခန့်တွင်) ဇမ္ဗူဒီပါကျွန်း 'ယောနက'တိုင်း 'သာဂလ' မည်သော မြို့တော်၌ 'မိလိန္ဒ' အမည်ရှိ ဘုန်းတန်ခိုးကြီးမားသော မင်းဖြစ်လေ၏။ မိလိန္ဒမင်းကြီးသည် အဋ္ဌာရသ-တဆယ့်ရှစ်ရပ်သော လောကီအတတ်များကို ပါရဂူမြောက် တတ်ကျွမ်းသည် သာမက ဘုရားရှင်ဟောကြားဘော်မူခဲ့သည့် ပိဋကတ်သုံးပုံကိုလည်း အထူး တတ်ကျွမ်းလေ၏။ ထို့ကြောင့် ဇမ္ဗူဒီပါကျွန်း၌ မိလိန္ဒမင်းကြီးနှင့်တူသော ရဲစွမ်းသတ္တိ ဉာဏ်ပညာ စွမ်းအင်နှင့် ပြည့်စုံသူ မရှိပေ။

တနေ့သ၌ မိလိန္ဒမင်းကြီးသည် မြို့တော်မှထွက်ကာ စုရုံးထားသည့် မိမိ၏ စစ်သည် ဗိုလ်ပါထုကို ကြည့်ရှု၍ အကျိုးရှိသောစကားများ ပြောကြားပြီးသော် အမတ်တို့ကိုခေါ်၍ "အချင်းတို့၊ မြို့တော်သို့ ပြန်ဝင်ရန် စောသေး၏။ ငါသည် တရားဘော်နှင့်ပတ်သက်၍ ငါ၏ ယုံမှားသံသယများကို ပယ်ဖျောက်ပေးနိုင်သော ပညာရှိ ရဟန်းပုဏ္ဏားတို့ထံသို့ ချဉ်းကပ်၍ အမေးပုစ္ဆာ ပြဿနာများကို မေးမြန်းဆွေးနွေးလို၏။ ငါ၏တိုင်းပြည်တွင် ထိုကဲ့သို့သော ပညာရှိမျိုး မရှိသလော"ဟု မေးလေ၏ ။

ထိုအခါ ယောနကတိုင်းသား အမတ်များက "အရှင်မင်းကြီး၊ ပူရဏ ကဿပ, မက္ခလိဂေါသာလ, နိဂဏ္ဌ နာဋပုတ္တ, သဉ္စယ ဗေလဋ္ဌိပုတ္တ, အဇိတကေသ ကမ္ဗလ, ပကုဓ ကစ္စာယန ဟူသော ဂိုဏ်းဆရာကြီး ၆ ဦးတို့သည် ဉာဏ်ပညာကြီးမား ထင်ရှားကျော်ကြား အခြွေအရံ များပြားလှကုန်၏။ ထိုဆရာကြီးများထံသို့ ချဉ်းကပ်ပြီး အမေးပုစ္ဆာပြဿနာတို့ကို မေးမြန်း၍ အရှင်မင်းကြီး၏ ယုံမှား သံသယများကို ပယ်ဖျောက်ပါလော့"ဟူ၍ လျှောက်ထားကြလေသည်။

[အမှန်အားဖြင့် ယင်း ဂိုဏ်းဆရာကြီး ခြောက်ဦးတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ငါးရာခန့် ဗုဒ္ဓလက်ထက်က ပေါ်ထွန်းခဲ့သည့် ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ယင်းဂိုဏ်း ဆရာကြီးတို့သည် မိလိန္ဒမင်းကြီး လက်ထက်၌ မရှိတော့ပြီ။ တချို့သည် ဗုဒ္ဓလက်ထက်တော်၌ပင် ကွယ်လွန်ခဲ့ကြလေပြီ။ မိလိန္ဒမင်းကြီး လက်ထက်၌မူ ယင်းဂိုဏ်းဆရာကြီး ခြောက်ဦး၏ တပည့်စဉ်ဆက် ဂိုဏ်းဝင်များသာ ရှိတော့ပြီ။ ယင်းဂိုဏ်းဝင် ပုဂ္ဂိုလ်များကို အဆိုပါ ဆရာကြီး ခြောက်ဦး အသီးသီး၏ အမည်နာမဖြင့်ပင် ခေါ်ဝေါ်သမုတ်ထားခြင်းဖြစ်ပေ၏။]

ထိုအခါ မိလိန္ဒမင်းကြီးသည် ငါးရာသော 'ယောနက' အမျိုးသား အမတ်များ ခြံရံလျက် ရထားစီး၍ ပူရဏကဿပထံသို့ ရှေးဦးစွာသွား၍ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးနောက်

"အရှင်ပူရဏကဿပ၊ လောက လူအပေါင်းကို အဘယ်သူ (ဝါ) အဘယ်တရားသည် စောင့်ရှောက် လေသနည်း"ဟု မေး၏။

ပူရဏကဿပက-

"မင်းကြီး၊ ဤမြေကြီးသည် လောက လူ အပေါင်းကို စောင့်ရှောက်၏" ဟု
မြေကြားသော် မင်းကြီးက မနှစ်သက်၍-

"အရှင်ဘုရား၊ မြေကြီးသည် လူအပေါင်းကို စောင့်ရှောက်သည် ဖြစ်အံ့၊ မြေကြီးကို ကျော်လွန်ပြီး ငရဲသို့ ရောက်သွားကြသူတို့အား ချမ်းသာအောင် အဘယ့်ကြောင့် မတားမြစ် မစောင့်ရှောက်လေသနည်း"ဟု

စောဒကတက်လေ၏။ ပူရဏကဿပသည် ပြန်မဖြေနိုင်သဖြင့် မျက်နှာအောက်ချ ခေါင်းငိုက်စိုက် ကျကာ တိတ်ဆိတ်ပင် နေရလေတော့၏။

ထိုနောက် မင်းကြီးသည် "အချင်းတို့၊ လောကကြီးကား အချည်းအနှီး ဖြစ်လေစွတကား"ဟု ညည်းညူပြောဆို၍ မက္ခလိဂေါသာလထံသို့ ဆက်သွားလေ၏။ မင်းကြီးက"အရှင်မက္ခလိဂေါသာလ၊ ကုသိုလ်ကံ အကုသိုလ်ကံတရားတို့သည် လည်းကောင်း၊ ထိုကံတရားတို့၏ အကျိုးများသည် လည်းကောင်း ရှိပါသလော"ဟု မေး ၏။

မက္ခလိဂေါသာလက"အရှင်မင်းကြီး၊ ကုသိုလ်ကံ အကုသိုလ်ကံ တရားတို့သည်လည်းကေင်း၊ ထိုကံတရားတို့၏ အကျိုးတရားများသည် လည်းကောင်း မရှိချေ။ စင်စစ်အားဖြင့် လောကကြီးထဲတွင် ဤဘဝ၌ မင်းဖြစ်သူသည် နောင်ဘဝ၌ မင်းဖြစ်ပြန်၏။ ဤဘဝ၌ ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲမျိုး၌ ဖြစ်သူ အသီးသီးတို့လည်း နောင်ဘဝ၌ ပုဏ္ဏား၊ သူကြွယ်၊ သူဆင်းရဲအသီးသီးတို့ပင် ဖြစ်ကြရလေ၏။ (လူသေလျှင် လူပြန်ဖြစ်၊ ခွေးသေလျှင် ခွေးပြန်ဖြစ် စသည်ဖြင့် သစ်ပင်များကဲ့သို့ အမျိုးဇာတိ အမျိုးဗီဇ အတိုင်း ဘဝအဆက်ဆက်မပြောင်းမလဲ နိယာမအတိုင်းဖြစ်ရသည်ဟုဆိုလို၏။ )

ထိုအခါ မိလိန္ဒမင်းကြီးက "အရှင်ဘုရား၊ ဤဘဝ၌ မင်း၊ ပုဏ္ဏား၊သူကြွယ် သူဆင်းရဲ ဖြစ်သူသည် နောင်ဘဝ၌လည်း သူဖြစ်နေကျ ဘဝမျိုး၌သာ ဖြစ်ငြားအံ့၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် အချည်းနှီးတည်း။ ဤဘဝ၌ ခြေကျိုး၊ လက်ပြတ်၊ မျက်စိကန်းသူတို့သည် နောင်ဘဝ၌လည်း ခြေကျိုး၊ လက်ပြတ်၊ မျက်စိကန်းပင် ပြန်ဖြစ်ကြမည်လော" ဟု စောဒက တက်လေသော် မက္ခလိ ဂေါသာလသည် ပြန်မဖြေနိုင်ဘဲ ဆိတ်ဆိတ်ပင် နေရလေတော့၏။

ထိုတွင် မင်းကြီးသည် "အချင်းတို့၊ ဤဇမ္ဗူဒိပ်ကျွန်းကြီးသည် အချည်းနှီးဖြစ်လေစွ၊ ငါနှင့် တုပြိုင်၍ စကားဆိုနိုင်သူ၊ ငါ၏ ယုံမှား သံသယများကို ပယ်ဖျောက်ပေးနိုင်သူ မရှိလေပြီ တကား"ဟူ၍ ညည်းညူ ပြောဆိုလေ၏။ ယောနကအမျိုးသား အမတ်တို့လည်း မျက်နှာမသာမယာ စကားမပြောဘဲ နေကြလေ၏၊ ထိုအခါမှစ၍ မင်းကြီးသည် မိမိ၏ သံသယများကို ပယ်ဖျောက်ရန် ထင်ရှားကျော်ကြားကုန်သော ရဟန်း၊ ပုဏ္ဏားတို့ထံသို့ ချဉ်းကပ်၍ မေးမြန်းပါသော်လည်း ကျေနပ်မှုကို မရရှိခဲ့ပေ။ ရဟန်း၊

ပုဏ္ဏားတို့လည်း မိလိန္ဒမင်းကြီး၏ အမေးပုစ္ဆာ ပြဿနာများကို မဖြေနိုင် ကြသဖြင့် အရပ်တပါးသို့ ဖဲသွားကြလေကုန်၏။ ရဟန်းသံဃာတော်တို့လည်း ဟိမဝန္တာတောသို့သာ သွားကြလေ၏။ သာဂလပြည်ကြီးသည် ပညာရှိ၊ ရဟန်း၊ ပုဏ္ဏားတို့မှ ဆိတ်သုဉ်းသွားလေ၏။

**ရှင်နာဂသိန်လောင်း နတ်သား**

ထိုအခါ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ဟိမဝန္တာတောင်ဝယ် 'ရက္ခိတ' မည်သောနေရာ၌ စုဝေး သီတင်းသုံးကြလေ၏။ ထိုအရပ်၌ သီတင်းသုံးနေသော 'အဿဂုတ္တ' အမည်ရှိ ရဟန္တာမထေရ်သည် ဒိဗ္ဗသောတ(နတ်နား) အဘိညာဉ်ဖြင့် မိလိန္ဒမင်းကြီး၏ ကြုံးဝါးသံကို ကြားသဖြင့် ယုဂန္ဓိုရ်တောင်ထိပ်၌ ရဟန်းသံဃာအပေါင်းကို စုဝေးစေပြီး "မိလိန္ဒမင်းကြီးနှင့် ယှဉ်ပြိုင်၍ စကားပြောဟောနိုင်သည့် ရဟန်း တစ်ပါးပါး ရှိသလော"ဟု သုံးကြိမ်တိတိမေးရာ ရဟန်းအားလုံးပင် ဆိတ်ဆိတ်နေကြလေ၏။

ထိုအခါ မထေရ်က "ငါ့ရှင်တို့၊ တာဝတိံသာ နတ်ပြည်ရှိ ကေတုမတီ မည်သော ဗိမာန်၌ နေထိုင်သော မဟာသေနအမည်ရှိ နတ်သားသည် မိလိန္ဒမင်းကြီးနှင့် ယှဉ်ပြိုင်၍ စကားပြောဟောနိုင်စွမ်း ရှိပေ၏"ဟု မိန့်တော်မူပြီး ရဟန္တာမထေများနှင့်တကွ တာဝတိံသာ နတ်ပြည် သိကြားမင်းထံသို့ သွား၍ လာခြင်း၏ အကြောင်းရင်းကို ရှင်းလင်း မိန့်ကြားလေ၏၊ ထိုအခါ သိကြားမင်းသည် ရဟန်းတော်များကို ရှေ့သွားပြုလျက် ထို 'မဟာသေန'နတ်သားထံသို့ သွားလေ၏။

ရှေးဦးစွာ သိကြားမင်းသည် မဟာသေန နတ်သားကို လည်ပင်းဖက်၍"အချင်းနတ်သား၊ ရဟန်းသံဃာအပေါင်းသည် သင်နတ်သားကို လူ့ပြည်၌ ပဋိသန္ဓေနေရန် တောင်းပန်ကြပါ၏"ဟု ဆိုသော် မဟာသေန နတ်သားက"အရှင်ဘုရားတို့၊ လူ့ပြည်ကြီးသည် လောဘ၊ တဏှာ၊ ကိလေသာတို့ဖြင့် ထူပြောကြပါ၏။ လူ့ပြည်ကြီးကို အလိုမရှိပါ။ တပည့်တော်သည် ဤနတ်ပြည်မှပင် အထက်နတ်ပြည်၌ ဖြစ်ရန် အလိုရှိပါ၏"ဟု ပြန်ကြားလေ၏။ သိကြားမင်းက သုံးကြိမ်တောင်းပန်သော်လည်း မရပေ။

ထိုအခါ အဿဂုတ္တမထေရ်က အချင်း မဟာသေန၊ ဤလောက၌ သင် တစ်ဦးတည်းသာ မိလိန္ဒမင်းကြီး၏ အယူဝါဒကို ဖျက်ဆီး၍ သာသနာဘောင်ကို ချီးမြှောက်နိုင်ပါမည်။ သင်သည် လူ့ပြည်၌ ဖြစ်၍ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ သာသနာတော်ကို ချီးမြှောက်ပါရန် ရဟန်းသံဃာ အပေါင်းက တောင်းပန်ကြပါ၏"ဟူ၍ မိန့်ကြားလေ၏၊ ထိုအခါ မဟာသေနနတ်သားသည် "ငါသည် မိလိန္ဒမင်းကြီး၊ အယူဝါဒကို ဖျက်ဆီး၍ သာသနာတော်ကို ချီးမြှောက်နိုင်သူ ဖြစ်ပေလတ္တံ့"ဟု နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကာ လူ့ပြည်၌ ပဋိသန္ဓေနေရန် ဝန်ခံစကား လျှောက်ကြားလေ၏။

ရဟန္တာမထေရ်တို့လည်း ကိစ္စပြီးမြောက်၍ ဟိမဝန္တာတောင် 'ရက္ခိတ'ရင်ပြင်သို့ ပြန်ကြွလာကုန်၏။ ထိုအခါ အဿဂုတ္တမထေရ်သည် ထိုသံဃာ့အစည်းအဝေးကြီးသို့ မတက်ရောက်သောရဟန်း ရှိ,မရှိမေးမြန်း၍ ဟိမဝန္တာ တောင်ခေါင်းထဲ၌ နိရောဓသမာပတ် ဝင်စားနေသည့် ရောဟဏမထေရ် မတက်ရောက်ကြောင်း ကြားသိလျှင် ရဟန်းတပါးကိုစေလွှတ်၍ ထိုမထေရ်ကို ခေါ်ခိုင်းလေ၏။ ရောဟဏမထေရ်သည် ချက်ချင်းပင် တန်ခိုးဖြင့် ရောက်လာသော် - အဿဂုတ္တမထေရ်က "ငါ့ရှင်၊ သင်သည် သာသနာတော်အတွက် ကြောင့်ကြစိုက်သည့် အစည်းအဝေးကြီးသို့ မတက်ရောက်သဖြင့် သင့်အား ဒဏ်ပေးအံ့။ ဟိမဝန္တာတောင်အနီး ဂဇင်္ဂလ မည်သော ပုဏ္ဏားရွာနေ 'သောဏုတ္တရ' မည်သော ပုဏ္ဏားအိမ်၌ နာဂသေနမည်သော သူငယ် ဖြစ်လာလတ္တံ့။ သင်သည် ထိုသူငယ် ပဋိသန္ဓေနေသည် မှစ၍ ၇ နှစ် ၁၀ လတိုင်အောင် ထိုပုဏ္ဏားအိမ်သို့ ဆွမ်းခံကြွ၍ နာဂသေန သူငယ်ကို ရှင်ပြုပေးသည်အထိ လုပ်ဆောင်ရမည်"ဟူ၍ အမိန့်ချလေ၏။ ရောဟဏမထေရ်လည်း "ကောင်းပါပြီဘုရား" ဟူ၍ ထိုအမိန့်ကို နာခံလေ၏။

မဟာသေန နတ်သားလည်း နတ်ပြည်မှ စုတေ၍ ထို "သောဏုတ္တရ ပုဏ္ဏား၏ မယားဝမ်းထဲ၌ ပဋိသန္ဓေကို ယူလေ၏။ ထိုခဏ၌ပင် လက်နက်များတပြောင်ပြောင် တောက်ခြင်း၊ အခါမဲ့ မိုးကြီး ရွာသွန်းခြင်း ဖြစ်လေ၏။ ရောဟဏမထေရ်လည်း ထိုအခါမှစ၍ ထိုပုဏ္ဏားအိမ်သို့ ၇-နှစ်, ၁၀-လ တိုင် နေ့စဉ် ဆွမ်းခံကြွလေရာ တစ်နေ့မျှလည်း တစ်ဇွန်းမျှလောက်သော ဆွမ်းယာဂုလည်းမရ။ ရှိခိုး အရိုအသေ ပြုခြင်း၊ 'ကန်တော့ပါ၏'"ဟူသော စကားကိုမျှ မရဘဲ ဆဲဆိုခြင်းကိုသာ ရခဲ့ပေသည်။

တနေ့သ၌ မထေရ်သည် ပုဏ္ဏေးမထံမှ "ကန်တော့ပါ၏" ဟူသောစကားကို ရခဲ့၏။ ထိုနေ့တွင် အပြင်၌ အလုပ်လုပ်ရာအရပ်မှ ပြန်လာသည့် 'သောဏုတ္တရ' ပုဏ္ဏားသည် လမ်း၌ ရောဟဏမထေရ်နှင့် တွေ့၍ "ငါတို့အိမ်မှ တစုံတခုကို ရခဲ့သလော" ဟု မေးသော် မထေရ်က "ရခဲ့၏"ဟု ဆိုလေ၏။ ပုဏ္ဏားသည် အိမ်ရောက်၍ မယားကို "ရဟန်းအား တစုံတခုကို ပေးကမ်းလိုက်သလော"ဟု မေး၏။ မယားက တစုံတခုကိုမျှ မပေးလိုက်ပါ မပေးလို၍ "ကန်တော့ပါ၏"ဟု ဆိုလိုက်ပါ၏" ဟူ၍ ပြောပြလေ၏။

နောက်တနေ့ မထေရ်ကြွလာသော် ပုဏ္ဏားသည် တံခါးဝ၌ ရပ်လျက် "မနေ့က သင်ရဟန်းသည် ငါ့အိမ်မှ တစုံတရာကိုမျှ မရပဲလျက် 'ရ၏'ဟု လိမ်ပြော၏" ဟူ၍ မုသာဝါဒဖြင့်စွပ်စွဲပြောလေ၏။ မထေရ်က "ပုဏ္ဏား၊ ငါသည် သင့်အိမ်သို့ ၁၀-လတိုင် ဆွမ်းခံလာရာ "ကန်တော့ဆွမ်းပါ" ဟူသော စကားတစ်ခွန်းကိုမျှပင် မရခဲ့ပါ။ မနေ့ကမူ ကန်တော့ပါ၏" ဟူသောစကားကို ထူးထူးခြားခြား ရခဲ့၍ "ရခဲ့၏"ဟု ငါဆိုခြင်းဖြစ်သည်"ဟူ၍ မိန့်ကြားလေ၏။ ထိုအခါ ပုဏ္ဏားသည် "ဤရဟန်းကား စကား တစ်ခွန်းရသည်ကိုပင် ချီးမွမ်းဘိ၏။တစုံတရာကို ရမူကား ပို၍ပင် ချီးမွမ်း ပေလတ္တံ့"ဟု အံ့သြဝမ်းသာ

ဖြစ်လျက် “ရဟန်း၊ ငါသည် သင့်အား နေ့စဉ်ဆွမ်းကို ပေးကမ်းပါအံ့”ဟု ဖိတ်ကြားလေ၏။ မထေရ်လည်း ထိုပုဏ္ဏားအိမ်၌ နေ့စဉ်ဆွမ်းဘုဉ်းပေးပြီး တရားစကား အနည်းငယ် အနည်းငယ်ကို ပြောဟော၍ ပြန်ကြွ၏။

## နာဂသိန်သူငယ်

ပုဏ္ဏေးမသည် ကိုယ်ဝန်ဆယ်လပြည့်၍ သားကိုဖွားသော် “နာဂသေန’ (နာဂသိန်)ဟု အမည်ပေးလေ၏။ သူငယ်သည် ၇ နှစ်အရွယ်ရောက်သော် သူ့အား ဖခင်က ပုဏ္ဏားတို့ အတတ်ဖြစ်သည့် “ဝေဒစာပေ” ကျန်းဂန်များကို ပြာသာဒ်အတွင်းရှိ အခန်းတခုထဲ၌ ဆရာတဦးထံတွင် အသပြာ တစ်ထောင်ပေး၍ သင်ကြားစေလေ၏။ နာဂသိန်သည် ဉာဏ်ပညာပါရမီထူးချွန်ရကား ဆရာက တစ်ခေါက်မျှ သင်ကြားပို့ ချပေးရုံဖြင့် ဝေဒစာပေကျမ်းဂန်အားလုံးကို တတ်သိ မှတ်မိ နားလည်သွားလေ၏။

ထိုအခါ နာဂသိန်သည် ဖခင်အား “ဤပုဏ္ဏားမျိုး၌ ဤဝေဒခေါ် ဗေဒင်အတတ် ပညာထက် ပိုလွန်သော အတတ်ပညာ ရှိသေးသလော”ဟု မေးသော် ဖခင်က “ချစ်သား၊ ဗေဒင်အတတ်ပညာထက် ပိုလွန်သော အတတ်ပညာ မရှိတော့ပေ”ဟု ဆိုလေ၏။ နာဂသိန်လည်း ဆရာအား လက်ဆောင်ကို ပေး၍ ပြန်လွှတ်လိုက်ပြီး ပြာသာဒ်မှ ဆင်းလာလေ၏။ သူသည် ရှေးပညာ ပါရမီနှင့် ပြည့်စုံသူဖြစ်ရကား ဆိတ်ငြိမ်ရာအရပ်၌ထိုင်လျက် မိမိအတတ်ပညာ၏ အစအလယ်အဆုံးသို့ ကြည့်ရှုသင်မြင်သုံးသပ်၍ အနှစ်သာရ အနည်းငယ်မျှကို မတွေ့မမြင်ရသဖြင့် “ဤဗေဒင်ပညာတို့ကား အနှစ်မရှိ၊ အချည်းနှီးပါတကား’ ဟု နှလုံးမသာဖြစ်လေ၏။

ထိုအခါ ရောဟဏမထေရ်သည် နာဂသိန်၏ စိတ်အကြံကို စေတောပရိယ အဘိညာဉ်ဖြင့် သိ၍ ချက်ချင်းပင် တန်ခိုးဖြင့် ထိုအိမ်သို့ ကြွရောက်လေ၏။ နာဂသိန်လည်း တံခါးဝ၌ မထေရ်ကိုမြင်သော် “ဤရဟန်းသည် အနှစ်သာရ ရှိသောစကားကို သိပေရာ၏”ဟု နှစ်သက် ဝမ်းမြောက်သဖြင့် ချဉ်းကပ်၍ မထေရ်နှင့် အပြန်အလှန် စကားပြောလေ၏။

“အို အရှင်၊ သင်သည် အဘယ်အမျိုးအနွယ်ပါနည်း”

“နာဂသိန်- ငါသည် ရဟန်းအမျိုးအနွယ် ဖြစ်၏”

“အို အရှင်၊ သင်သည် အဘယ့်ကြောင့် ရဟန်းပြုလေသနည်း”

“ငါသည် အကုသိုလ်တို့ကို နှင်ထုတ်ပယ်ဖျောက်ရန် ရဟန်းပြု၏”

“အိုအရှင်၊ သင်၏ဦးခေါင်း၌ အခြားသူများကဲ့သို့ အဘယ့်ကြောင့် ဆံပင်များကို မထားလေသနည်း”

ရဟန်း- “နာဂသိန်၊ ဆံပင်များ၊ မုတ်ဆိတ်များ အတွက် ထုံးဖွဲ့ခြင်း၊ ဆေးလျှော်ခြင်း၊ ဆီလိမ်းခြင်း၊ နံ့ သာထည့်ပေးခြင်း၊ ဆတ္တာသည်ဖြင့် ရိတ်ပယ်ပြင်ဆင်ရခြင်း စသည့်ကိစ္စများစွာကို ပြုလုပ်ရသဖြင့် လူတို့မှာ စိတ်အနှောင့်အယှက်မိုက်မဲ တွေဝေခြင်းသို့ ရောက်ရပြီး အတတ်ပညာတို့ ပျက်စီးကုန်၏”

“အိုအရှင်၊ သင်သည် အဘယ့်ကြောင့် ဖန်ရည်စွန်းသော အဝတ်ကို ဝတ် လေသနည်း”

“နာဂသိန်၊ လူတို့၏အဝတ်ပုဆိုးများသည် ကာမရာဂ ကိလေသာကိုမှီ၍ ဖြစ်ကြသည့်ပြင် လူဥစ္စာ ဘဏ္ဍာများဖြစ်၍လည်း ဘေးအန္တရာယ် များလှ၏။ ဤသို့ အတွင်း အပြင် ဘေးရန်များ ရှိကုန်၏။ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သူမှာ ထိုကဲ့သို့သော ဘေးရန်များ မရှိပေ”

“အိုအရှင်၊ သင်သည် အတတ်ပညာတို့ကို တတ်သိပါသလော”

“နာဂသိန်၊ ငါသည် လောက၌ ရှိသမျှသော လောကီ အတတ်ပညာကို လည်း တတ်သိ၏။ လောကထက် မြတ်သော လောကုတ္တရာ အတတ်ပညာ ကိုလည်း တတ်သိ၏”

“အိုအရှင်၊ ကျွန်ုပ်အား ထိုမြတ်သော အတတ်ပညာကို သင်ပေးနိုင်ပါ မည်လော”

“နဂသိန်၊ ငါတတ်နိုင်ပေ၏”

“အိုအရှင်၊ ထိုသို့ဖြစ်လျှင် ကျွန်ုပ်အား သင်ပေးပါလော့”

“နာဂသိန်၊ အခါမဟုတ်သေး”ဟု ဤစကားကိုဆို၍ အိမ်ထဲဝင်လေ၏။

နာဂသိန်သည် မထေရ်အား ဆွမ်းဖြင့် လုပ်ကျွေး၏။ ပြီးသော်- “နာဂသိန်၊ သင်သည် ကြောင့်ကြခြင်းကင်း၍ မိဘတို့၏ ခွင့်ပြုချက်ဖြင့် ငါကဲ့သို့ ရဟန်းအသွင် သင်္ကန်းဝတ်လေက အတတ်ပညာကို ငါပေးအံ့”

ထိုအခါ နာဂသိန်သည် မိဘတို့ကိုကပ်၍ “ဤရဟန်းသည် ရဟန်းမပြုသူအား သူ၏ မြတ်သောအတတ်ပညာကို မပေးချေ၊ ကျွန်ုပ်သည် ဤရဟန်းထံ၌ ရဟန်းပြု၍ ထိုအတတ်မြတ်ကို သင်ယူလိုပါ၏”ဟု တောင်းခံလေ၏။

## ရှင်နာဂသိန် ရဟန်းဖြစ်ပြီ

မိဘတို့လည်း“ငါတို့သားသည် အတတ်ပညာသင်ပြီးလျှင် အိမ်ပြန်လာလတ္တံ့ဟု အောက်မေ့၍ ရှင်ရဟန်းပြုခွင့် ပေးလေ၏။ မထေရ်လည်း နာဂသိန်ကို ဝတ္တနိယကျောင်းတိုက် အတွင်းရှိ ဝိဇမ္ဘုဝတ္ထု ကျောင်း၌ တညအိပ်ပြီး ဟိမဝန္တာတောရှိ “ရက္ခိတ” ရင်ပြင်သို့ ဆက်ကြွ၍ ရဟန္တာများစွာတို့၏ အလယ်၌ နာဂသိန်အား ရှင်ပြုစေလေ၏။ ထိုအခါ ရောဟဏမထေရ်သည် ဉာဏ်ပညာနှင့် ပြည့်စုံသော ရှင်နာဂသိန်အား ပိဋကသုံးပုံအနက် အဘိဓမ္မာပိဋက ၇ ကျမ်းကို ရှေးဦးစွာ အကျဉ်းအားဖြင့် သင်ပေးလေ၏။ ရှင်နာဂသိန်သည် အဘိဓမ္မာ ၇ ကျမ်းကို အကျယ်အားဖြင့် သင်ယူပြီးနောက် ရဟန်းသံဃာ အပေါင်းထံ၌ ချဉ်းကပ်၍ “တပည့်တော်သည် အဘိဓမ္မာပိဋကကို အကျယ် အဋ္ဌကထာနှင့်တကွ ဆုံးဖြတ်ပါမည်”ဟု ဆိုသော် မထေရ်တို့က “ကောင်းပြီ၊ အကျယ်အားဖြင့် ဆုံးဖြတ်လော့”ဟု ခွင့်ပေးကြလေ၏။ အရှင်နာဂသိန်သည် ၇ လ တိုင်တိုင် အဘိဓမ္မာပိဋကကို အကျယ်အားဖြင့် ဆုံးဖြတ်လေ၏။

နောက် ရှင်နာဂသိန် အသက် ၂၀ ပြည့်သော် သူ့အား ရဟန္တာမထေရ်တို့က ရဟန်းအဖြစ် ပဥ္စင်းခံပေးကြလေ၏၊ ရဟန်းဖြစ်ပြီး နောက်တစ်နေ့တွင် ရှင်နာဂသိန်သည် ရောဟဏ မထေရ်နှင့်အတူ ရွာသို့ ဆွမ်းခံသွားလေသော် “ငါ၏ ဥပဇ္ဈာယ်ဆရာသည် ချည်းနှီး မိုက်မဲဘိ၏။ ငါ့အား အဘိဓမ္မာ ပိဋကကိုသာ သင်ပေး၏၊ ဘုရားရှင် ဟောတော်မူခဲ့သော တရားတော်ကို ခြွင်းချန်ထား၏”ဟု ပြစ်မှား ကြံစည်၏။ မထေရ်သည် သူ၏ စိတ်အကြံကို သိ၍ “နာဂသိန်၊ သင်သည် မလျော်သောအကြံကို ကြံဘိ၏”ဟု ဆိုလေ၏။ နာဂသိန်လည်း “အို - အံ့ဖွယ်ရှိပေစွ၊ ငါ၏ဆရာသည် ပညာရှိပေစွ”ဟု ကြံစည်၍ “အရှင်ဘုရား၊ သည်းခံတော်မူပါ၊ တပည့်တော်ကန်တော့ပါ၏။ နောက်ထပ် ဤသို့မကြံဝံ့ ပါပြီ”ဟု တောင်းပန်လေ၏။

ထိုအခါ မထေရ်က“နာဂသိန်၊ ဤမျှဖြင့် ငါ သည်းမခံနိုင်သေး။ သာဂလပြည်ရှိ မိလိန္ဒမင်းကြီး သည် မိမိ၏ အယူဝါဒဖြင့် အမေးပုစ္ဆာ ပြဿနာကို မေး၍ ရဟန်းသံဃာတို့ကို ညှဉ်းဆဲဘိ၏။ သင်သည် ထိုသာဂလပြည်သို့ သွား၍ ထိုမိလိန္ဒမင်းကြီးကို ဆုံးမပြီး ဘုရားသာသနာတော်ကို ယုံကြည်သက်ဝင် ကြည်ညိုစေအောင် လုပ်မှသာလျှင် သင် ကန်တော့သည်ကို ငါ သည်းခံနိုင်မည်”ဟု ဆိုလေ၏။ ထိုအခါ ရှင်နာဂသိန်က “တပည့်တော် လုပ်ဆောင်ပါမည်၊ ဝါတွင်းသုံးလပတ်လုံး အဘယ်ဆရာမြတ်ထံ၌ နည်းနာ ခံရပါဦးမည်နည်း”ဟု လျှောက်သဖြင့် မထေရ်သည် ရှင်နာဂသိန်ကို ‘ဝတ္တနိယ’ ကျောင်းတိုက်၌ သီတင်းသုံးနေသည့် “အဿဂုတ္တ” မထေရ်ထံသို့ နည်းနာခံရန် စေလွှတ်လေ၏။

ရှင်နာဂသိန်လည်း မထေရ်ကို ရှိခိုးပြီး အဿဂုတ္တမထေရ်ထံ သွား၍ ရှိခိုးလျက် ရောဟဏ မထေရ်က စေလွှတ်လိုက်သည့် အကြောင်းကို အလုံးစုံလျှောက်ကြားလေ၏။ မထေရ်က သူ့အား

“ကောင်းပြီ၊ သပိတ် သက်န်းကို သိမ်းဆည်းတော့”ဟု ဆိုလေ၏။ ရှင်နာဂသိန်သည် မထေရ်မြတ်အား ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ကို လုပ်ကျွေးလေ၏။ ဝါကျွတ်သော် အဿဂုတ္တမထေရ်အား အနှစ် သုံးဆယ်တိုင် လုပ်ကျွေးမွေးပြုသော ဒါယိကာမကြီးသည် ရှင်နာဂသိန်နှင့်အတူ နက်ဖြန်အတွက် အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးရန်ပင့်ဖိတ်လေ၏။ မထေရ်လည်း ရှင်နာဂသိန်နှင့်အတူ ထိုဒါယိကာမကြီး အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးပြီးသော် “ငါ့ရှင် နာဂသိန်၊ ဒါယိကာမကြီးအား တရား အနုမောဒနာ ပြုလော”ဟု ဆို၍ ကျောင်းသို့ ပြန်ကြွလေ၏။

ရှင်နာဂသိန်လည်း ထိုဒါယိကာမကြီး လျှောက်ထား တောင်းပန်သည့် အတိုင်း မဂ်ဖိုလ် နိဗ္ဗာန်နှင့် စပ်ယှဉ်သော ခက်ခဲနက်နဲသည့် တရား အနု မောဒနာကို ပြုလေ၏။ ဒါယိကာမကြီးသည် ထိုနေရာ၌ပင် “အလုံးစုံသော ဖြစ်ခြင်း သဘောတရား ဟူသမျှသည် ချုပ် ပျက်ခြင်း သဘောရှိ၏” ဟူ၍သိမြင်ကာ ကိလေသာ အညစ်အကြေးကင်း၍ သောတာပန် အဖြစ်သို့ရောက်လေ၏ . . ရှင်နာဂသိန်လည်း တရား အနုမောဒနာ ပြုပြီး၍ မိမိဟောကြားခဲ့သည့် တရားကို ဆင်ခြင်လျက် ဝိပဿနာပွားလေသော် ထိုနေရာ ၌ပင် **သောတာပန်** ဖြစ်လေ၏။ အဿဂုတ္တမထေရ်လည်း ကျောင်းမှပင် ထိုသူနှစ်ဦး သောဘာပန် ဖြစ်ကြ သည်ကို သိမြင်၍ “သာဓု၊သာဓု၊ နာဂသေန၊ မြားတစ်စင်းတည်းဖြင့် ကိုယ်ကြီးနှစ်ခုကို ဖောက်ထွင်းလေ ပြီ” ဟူ၍ ကောင်းချီးပေးလေ၏။

ရှင်နာဂသိန်လည်း အနုမောဒနာတရား ဟောကြားပြီးသော် ကျောင်းသို့ပြန်၍ မထေရ်ထံ ချဉ်းကပ်ပြီး ရိုသေစွာထိုင်နေလေ၏။ ထိုအခါ မထေရ်ကနာဂသိန်၊ သင်သည် ဤမှ ယူဇနာတစ်ရာ ဝေးသည့် ပါဋလိပုတ် ပြည်သို့သွား၍ အသောကာရုံ ကျောင်းတိုက်၌ သီတင်းသုံးနေသော ဓမ္မရက္ခိတ မထေရ်ထံ၌ ဘုရားရှင် ဟောတော်မူအပ်သော ပိဋကတ်ကို သင်ယူချေ”ဟု စေလွှတ်လေ၏။ ရှင်နာဂသိန် လည်း ဆရာမထေရ်အား ရှိခိုး၍ ပါဋလိပုတ်ပြည်သို့ ရှေးရှုသွားလေ၏။ သူသည် လမ်းတွင် လှည်းငါးရာ တို့ဖြင့် ပါဋလိပုတ်ပြည်သို့ ပြန်သည့် ပါဋလိပုတ်ပြည်သား သဌေးသား တစ်ဦးနှင့် တွေ့လေ၏။ သဌေး သည် ရှင်နာဂသိန်အား သွားမည့်ခရီးကို မေးမြန်းသိရှိလေသော် “တပည့်တော်သည် ပါဋလိပုတ်ပြည်သို့ သွားပါအံ့၊ တပည့်တော်နှင့်အတူ ချမ်းသာစွာ လိုက်ခဲ့ပါလော့”ဟု ဖိတ်ကြားလေ၏။

ပါဋလိပုတ်သဌေးလည်း လိုက်ပါလာသည့် ရှင်နာဂသိန်အား ကိုယ်တိုင်ပင် ဆွမ်းဖြင့် လုပ်ကျွေး ပြီးသော် “အရှင်ဘုရား၊ အဘယ်အမည် ရှိပါသနည်း၊ ဘုရားရှင်၏ တရားတော်ကို တတ်သိပါ၏လော” ဟု မေးလေ၏။ ရှင်နာဂသိန်က “ငါကား နာဂသိန်မည်၏။ ဘုရားရှင်ဟောကြားအပ်သော တရားတော် တို့တွင် အဘိဓမ္မာပိဋက တစ်ခုကိုသာ တတ်သေး၏”ဟု ဆိုလေ၏။ ထိုအခါ သဌေးက “အရှင်ဘုရား၊ အဘိဓမ္မာတရားကို ဟောပြပါလော့”ဟု တောင်းပန်သဖြင့် ရှင်နာဂသိန်သည် အဘိဓမ္မာဒေသနာကို

ဟောကြားလေ၏။ သဒ္ဓေးလည်း ထိုတရားကို နာရ၍ သောတာပန် ဖြစ်သွားလေ၏။ ပါဋ္ဌလိပုတ်ပြည်သို့ ရောက်သော် သဒ္ဓေးသည် ရှင်နာဂသိန်အား "ဤလမ်းကား အသောကာရုံကျောင်းသို့သွားသည့်လမ်းပါတည်း"ဟု လျှောက်ပြီး အလျား ၁၆ တောင် အနံ ၈ တောင်ရှိ ကမ္ဗလာအဝတ်ကို လှူဒါန်းလေ၏။

## ရှင်နာဂသိန် ရဟန္တာဖြစ်ပြီ

ရှင်နာဂသိန်လည်း အသောကာရုံ ကျောင်းတိုက်သို့ သွားပြီး ဓမ္မရက္ခိတ မထေရ်အား ရိုသေစွာ ရှိခိုး၍ မိမိလာခြင်း၏ အကြောင်းအလုံးစုံကို လျှောက်ကြားလေ၏။ သူသည် မထေရ်ထံ၌ ပါဠိပိဋ္ဋကသုံးပုံကို သုံးလတိုင် သင်ယူပြီးနောက် တဖန် သုံးလပတ်လုံး အဖွင့်အဋ္ဌကထာအားဖြင့် ပိဋ္ဋကတ်တော်ကို ပြန်လည် ဆင်ခြင်သုံးသပ်လေ၏။ ထိုအခါ ဓမ္မရက္ခိတမထေရ်က "နာဂသိန်၊ အခစား နွားကျောင်းသားသည် နွားများကို ကျောင်းရသော်လည်း နွားပိုင်ရှင်ကသာ နွားနို့အရသာကို သုံးဆောင်ခံရလေသကဲ့သို့ ထို့အတူပင် သင်သည် ပိဋ္ဋကသုံးပုံကို တတ်မြောက်ဆောင်နိုင်ပါသော်လည်း လောကုတ္တရာတရားအရသာကို မခံစားရသေးချေ"ဟု မိန့်ကြားလေ၏။

ရှင်နာဂသိန်လည်း သဘောပေါက်၍ ထိုနေ့ညပတ်လုံး တရားအားထုတ်သော် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ထိုအခါ ဟိမဝန္တာ၌ စုဝေးနေထိုင်ကြသော ရဟန္တာမထေရ်တို့သည် (ထိုအကြောင်းကို သိတော်မူ၍) ရှင်နာဂသိန်ထံသို့ တမန်စေလွှတ်ကြလေ၏။ ရှင်နာဂသိန်လည်း ထိုတမန် ရဟန်း၏ စကားကိုကြားလျှင် ချက်ချင်းပင် တန်ခိုးဖြင့် ဟိမဝန္တာရှိ ရဟန္တာ မထေရ်တို့ရှေ့၌ ကိုယ်ထင်ပြလေ၏။

ထိုအခါ ရဟန္တာမထေရ်က "ရှင်နာဂသိန်၊ မိလိန္ဒမင်းကြီးသည် မိမိ၏အယူဝါဒဖြင့် ပြဿနာမေး၍ ရဟန်းသံဃာတို့ကို နှိပ်စက်ညှဉ်းဆဲ နေဘိ၏။ ထိုမင်းကြီးကို သွား၍ ဆုံးမချေလော့"ဟု တိုက်တွန်းကြလေ၏။ ရှင်နာဂသိန်က "အရှင်ဘုရားတို့၊ မိလိန္ဒမင်းကြီးတစ်ဦးကို မဆိုထားဘိ၊ ဇမ္ဗူဒိပ်ရှိ မင်းအပေါင်းတို့လာ၍ တပည့်တော်အား ပြဿနာများ မေးကြပါစေ၊ ပြဿနာအလုံးစုံကို ဖြေဆို ရှင်းလင်းနိုင်ပါ၏။ တပည့်တော်နှင့်အတူ 'သာဂလ' ပြည်သို့ မကြောက်မရွံ့ကြွတော်မူကြပါကုန်" ဟု လျှောက်ထားလေ၏။ မထေရ်တို့လည်း ရှင်နာဂသိန်နှင့်အတူပင် ကြွရောက်ကြပြီး သာဂလမြို့ကြီးကို သင်္ကန်းရောင်ဖြင့် တောက်ပြောင်စေ၍ သင်္ကန်းရနံ့ဖြင့် တမြို့လုံးကို လှိုင်စေလေ၏။

**အာယုပါလမထေရ်**

ထိုအခါ 'အာယုပါလ'မည်သော မထေရ်သည် (သာဂလမြို့) သင်္ချေယျမည်သော ကျောင်းတိုက်၌ သီတင်းသုံးနေ၏။ တစ်ညနေတွင် မိလိန္ဒမင်းကြီးသည် သာယာသော ကောင်းကင်ကို ကြည့်လျက် အမတ်တို့အား "အချင်းတို့၊ ယနေ့ ငါသည် အဘယ်ပညာရှိ ရဟန်းပုဏ္ဏားထံသွား၍ အမေးပုစ္ဆာ ပြဿနာကိုမေးပြီး ငါ၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်အံ့နည်း"ဟု ဆိုလေ၏။ ထိုတွင် ယောနက တိုင်းသား အမတ်တို့သည် 'သင်္ချေယျ' ကျောင်းတိုက်နေ 'အာယုပါလ' မထေရ်၏ ပညာဉာဏ်ကြီးပုံကို မင်းကြီးအား လျှောက်ထားကြပြီး ထိုမထေရ်ထံ သွား၍ မေးလျှောက်ရန် တိုက်တွန်းကြလေ၏။ မင်းကြီးလည်း 'နေမိတ္တက' မည်သော အမတ်ကို ထိုမထေရ်ထံ စေလွှတ်၍ ပြဿနာ မေးခွင့်ကို တောင်းခံလေ၏။

မေးခွင့်ရလေသော် မင်းကြီးသည် ငါးရာသော ယောနက အမျိုးအမတ်ပေါင်းခြံရံလျက် မထေရ်ထံ သွားရောက်၍ "အရှင်ဘုရား၊ အရှင်တို့သည် ဘယ်အကျိုးအတွက် ရဟန်းပြုကြလေသနည်း၊ ရဟန်းပြုခြင်း၏ မြတ်သော အကျိုးကား အဘယ်နည်း" ဟု မေးလျှောက်လေ၏။ အာယုပါလ မထေရ်က "မင်းကြီး၊ တရားတော်ကို ကျင့်ကြံအားထုတ်ရန်၊ ငြိမ်သက်သော အကျင့်ကို ကျင့်ရန်အတွက် ရဟန်းပြုကြကုန်၏။ ရဟန်းပြုခြင်း၏ မြတ်သောအကျိုးကား မဂ်ဖိုလ်တည်း" ဟူ၍ ဖြေကြားလေ၏။

မင်းကြီးသည် ထိုစကားကို မနှစ်သက်၍ "အရှင်ဘုရား၊ လူ့ဘောင်၌ နေလျက်ပင် တရားကို ကျင့်ကြံအားထုတ်၍ ငြိမ်သက်သောအကျင့်ကို ကျင့်၍ မဂ်ဖိုလ်ရသူ တစုံတယောက် ရှိပါ၏လော"ဟု မေးလျှောက်ပြန်၏။ ထိုအခါ မထေရ်က "မင်းကြီး၊ ရှိပေ၏။ ဘုရားရှင် ဓမ္မစကြာတရားတော်ကို ဟောတော်မူစဉ်က ရဟန်း မဟုတ်သော နတ်ပြဟ္မာ မြောက်မြားစွာတို့သည် တရားထူးကို ရရှိခဲ့ကြ၏။ ထိုမှတပါး မဟာသမယသုတ်, မင်္ဂလသုတ်, ရာဟုလောဝါဒသုတ်, စသော တရားများကို ဘုရားရှင် ဟောကြားတော် မူခဲ့စဉ်ကလည်း ရဟန်း မဟုတ်သော နတ်ပြဟ္မာမြောက်မြားစွာတို့သည် တရားထူးကို ရရှိခဲ့ကြပေ၏" ဟု တရားသဘောကို ရိုးဖြောင့်စွာပင် ဖြေကြားလေ၏။

ထိုအခါ မင်းကြီးသည် ထိုစကားရိပ်ကို ဖမ်း၍ "အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့၏ ရဟန်းအဖြစ်သည် အကျိုးမရှိ အချည်းနှီးသာတည်း။ အရှင်တို့သည် ရှေးကပြုခဲ့သည့် မကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ရဟန်းပြုကြရသည်။ အရှင်တို့သည် ရှေးက သူတစ်ပါး ဥစ္စာကို ခိုးယူ လုယက်ခဲ့ခြင်းကြောင့် ဤဘဝ၌ စားချင်တိုင်း မစားရ၊ တစ်ထိုင်တည်း တစ်နပ်တည်းသာ စားသော 'ဧကာသနိက ဓုတင်'ကို ကျင့်ကြံရသည်။ ရှေးက သူတစ်ပါး၏ နေအိမ်ကို ဖျက်ဆီးခဲ့ဖူးသောကြောင့် ဤဘဝ၌ ကျောင်းအိပ်ရာ နေရာမရ၊ လွင်တီးခေါင်၌ နေရသည့် 'အဗ္ဘောကာသိက ဓုတင်' ကို ကျင့်ကြံရသည်။

ရှေးက ခရီးလမ်းဆုံ၌ နေ၍ ခရီးသွားတို့ကို ဖမ်းဆီး ချည်နှောင်ဖူးသောကြောင့် ဤဘဝ၌ ငုတ်တုတ် ထိုင်ကာနေရသော 'နိသဇ္ဇိဓုတင်'ကို ဆောက်တည်နေကြရသည်။ သင်ရဟန်းတို့မှာ ရှေးကပြုခဲ့သော မကောင်းမှုကံကြောင့်သာ ဤသို့ဆင်းရဲစွာနေကြရသည်။ အမှန်စင်စစ် မြတ်သော အကျင့်သီလ မရှိကုန်ရာ"ဟူ၍ ပြစ်တင်စကား ပြောကြားလေ၏။ မထေရ်သည် စကားတစုံတရာကို မပြောတော့ဘဲ ဆိတ်ဆိတ်သာ နေလေတော့၏။

ထိုအခါ မင်းကြီးသည် ရှေးနည်းတူပင်" အချင်းတို့၊ ဇမ္ဗူဒိပ်ကျွန်းသည် အချည်းအနှီးပေတည်း။ ငါနှင့်ယှဉ်ပြိုင်စကားဆို၍ ငါ၏ ယုံမှားသံသယကို ဖယ်ဖျောက်နိုင်သူ တစုံတဦးမျှ မရှိလေတကား'"ဟူ၍ ကြွေးကြော်လေ၏။ ယောနက အမျိုးသား အမတ်တို့သည် ထိုကြွေးကြော်သံကို ကြားကြသော်လည်း ရှေးကကဲ့သို့ နှလုံးမသာမယာ မရှိကြဘဲ ရွှင်ပျတည်ကြည်စွာရှိကြလေ၏။ မင်းကြီးသည် ထိုအမတ်တို့၏ မျက်နှာ အမူအရာ ထူးခြားမှုကို ကြည့်လျက် "အချင်းအမတ်တို့၊ ငါနှင့် ယှဉ်ပြိုင် စကားဆိုနိုင်သူ၊ ငါ၏ ယုံမှားသံသယကို ပယ်ဖျောက်နိုင်သူ ပညာရှိ တစ်ဦးတစ်ယောက်ရှိ သေးသလော"ဟု မေးမြန်းလေ၏။

## မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်တွေ့လေပြီ

ထိုအခါ ရှင်နာဂသိန်လည်း ရွာ၊ နိဂုံး မင်းနေပြည်တော် တို့ကို လှည့်လည်ဒေသစာရီ ကြွချီ၍ လူအပေါင်းအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလာခဲ့ရာ ယခု သာဂလ နေပြည်တော်သို့ ရောက်ရှိကာ "သင်္ချေယျ" ကျောင်းတိုက်တွင်းမှာပင် ရဟန်းအပေါင်း မြောက်မြားစွာ ခြံရံလျက် သီတင်း သုံးနေလေ၏။ ရှင်နာဂသိန်သည် ဒေသစာရီ ကြွချီခဲ့ရာ ခရီးတလျှောက် ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တို့၌ တရားဓမ္မ ဟောကြားတော်မူခဲ့သဖြင့် မထေရ်၏ "ပရိယတ္တိကို သူ မတူအောင် တတ်မြောက်သူ၊ တရား ဓမ္မ ဝါဒရေးရာ၌ ထိုးထွင်းဉာဏ် ထက်မြက်သူ၊ရဲစွမ်းသတ္တိရှိသူ၊ အကျင့်သီလမြတ်နှင့် ပြည့်စုံသူ ရဟန်းသံဃာအပေါင်း၏ ဂိုဏ်းဆရာတစ်ဆူ' အဖြစ် ထင်ရှား ကျော်ကြားလေသည်။

ထိုအခါ "ဒေဝမန္တိယ'အမတ်ကြီးက "အရှင်မင်းကြီး၊ ဤကျောင်းတိုက် အတွင်းမှာပင် ယခု သီတင်းသုံးလျက်ရှိသည့် "နာဂသိန်"မည်သော မထေရ်သည် ပရိယတ္တိကို သူမတူအောင် တတ်မြောက် ၏။ ပညာဉာဏ်ကြီးမား၏။ ထိုးထွင်းဉာဏ် ရှိ၏။ ဆန်းကြယ်သော တရားစကားကို ပြောဟောနိုင်၏။ ရဲရင့်၏။ ထို မထေရ်သည် အရှင်မင်းကြီးနှင့် စကားယှဉ်ပြိုင် ပြောဆိုနိုင်ပြီး အရှင်မင်းကြီး၏ ယုံမှား သံသယကို ပယ်ဖျောက်နိုင်၏"ဟု လျှောက်ထားလေ၏။

မိလိန္ဒမင်းကြီးသည် "နာဂသိန်' ဟူသော စကားကို ကြားလျှင်ပင် ကြောက်ရွံ့ ထိတ်လန့် ကြက်သီးမွေးညင်း ထသွားလေ၏။ သို့သော်လည်း ဒေဝမန္တိယ အမတ်အား "သင်၏ နာဂသိန်သည် ငါနှင့်ယှဉ်ပြိုင်၍ စကား ပြောဟောနိုင်ပါမည်လော"ဟု မေးလိုက်၏။ ဒေဝမန္တိယက " အရှင်မင်းကြီးကို မဆိုထားဘိ၊ နတ်ပေါင်းများစွာ သိကြား၊ ဗြဟ္မာမင်းကြီး တို့နှင့်ပင် ယှဉ်ပြိုင်ပြောဟောနိုင်ပေ၏"ဟု လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက "ထိုသို့ဖြစ်လျှင် သင်သည် မထေရ်ထံသွား၍ ခွင့်ပန် ချေလော့" ဟု စေလွှတ်လိုက်၏။ အမတ်ကြီးလည်း မထေရ်ထံသွား၍ ခွင့်ပန်ပြီး ပြန်လာသော် မိလိန္ဒမင်းကြီးသည် "ယောနက အမျိုးသား အမတ်ငါးရာ ခြံရံလျက် ရထားစီးကာ ပရိဝုဏ်အတွင်း ရှင်နာဂသိန်သို့ ချဉ်းကပ်လေ၏။ ရှင်နာဂသိန်ကား ရဟန်းအပေါင်း မြောက်မြားစွာ ခြံရံလျက် ကျယ်ဝန်းသော တလင်းပြင်၌ သီတင်းသုံးနေလေ၏။

မင်းကြီးသည် ရှင်နာဂသိန်၏ ထိုမျှ များပြားသည့် ရဟန်းပရိသတ်ကို အဝေးမှမြင်လျှင် ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်းထလေ၏။ ရဟန်း ပရိသတ်အနက် တစ်ဝက်သည် ရှင်နာဂသိန်ထက် ဝါကြီး၍ တစ်ဝက်မူ ဝါငယ်လေ၏။ မိလိန္ဒမင်းကြီးသည် ရဟန်းပရိသတ်ကြီးကို ရှေ့တန်းမှစ၍ နောက်ဆုံးအထိ ကြည့်ရှုလေသော် ရဟန်းပရိသတ် အလယ်၌ ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ ရဲရင့်စွာ ထိုင်နေသော ရှင်နာဂသိန်၏ အမူအရာကို မြင်ကာမျှဖြင့် ဤရဟန်းသည် ရှင်နာဂသိန်ဖြစ်၏ " ဟု သူတပါးက မပြောကြားဘဲ သိနိုင်သဖြင့် လွန်စွာ ရွှင်လန်းမြောက်လေ၏။ သို့သော် ရှင်နာဂသိန်ကို မြင်ရ၍ ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်း ထသွားလေ၏။

ထိုနောက် မိလိန္ဒမင်းကြီးသည် ရှင်နာဂသိန်ထံသို့ ချဉ်းကပ်၍ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက် စကားပြောကြားပြီး လျောက်ပတ်သောနေရာ၌ ထိုင်နေလေ၏။ ရှင်နာဂသိန်ကလည်း မင်းကြီးအား ဝမ်းမြောက်စကား ပြောကြား၍ နှစ်သက်စေလေ၏။ ထိုမှ စ၍ မိလိန္ဒမင်းကြီးသည် ( အောက်ပါအတိုင်း) တရားဓမ္မနှင့် ပတ်သက်၍ မြောက်မြားစွာသော ခဲရာခဲဆစ် အမေးပုစ္ဆာ ပြဿနာတို့ကို မေးမြန်း၍ ရှင်နာဂသိန်ကလည်း မင်းကြီး လက်ခံ ဝန်ခံလာသည့် အထိပင် ဥပမာပုံဆောင် သဘာဝယုတ္တိ၊ အာဂမ ယုတ္တိတို့ဖြင့် အကျယ်တဝင့် အဆန်းတကြယ် ဖြေရှင်းတော်မူလေသတည်း။

## ဒုတိယပိုင်း

## မိလိန္ဒပဉှ ကဏ္ဍ

## မဟာဝဂ်

### ၁။ အ မည် ပညတ် ပြဿနာ

မိ။ ။ "အရှင်ဘုရား၏အမည်ကို ဘယ်သို့ ခေါ်ပါသနည်း"

နာ။ ။ "မင်းကြီး၊ ငါ့ကို "နာဂသေန"ဟု သိအပ်၏။ သီတင်းသုံးဘော်တို့က ငါ့ကို "နာဂသေန'ဟု ခေါ် ကြ၏။ မိဘတို့ကမူ ငါ့ကို "နာဂသေန"ဟု လည်းကောင်း၊ "သူရသေန"ဟု လည်းကောင်း၊ "ဝီရသေန"ဟုလည်းကောင်း၊ "သီဟသေန"ဟုလည်းကောင်း အမည်မှည့်ထားကြသည်။ စင်စစ် "နာဂသေန" ဟူသည် အမည် ပညတ်မျှသာတည်း။ ဤ 'နာဂသေန' ဟူသော အမည်၌ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရအပ်ပေ"။

ထိုအခါ မင်းကြီးသည် ယောနက အမျိုးသား အမတ်ငါးရာတို့နှင့် ရဟန်း သံဃာအပေါင်းကို သက်သေ ထားပြီး ရှင်နာဂသိန်အား ဆက်မေးလေ၏။

မိ။ ။ "အရှင်ဘုရား၊ နာဂသေန ဟူသော အမည်၌ ပရမတ္ထအားဖြင့် အကယ်၍ ပုဂ္ဂိုလ်ကို မရနိုင်ပါလျှင် အရှင်တို့အား ဘယ်သူက ဆွမ်း ဆေး စသော ပစ္စည်းလေးပါးကို ပေးလှူကြသနည်း။ ထိုပစ္စည်းတို့ကို ဘယ်သူက သုံးဆောင်သနည်း။ ဘယ်သူက သီလဆောက်တည်၍ ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ် သနည်း။ ဘယ်သူက နိဗ္ဗာန်ကို မျက်မှောက်ပြုသနည်း။ သူ့အသက်သတ်ခြင်း စသည့် မကောင်းမှုတို့ကို ဘယ်သူက ပြုလေသနည်း။ ကုသိုလ် ကောင်းမှုတို့ကို ဘယ်သူက ပြုသနည်း။ ကုသိုလ်, အကုသိုလ်ကံ တို့သည် မရှိနိုင်တော့ပြီ၊ ကံတို့ကို ပြုသူ ပြုစေသူ မရှိနိုင်တော့ပြီ၊ ထိုကံတို့၏ အကျိုးများလည်း မရှိနိုင်တော့ပြီ၊ အရှင်တို့မှာ ဆရာဟူ၍လည်း မရှိနိုင်တော့ပြီ၊ အရှင်ဘုရား၏ အမည်ကို မေးသော် 'ငါ့ကို နာဂသေန'ဟု သီတင်းသုံးဘော်တို့ကခေါ် ကြကြောင်း သင်ပြောဆိုခဲ့၏။ ဤ၌ အဘယ်သည် နာဂသေန မည်သနည်း။ ဆံပင်, မွေးညင်းစသည့် ၃၂ ကောဋ္ဌာသ တခုစီသည် "နာဂသေန" မည်ပါသလော"

နာ။ ။ "မင်းကြီး၊ ဆံပင် မွေးညင်း စသည်လည်း နာဂသေန မဟုတ်ပေ။

မိ။ ။ အရှင်ဘုရား၊ ဒါဖြင့်လျှင် ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဉ် ဟူသော ခန္ဓာငါးပါး တစ်ခုခုသည် နာဂသေန မည်ပါသလော။

နာ။ ။ မင်းကြီး၊ ရုပ်, ဝေဒနာ စသည်လည်း နာဂသေန မဟုတ်ပေ။

မိ။ ။ အရှင်ဘုရား၊ ရုပ်,ဝေဒနာ စသည် ခန္ဓာငါးပါးမှတပါး နာဂသေန မည်သည် ရှိပါသလော။

နာ။ ။ မင်းကြီး၊ ရုပ်, ဝေဒနာ စသည့် ခန္ဓာငါးပါးမှတပါး နာဂသေန မည်သည် မရှိပါ။

မိ။ ။ အရှင်ဘုရား၊ တပည့်တော် မေးတိုင်း မေးတိုင်း ဘယ်ဟာကိုမှ နာဂသေနဟု မသိမမြင်ရပါ။ နာဂသေနဟူသည် ခေါ်ဝေါ်သည့် ဝစီဘေဒအသံမျှသာ ဖြစ်ပါသလော့။

နာ။ ။ မင်းကြီး၊ ဝစီဘေဒ အသံမျှသာလည်း နာဂသေနမဟုတ်ပေ။

မိ။ ။ အရှင်ဘုရား၊ ဤ၌ အဘယ်သည် နာဂသေန ဖြစ်လေသနည်း၊ အရှင်သည် မဟုတ်မမှန်သော စကားကို ပြောဆိုဘိ၏။ နာဂသေနဟူ၍ မရှိပါတကား။

ထိုအခါ ရှင်နာဂသိန်က မင်းကြီးအား ဤသို့ ပြန် မေးလေ၏။

နာ။ ။ မင်းကြီး၊ သင်သည် ဤနေရာသို့ ခြေကျင် လာခဲ့သလော၊ သို့မဟုတ် ယာဉ်ရထားဖြင့် လာခဲ့သလော။

မိ။ ။ အရှင်ဘုရား၊ တပည့်တော် ရထားစီး၍ လာခဲ့ပါ၏

နာ။ ။ မင်းကြီး၊ အကယ်၍ ရထားစီးပြီး သင်လာခဲ့လျှင် ငါ့အား ရထားကို ပြပါလော့၊ လှည်းသန်သည် ရထားလော။

မိ။ ။ အရှင်ဘုရား၊ လှည်းသန်သည် ရထားမဟုတ်ပါ။

နာ။ ။ မင်းကြီး၊ ဒါဖြင့်လျှင် လှည်းဘီးသည် ရထားလော။

မိ။ ။ အရှင်ဘုရား၊ လှည်းဘီးသည် ရထားမဟုတ်ပါ။

နာ။ ။ မင်းကြီး၊ ဒါဖြင့်လျှင် ဝင်ရိုး၊ထမ်းပိုးစသည်သည် ရထားလော။

မိ။ ။ အရှင်ဘုရား၊ ဝင်ရိုး ထမ်းပိုး စသည်လည်း ရထားမဟုတ်ပါ။

နာ။ ။ မင်းကြီး၊ ငါမေးတိုင်းမေးတိုင်း ဘယ်ဟာကိုမျှ ရထားဟု မသိမမြင်ရပေ၊ ရထားဟူသည် ခေါ်ဝေါ်သည့် ဝစီဘေဒ အသံမျှသာဖြစ်သလော။

မိ။ ။ အရှင်ဘုရား၊ ဝစီဘေဒ အသံမျှသာလည်း ရထားမဟုတ်ပါ။

နာ။ ။ မင်းကြီး၊ ဤ၌ ရထားဟူသည် ဘယ်မှာနည်း၊ သင်သည် ဇမ္ဗူဒိပ်တွင် အကြီးဆုံးမင်းဖြစ်ပါလျက် ဘယ်သူ့ကိုကြောက်၍ မုသားစကားကို ပြောဆိုဘိသနည်း။ အိုယောနက အမတ်တို့ နားထောင်ကြလော့၊ ငါသည် ဤသို့ ဤသို့ မေးသည်ကို မင်းကြီးက ဤသို့ဤသို့ ပြောဆို၏။ မင်းကြီးသည် ရထားကို မပြနိုင်ဘိတကား”

ထိုအခါ ယောနက အမတ်တို့သည် ရှင်နာဂသိန်ကို ကောင်းချီးပေးပြီး မင်းကြီးအား “အရှင်မင်းကြီး၊ ယခု သင်မင်းကြီး တတ်နိုင်သမျှ ပြောဆိုပါလော့”ဟု ဆိုကြကုန်၏။ ထိုနောက်မှ-

မိ။ ။အရှင်ဘုရား၊ တပည့်တော် မုသားစကားကို မဆိုပါ၊ ရထားဟူသည် လှည်းသန်၊ လှည်းဘီး၊ ဝင်ရိုး ထမ်းပိုး စသည်တို့ကို အစွဲပြုပြီး ရထားဟူ၍ ဖြစ်ပေါ်လာသည့် အမည်ပညတ်မျှသာ ဖြစ်ပါ၏။

နာ။ ။ မင်းကြီး၊ ကောင်းပြီ၊ သင်သည် ရထားအရကို သိသကဲ့သို့ ထိုအတူပင် နာဂသေနဟူသော အမည်ကိုလည်း သိသင့်၏။ နာဂသေန-ဟူသည်လည်း ဆံပင်, မွေးညင်း စသည့် ၃၂ ကောဋ္ဌာသတို့ကို အစွဲပြု၍လည်းကောင်း၊ ရုပ်၊ ဝေဒနာ စသည့် ခန္ဓာငါးပါးကို အစွဲပြု၍ လည်းကောင်း နာဂသေနဟူသော အမည်ဖြစ်ပေါ် လာ၏။ နာဂသေနဟူသည် အမည် ပညတ်မျှသာ ဖြစ်၏။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် ဤ၌ ပုဂ္ဂိုလ်ကို မရအပ်ဟု ငါဆိုသည်။ ဤအရာနှင့်ပတ်သက်၍ ငါသာ ဤသို့ဆိုသည် မဟုတ်၊ ဘုရား ကိုယ်တိုင်လည်း ဝဇိရာ ဘိက္ခုနီမအား ဤသို့ ဟောကြားတော်မူထားပေ၏။ -

> “အင်္ဂါ ကြီးငယ်၊ အဆောက်အအုံသည် ထင်ရှားရှိလေသော် ရထား ဟူသော အမည် ဝေါဟာရ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့သည် ထင်ရှားရှိကုန်လေသော် သတ္တဝါဟူ၍ အမည်ပညတ် ဝေါဟာရကို သမုတ်ခြင်းဖြစ်လေ၏။”

ထိုအခါ မိလိန္ဒမင်းကြီးသည် ရှင်နာဂသိန် ဖြေဆိုသည့်စကားကို အလွန် နှစ်သက်ဝမ်းမြောက်လှသဖြင့် “အရှင်ဘုရား၊ အံ့ဖွယ်ရှိပေစွ၊ ဆန်းကြယ်သော အမေးကို ဆန်းကြယ်စွာ ဖြေဆိုတော်မူဘိ၏။ အကယ်၍ ဘုရားရှင်သာ သက်တော်ထင်ရှားရှိပါမူ အရှင်ဘုရားကို ကောင်းချီးပေးရာ၏” ဟူ၍ ချီးမွမ်းပြီး ‘သာဓုသာဓု’ဟု ခေါ်လေ၏။

(နာဂသေန စသော သက်ရှိ သတ္တဝါ၊ ရထားစသော သက်မဲ့ ရုပ်ဝတ္ထုတို့၏ အမည်နာမ ဟူသမျှသည် လောကလူတို့ ဝေါဟာရအားဖြင့် ခေါ်ဝေါ်အပ်သော ပညတ် အမည်မျှသာ ဖြစ်၏။ ပရမတ္ထ အနေအားဖြင့်မူ သတ္တဝါဟူသမျှသည် ခန္ဓာငါးပါး အစုအဝေးတစ်ခုမျှသာ ဖြစ်ပြီး သက်မဲ့ရုပ်ဝတ္ထု ဟူသမျှသည် ရူပက္ခန္ဓာဟူသော ရုပ်တရား အစုအဝေးမျှသာ ဖြစ်၏။ ထို့ကြောင့် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် သတ္တဝါဟူ၍ လည်းကောင်း၊ ရထားဟူ၍ လည်းကောင်း မရနိုင်ပေ။)

## ၂။ ဝါတော် အရေအတွက် ပြဿနာ

ထိုနောက် မိလိန္ဒမင်းကြီးသည် ရှင်နာဂသိန်အား "ဝါတော်အရေအတွက်" နှင့် ပတ်သက်၍ ဤသို့ ဆက်လက်မေးမြန်းလေ၏။

မိ။ ။ အရှင်ဘုရား၊ ဘယ်နှစ်ဝါ ရှိပြီနည်း။

နာ။ ။ မင်းကြီး၊ ငါသည် ခုနစ်ဝါ ရပေပြီ။

မိ။ ။ အရှင်ဘုရား၊ ခုနစ်ဝါဟူသည် အဘယ်နည်း။ အရှင်ဘုရားသည်ပင် ခုနစ်လော၊ သို့မဟုတ် အရေအတွက်သည် ခုနစ်လော။

ထိုအချိန်တွင် မင်းကြီး၏ အရိပ်သည် မြေပေါ်၌ လည်းကောင်း၊ ပတ္တမြား သောက်ရေခွက်၌ လည်းကောင်း ထင်ရှားစွာ ပေါ်နေ၏။ ထိုမင်းကြီး၏အရိပ်ကို ညွှန်ပြလျက်-

နာ။ ။ မင်းကြီး၊ သင်၏အရိပ်သည် မြေပေါ်၌ လည်းကောင်း၊ ပတ္တမြား သောက်ရေခွက်၌ လည်းကောင်း ထင်နေ၏။ သင် မင်းကြီးသည်ပင် မင်းလော၊ သို့မဟုတ် အရိပ်သည် မင်းလော။

မိ။ ။ အရှင်ဘုရား၊တပည့်တော်သာ မင်းဖြစ်ပါ၏။ အရိပ်သည် မင်းမဟုတ်ပါ၊ တပည့်တော်ကို အမှီပြု၍ အရိပ်သည် ဖြစ်ပေါ်လာပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဝါအရေအတွက် သင်္ချာသည် ခုနစ် ဖြစ်၏။ ငါသည် ခုနစ် မဟုတ်ပေ။ ခုနစ်ဟူသော အရေအတွက်သည် ငါ့ကို အမှီပြု၍ ဖြစ်၏။ အရိပ်ပမာကဲ့သို့ပင်တည်း။

မိ။ ။ အရှင်ဘုရား၊ အံ့ဖွယ်ရှိပေစွ၊ အရှင်ဘုရားသည် အလွန် ဆန်းကြယ်စွာ ဖြေအပ်ပါပေ၏။

(ဤ ဝါတော်အရေအတွက်ပြဿနာသည် ပညာရှိ အချင်းချင်း ပညာစမ်းခြင်း၊ ဉာဏ်စမ်းခြင်း ဆိုင်ရာ ပြဿနာတခု ဖြစ်၏။)

## ၃။ ရှင်နာဂသိန်အား ပညာစမ်းခြင်း

မိ။ ။ အရှင်ဘုရား၊ တပည့်တော်နှင့်အတူ စကား ဆွေးနွေးပါမည်လော။

နာ။ ။ မင်းကြီး၊ သင်သည် ပညာရှိတို့ကဲ့သို့ ဆွေးနွေးလိုလျှင် ငါ ဆွေးနွေးလို၏။ မင်းစိုးရာဇာကဲ့သို့ သင်ဆွေးနွေးလို့လျှင် ငါ မဆွေးနွေးလို။

မိ။ ။ အရှင်ဘုရား၊ ပညာရှိတို့သည် အဘယ်သို့ ဆွေးနွေးပြောဆိုကြပါသနည်း။

နာ။ ။ မင်းကြီး၊ ပညာရှိတို့သည် စကားဟောပြောကြသောအခါ သွယ်ဝိုက်ပြောအပ်သည့်နေရာကို သွယ်ဝိုက်ပြော၏။ တိုက်ရိုက်ပြောအပ်သည့် အရာကို တိုက်ရိုက်ပြော၏။ ဖိနှိပ်ပြောအပ်သည့် အရာကို ဖိနှိပ်ပြောကြ၏။ ချီးမြှောက်ပြောအပ်သည့် အရာကို ချီးမြှောက်ပြောကြ၏။ ထူးသည့်အရာကို ထူးကြောင်း၊ မထူးသည့်အရာကို မထူးကြောင်း ပြောကြ၏။ ပညာရှိတို့သည် အမျက်မထွက်ကြပေ။ ဤသို့ ဟောပြောခြင်းသည် ပညာရှိတို့၏ ဟောပြောခြင်းမျိုး ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ မင်းစိုးရာဇာတို့ကား အဘယ်သို့ ဆွေးနွေးပြောဆို ကြပါသနည်း။

နာ။ ။ မင်းကြီး၊ မင်းတို့သည် စကားပြောသောအခါ အကြောင်းအရာ တစ်ခုခုကို (အမှန်ဟု) သဘောထား၏။ ဝန်ခံထား၏။ ထိုအကြောင်းအရာကို တစုံတဦးက ဆန့်ကျင် ငြင်းခုံလျှင် ထိုသူကို ခွင့်မလွှတ်ပဲ အပြစ်ဒဏ်ပေးကုန်၏။ ဤသို့သော ဟောပြောခြင်းသည် မင်းစိုး ရာဇာတို့၏ ပြောဟောခြင်းမျိုး ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ တပည့်တော်သည် ပညာရှိများကဲ့သို့ ဆွေးနွေး ပြောဆိုပါအံ့။ မင်းစိုးရာဇာများကဲ့သို့ ဟောပြောမည် မဟုတ်ပါ။ အရှင်ဘုရားလည်း သာမဏေ, သီတင်းသည်တို့နှင့် ဟောပြောသကဲ့သို့ ရဲတင်းစွာ ဆွေးနွေး ပြောဟောတော်မူပါ၊ မကြောက်ရွံ့ပါလင့်။

နာ။ ။ မင်းကြီး၊ ကောင်းလှပေ၏။ ဝမ်းမြောက်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ယခု တပည့်တော် မေးပါမည်။

နာ။ ။ မင်းကြီး၊ မေးပေတော့။

မိ။ ။ အရှင်ဘုရား၊ တပည့်တော် မေးပြီးပါပြီ။

နာ။ ။ မင်းကြီး၊ ငါသည်လည်း ဖြေဆိုပြီးပြီ။

မိ။ ။ အရှင်ဘုရား၊ ဘယ်ဟာကို ဖြေပါသနည်း။

နာ။ ။ သင်မင်းကြီးလည်း ဘာကို မေးလေသနည်း။

(ဤ၌ အရှင်နာဂသိန်သည် တရားဓမ္မရေးရာတွင် သာမက၊ စကားရေးရာမှာလည်း မည်မျှ ဖြတ်ထိုးဉာဏ်ရှိကြောင်းကို စမ်းလို၍ မင်းကြီးက မေးခြင်းဖြစ်၏။ )

## ၄။ အနန္တကာယ အမတ်၏ အမေး

မင်းကြီး မြို့သို့ ပြန်ခြင်း။ ။ထိုအခါ မိလိန္ဒမင်းကြီးသည် “ဤရဟန်းကား ငါနှင့်အတူ စကား ပြောဟောနိုင်သည့် ပညာနှင့် ပြည့်စုံပေ၏။ ငါ့မှာ မေးစရာတွေ များစွာရှိသေး၏။ ယခု အချိန်မရှိပြီ၊ နေဝင်တော့လတ္တံ့၊ မထေရ်ကို နန်းတော်သို့ ပင့်ဖိတ်၍ မေးရမူ ကောင်းလေစွ”ဟု ကြံ၍ ဒေဝမန္တိယ အမတ်အား မထေရ်ကို နန်းတော်သို့ပင့်ဖိတ်ရန် မှာကြားပြီး နေရာမှ ထ၍ ရှင်နာဂသိန်အား သွားခွင့် ပန်ကြားပြီး ရထားစီးလျက် “နာဂသိန်၊ နာဂသိန်”ဟု ရွတ်ဆိုကာ ပြန်သွားလေ၏။ ဒေဝမန္တိယ အမှတ်လည်း မထေရ်အား “အရှင်ဘုရား၊ နက်ဖြန် နန်းတော်ထဲ၌ စကားပြောဟောခြင်း ဖြစ်ပါမည်။ နန်းတော်သို့ ကြွတော်မူပါ”ဟု ပင့်ဖိတ်ပြီး ပြန်လေ၏။

နောက်တနေ့နံနက်၌ ‘ဒေဝမန္တိယ၊ အနန္တကာယ၊ မင်္ကုရ၊ သဗ္ဗဒိန္န’ မည်သော အမတ်ကြီး လေးဦးတို့သည် မင်းကြီးအား “ရှင်နာဂသိန်ကို ဘယ်မျှလောက် ရဟန်းတို့နှင့်အတူ ကြွလာစေအံ့ နည်း”ဟု မေးလျှောက်ကြ၏။ မင်းကြီးက “ရှင်နာဂသိန် အလိုရှိသမျှသော ရဟန်းတို့နှင့်အတူ ကြွလာ စေလော”ဟု မိန့်ကြားလေ၏။ ထိုအမတ်သည် ရှင်နာဂသိန်ထံ သွား၍ မင်းကြီးဆိုတိုင်း ပင့်ဖိတ်လေ၏။ ရှင်နာဂသိန်လည်း ရှိသမျှ ရဟန်းအားလုံးနှင့် အတူတကွ ကြွလေ၏။ လမ်းခရီးအကြားတွင် အနန္တ-ကာယ အမတ်သည် ရှင်နာဂသိန်နှင့် ဤသို့ မေးမြန်းဆွေးနွေးလေ၏။

“အရှင်ဘုရား၊ မနေ့က အရှင်ဘုရား၏ နာမည်သည် နာဂသေနဟု ဆို၏။ ဤ၌ နာဂသေနဟူသည် အဘယ်ပါနည်း”

“အမတ်ကြီး၊ အဘယ်အရာသည် နာဂသေန ဖြစ်သည်ဟု သင် ထင်သနည်း”

“အရှင်ဘုရား၊ ကိုယ်တွင်းမှရှိသည့် ‘ဝါယောဓာတ်’ ဖြစ်သော ထွက်သက်၊ ဝင်သက်လေ (ဝါယောဓာတ် ဟူသော-ဇီဝ)သည် နာဂသေန ဖြစ်သည်ဟု ထင်ပါ၏”

“အမတ်ကြီး၊ ထွက်သက်ဝင်သက်ဟူသော ဝါယောဓာတ်သည် ထွက်ပြီး ပြန်မဝင်လျှင်၊ သို့မဟုတ် ဝင်ပြီး ပြန်မထွက်လျှင် ထိုသူသည် အသက်ရှင်ပါ ဦးမည်လော့”

“အရှင်ဘုရား၊ အသက်မရှင်ချေ”

“အမတ်ကြီး၊ ခရုသင်း၊ နှဲ၊ ပလွေမှုတ်သောသူတို့၏ ထွက်ပြီးလေသည် တဖန်ပြန်ဝင်လာသလော”

“အရှင်ဘုရား၊ တဖန် ပြန်ဝင် မလာပါချေ”

“ထိုသို့ဖြစ်လျှင် ထိုသူတို့သည် အဘယ့်ကြောင့် မသေကြကုန်သနည်း”

“အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့်အတူ စကားပြောဆိုရန် မစွမ်းဆောင်နိုင်ပါ။ လိုရင်း အဓိပ္ပာယ်ကိုသာ ဟောကြားပါလော့”

“အမတ်ကြီး၊ သင်ပြောသော ထွက်သက်ဝင်သက် လေသည် အသက် (ဇီဝ)မဟုတ်၊ ထွက်သက်ဝင်သက် လေတို့မည်သည် ခန္ဓာကိုယ်ကြီးက ပြုစု စီမံအပ်သည့် အရာတို့သာ ဖြစ်ကုန်၏”

ထိုအခါ အနန္တကာယ အမတ်ကြီးသည် မထေရ်၏ အဘိဓမ္မာ တရားစကားကို ကြားနာရသော် (ယခင်က မိစ္ဆာအယူကို စွန့်၍) “ရတနာသုံးပါးကို ဆည်းကပ်သည့် ဉပါသကာအဖြစ် ခံယူပါကြောင်း” မထေရ်အား လျှောက်ကြားလေ၏။

[ အနန္တကာယ အမတ်သည် ဗြာဟ္မဏဝါဒကို ယုံကြည် လက်ခံထားသူ ဖြစ်၏။ ဗြာဟ္မဏဝါဒဟူသည် အတ္တဝါဒပင် ဖြစ်၏။ ဗြာဟ္မဏဝါဒ၌ “သတ္တဝါ၏ ကိုယ်တွင်းဝယ် မပြောင်းမလဲ မပျက်မစီး ထာဝရတည်ရှိသော “အတ္တ၊ ဇီဝ၊ ပုဂ္ဂလ၊ ပြာဏ (အသက်=ထွက်သက် ဝင်သက်) ဝိညာဉ်၊ လိပ်ပြာ' ဟူ၍ အမည်အမျိုးမျိုးဖြင့် ခေါ်ထားအပ်သော ‘အတ္တ’ဓာတ် တစ်မျိုးရှိ၏”ဟူ၍ လက်ခံထား၏။ ဗုဒ္ဓဝါဒသည် ယင်းနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သည့် ‘အနတ္တဝါဒ’ ဖြစ်ပြီး ဗုဒ္ဓဝါဒသာ မှန်ကန်ကြောင်း ရှင်နာဂသိန်က သဘာဝ ယုတ္တိဖြင့် ရှင်းလင်းပြလေ၏။ လာမည့်အခန်းအချို့၌လည်း ဤပြဿနာမျိုးနှင့် ပတ်သက်၍ အမေးအဖြေများကို တွေ့ရဦးလတ္တံ့။ ]

## ၅။ ရဟန်းပြုခြင်း၏ အကြောင်း

ရှင်နာဂသိန်သည် ရဟန်းအပေါင်း ခြံရံလျက် မိလိန္ဒမင်းကြီး၏ နန်းတော်သို့ ကြွ၍ သင့်လျော်သည့် နေရာ၌ ထိုင်လေ၏။ မင်းကြီးလည်း ရှင်နာဂသိန်နှင့်တကွ ရဟန်းအပေါင်းအား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင် လုပ်ကျွေးပြီးသော် ရဟန်း တစ်ပါး,တစ်ပါးအား အဝတ်သင်္ကန်း တစ်စုံစီကို လှူဒါန်းလေ၏။ ထိုနောက် ရှင်နာဂသိန်အား “အရှင်ဘုရား၊ ရဟန်းတစ်ကျိပ်နှင့် အတူ သီတင်းသုံးတော်မူပါဦး။ ကျန်ရဟန်းများမူ ကြွတော်မူပါစေ”ဟုလျှောက်လေ၏။ ရဟန်းများ ပြန်ကြွသွားသောအခါ မင်းကြီးသည်နိမ့်သော နေရာ၌ ထိုင်လျက် မထေရ်နှင့် ဤသို့ တရား စကားများကို ဆွေးနွေးလေ၏။

မိ။ ။ အရှင်ဘုရား၊ ယခု တပည့်တော်တို့သည် အဘယ်အရာနှင့် ပတ်သက်၍ စကားပြောဟော ဆွေးနွေးကြပါအံ့နည်း။

နာ။ ။ မင်းကြီး၊ ငါတို့သည် အကျိုးစီးပွားကို အလိုရှိကြသူများ ဖြစ်၏။ ထိုကြောင့် အကျိုးစီးပွား ဖြစ်မည့် အရာနှင့် ပတ်သက်၍ စကားပြောဟော ဆွေးနွေးကြကုန်အံ့။

မိ။ ။ အရှင်ဘုရားတို့သည် ဘယ်အကျိုးအတွက် ရဟန်း ပြုကြပါသနည်း။ အရှင်ဘုရားတို့ အဖို့ အမြတ်ဆုံးသော ရည်မှန်းချက် အကျိုးတရားကား အဘယ်ပါနည်း။

နာ။ ။ မင်းကြီး၊ ဤဝဋ်ဆင်းရဲဒုက္ခ ချုပ်ငြိမ်းစေရန်နှင့် အခြားသော ဆင်းရဲဒုက္ခအသစ် မဖြစ်စေရန်အတွက် ငါတို့ ရဟန်းပြုကြ၏။ ဆင်းရဲလွတ်မြောက် နိဗ္ဗာန်သို့ ရောက်ရန်မှာ ငါတို့၏အမြတ်ဆုံးသော ရည်မှန်းချက်အကျိုး တရားဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ အလုံးစုံသော ရဟန်းတို့သည် ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်အတွက် ရဟန်းပြုကြပါသလော။

နာ။ ။ မင်းကြီး၊ မဟုတ်ပေ၊ ရဟန်းအချို့သာ နိဗ္ဗာန်အတွက် ရဟန်းပြုကြပြီး တချို့မှာ မင်းဘေး ခိုးသူဘေး၊ ကြွေးမြီဘေး၊ အသက်မွေးမှု (ဝမ်းရေး) စသည် အကြောင်းတခုခုကြောင့် ရဟန်းပြုကြကုန်၏။ ကောင်းစွာ (သဒ္ဓါတရားဖြင့်) ရဟန်းပြုကြသူတို့ကား နိဗ္ဗာန်အတွက် ရဟန်းပြုကြခြင်း ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရားသည် ထိုနိဗ္ဗာန်အတွက် ရဟန်းပြုပါသလော။

နာ။ ။ မင်းကြီး၊ ငါသည် သူငယ် ကလေးဘဝကပင် ရှင်ရဟန်းပြုခဲ့ရာ ထိုစဉ်က နိဗ္ဗာန်အတွက် ရဟန်းပြု၏ဟု ငါမသိခဲ့ပေ။ သို့ရာတွင် ဤရဟန်း ပညာရှိတို့သည် ငါ့အား သင်ကြားပြသ ပေးကြလိမ့်မည်ဟူ၍ကား ကြံစည် အောက်မေ့မိခဲ့၏။ ထိုရဟန်းတို့ကား သင်ကြား ပြသပေးကြသဖြင့် ယခု ငါသည် ဤနိဗ္ဗာန်အတွက် ရဟန်းပြုခြင်းဖြစ်သည်ဟု သိမြင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ရဟန်းဘောင်သို့ ဝင်ရောက်ကြသူတို့သည် အများအားဖြင့် အိမ်ရာ တည်ထောင် လူတို့ဘောင်၌ နေရခြင်း၏ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ ကင်းဝေးလို၍ ရဟန်းပြုကြခြင်း ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကိုရရန် ရည်စူးပြီး ရဟန်းပြုသူတို့မှာ အလွန်ပင် ရှားပါးလှ၏။ ရဟန်းပြုပြီးနောက် ဗုဒ္ဓ၏ တရားတော်များကို သင်ကြားရ၍ မထေရ်ကြီးများ၏ တရားစကားကို နာကြားရသောအခါမှသာ နိဗ္ဗာန်၏ စစ်မှန်သည့် ထာဝရချမ်းသာကို သိမြင်လာပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုသည့် ဆန္ဒ ဖြစ်ပေါ်လာပေ၏။ ]

## ၆။ ပဋိသန္ဓေ နေ မနေ

မိ။ ။ အရှင်ဘုရား၊ သေလွန်ပြီးနောက် တဖန် ပဋိသန္ဓေ မနေသောသူ ရှိပါသလော။

နာ။ ။ မင်းကြီး၊ အချို့သည် တဖန် ပဋိသန္ဓေနေ၍, အချို့မူ တဖန်ပဋိသန္ဓေ မနေပြီ။

မိ။ ။ အရှင်ဘုရား၊ အဘယ်သူသည် တဖန် ပဋိသန္ဓေနေ၍ အဘယ်သူသည် တဖန် ပဋိသန္ဓေ မနေပါသနည်း။

နာ။ ။ မင်းကြီး၊ ကိလေသာ ရှိသေးသူသည် တဖန် ပဋိသန္ဓေနေရ၍ ကိလေသာ မရှိသူသည် တဖန် ပဋိသန္ဓေ မနေရတော့ပေ။

မိ။ ။ အရှင်ဘုရားသည် တဖန် ပဋိသန္ဓေ နေရဦးမည်လော။

နာ။ ။ မင်းကြီး၊ အကယ်၍ ငါသည် ဥပါဒါန်တရား ရှိသေးလျှင် တဖန် ပဋိသန္ဓေ နေဦးအံ့။ ဥပါဒါန်တရား မရှိပါမူကား တဖန် ပဋိသန္ဓေ မနေရတော့ လတ္တံ့။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ရဟန္တာဖြစ်သေးသမျှ နောင်ဘဝမှာ ပဋိသန္ဓေ နေရဦးမည်သာတည်း။ ရဟန္တာဖြစ်မှသာ ဘဝဖြစ်မှု ပြတ်စဲပြီး နောက်ထပ် ပဋိသန္ဓေနေရခြင်း ကင်းမည်၊ 'ငါသည် နောက်ထပ် ပဋိသန္ဓေ မနေရတော့"ဟု ဆိုခြင်းသည် "ငါ ရဟန္တာဖြစ်၏" ဟု ထုတ်ပြောခြင်းပင်ဖြစ်၏။ ရဟန်း ဝိနည်းတော်အရ "ငါ ရဟန္တာ ဖြစ်၏" ဟု အဓိပ္ပာယ်ထွက်သည့် စကားတမျိုးမျိုးဖြင့် မပြောစကောင်း။ ရဟန္တာ ဧကန်ဖြစ်ပါလျက် "ရဟန္တာ မဟုတ်'ဟု အဓိပ္ပာယ်ထွက်သည့် စကားတမျိုးမျိုးဖြင့် ပြောလျှင်လည်း 'မုသားစကား ပြောသည်' ဖြစ်သွားပြန်မည်။ ထို့ကြောင့် ရဟန္တာဖြစ်သော ရှင်နာဂသိန်သည် ထိုအစွန်းနှစ်ဘက် (မှားကွက်နှစ်ခု)ကို ရှောင်၍ အပြစ်လွတ်အောင် ဖြေဆိုခြင်း ဖြစ်ပေ၏။ ]

## ၇။ အသင့်အတင့် နှလုံးသွင်းမှု

မိ။ ။ အရှင်ဘုရား၊ ပဋိသန္ဓေ မနေသောသူသည် အသင့်အတင့် နှလုံးသွင်းမှု (ယောနိသောမနသိကာရ) ကြောင့် ပဋိသန္ဓေ မနေရသည် မဟုတ်ပါလော"

နာ။ ။ မင်းကြီး၊ **ယောနိသော မနသိကာရ**ကြောင့် လည်းကောင်း၊ **ပညာ**ကြောင့် လည်းကောင်း၊ **အခြားသော ကုသိုလ်တရားများ**ကြောင့် လည်းကောင်း ပဋိသန္ဓေ မနေရခြင်း ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ **ယောနိသော မနသိကာရသည်ပင် "ပညာ"မဟုတ် ပါလော**။

နာ။ ။ မင်းကြီးမဟုတ်ပါ၊ **ယောနိသော မနသိကာရနှင့် ပညာတို့သည် တခြားစီဖြစ်၏။** ဆိတ်၊ ကျွဲ၊ နွား၊ မြင်း စသည့် သတ္တဝါတို့မှာ မနသိကာရရှိသော်လည်း ပညာကား မရှိပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ယောနိသော မနသိကာရဟူသည် သင့်တင့် လျောက်ပတ် မှန်ကန်သော နှလုံးသွင်းမှုမျိုး ဖြစ်၏။ ပညာဟူသည် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ သဘာဝဖြစ်စဉ် အမှန်ကို ထိုးထွင်း၍ တကယ် သိမြင်ခြင်း မျိုးဖြစ်၏။ ယင်း ပညာသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရန် နောက်ဆုံးလက်နက်ဖြစ်၏။ ထို့ကြောင့် ယင်း တရားနှစ်ပါးသည် တခြားစီ ဖြစ်၏။ ]

## ၈။ မနသိကာရနှင့် ပညာတို့၏ လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ မနသိကာရသည် အဘယ်လက္ခဏာ ရှိပါသနည်း။ ပညာသည် အဘယ် လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ မနသိကာရသည် စုရုံးခြင်း လက္ခဏာရှိ၏။ ပညာသည် ပိုင်းဖြတ်ခြင်း လက္ခဏာရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ မနသိကာရသည် အဘယ်သို့ စုရုံးခြင်း လက္ခဏာရှိ၍ ပညာသည် အဘယ်သို့ ပိုင်းဖြတ်ခြင်း လက္ခဏာ ရှိပါသနည်း။ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် စပါးရိတ်သောသူသည် လက်ဝဲလက်ဖြင့် စပါးစည်းကိုကိုင်၍ လက်ယာ လက်ဖြင့် တံဇဉ်ကိုကိုင်ပြီး ရိတ်ဖြတ်သကဲ့သို့ ထို့အတူပင် တရားကျင့်သူ ယောဂါဝစရ (တရား အားထုတ်သူ) ပုဂ္ဂိုလ်သည် မနသိကာရဖြင့် မိမိစိတ်ကို စုရုံး၍ ဝိပဿနာပညာဖြင့် ကိလေသာတို့ကို ပယ်သတ် ပိုင်းဖြတ်လေ၏။ မင်းကြီး၊ ဤသို့ပင် မနသိကာရသည် စုရုံးခြင်းလက္ခဏာရှိ၍ ပညာသည် ပိုင်းဖြတ်ခြင်းလက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ စိတ်ကို တည်ကြည်အောင်၊ တည်ငြိမ်အောင်၊ ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်အောင် စုစည်းပေးမှုသည် 'မနသိကာရ' မည်၏။ ပညာဟူသည် သင်္ခါရတရားတို့၏ သဘာဝကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်သော ဝိပဿနာ ပညာပင် ဖြစ်၏။ နိဗ္ဗာန်ရောက်ရန် ကိလေသာတို့ကို ပယ်သတ်ပိုင်းဖြတ်မှုသည် ယင်းပညာ၏ သတ္တိဖြစ်၏။ မနသိကာရသည် သမာဓိကို ဖြစ်စေသဖြင့် ပညာ၏ အခြေခံပင် ဖြစ်ပေ၏။ ]

## ၉။ သီလ၏ ကုသိုလ်တည်ရာ လက္ခဏာ

မိ။ ။ အရှင်ဘုရားသည် 'အခြားတပါးသော ကုသိုလ်တရားကြောင့်' ဟူ၍ (အခန်း ၇ ၌) ဆိုခဲ့ပါ၏။ ထိုကုသိုလ် တရားကား အဘယ်ပါနည်း။

နာ။ ။ မင်းကြီး၊ သီလ၊ ဝီရိယ၊ သတိ၊ သမာဓိဟူသော ကုသိုလ်တရားတို့ကို ဆိုလိုပေ၏။

မိ။ ။ အရှင်ဘုရား၊ သီလသည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သီလသည် ခပ်သိမ်းသော ကုသိုလ်တရားတို့ကို တည်စေခြင်းလက္ခဏာရှိပေ၏။ သီလသည် "ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်" ဟူသော တရားတို့ကို တည်စေ၏။ (ဝါ) ထိုတရားတို့၏ တည်ရာဖြစ်၏။ မင်းကြီး၊ သီလ၌တည်သော တရားကျင့်သူ ယောဂါဝစရပုဂ္ဂိုလ်သည် "သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ" ဟူသော ဣန္ဒြေတရား ငါးပါးတို့ကို ပွားများစေ၏။ အလုံးစုံသော ကုသိုလ်တရားတို့သည် မဆုတ်ယုတ်ကြကုန်။

မိ။ ။ အရှင်ဘုရား ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သစ်ရွက်ဟူသမျှတို့သည် မြေကြီးကို အမှီပြု၍ မြေကြီး၌ တည်၍ အမြစ်၊ ပင်စည်၊ အခက်၊ အရွက်၊အသီး၊ အပွင့်တို့ဖြင့် ကြီးပွားဝေဆာ ရှင်သန်ကြကုန်၏။ ဥပမာ တနည်းအားဖြင့် ခွန်အားစိုက်ထုတ် အလုပ်လုပ်သူသည် လည်းကောင်း၊ ဗိသုကာ လက်သမားသည်လည်းကောင်း၊ ကျွမ်းသမားသည်လည်းကောင်း ယင်းအားလုံးတို့သည် မြေအပြင်ကို အမှီပြု၍ မြေကြီး၌ တည်၍ ပြုလုပ်ကြကုန်၏။ မင်းကြီး၊ ထို့အတူပင် ယောဂါဝစရပုဂ္ဂိုလ်သည် သီလကို အမှီပြု၍၊ သီလ၌ တည်၍ သဒ္ဓါစသော ဣန္ဒြေငါးပါး ကုသိုလ်တရားတို့ကို ပွားများစေလေ၏။ မင်းကြီး၊ ဘုရားရှင်လည်း ဤသို့ပင် (၂ဂါထာဖြင့်) ဟောကြား ထားခဲ့ပေ၏။

(၁) သီလ၌ တည်၍ သမာဓိနှင့် ယှဉ်သော စိတ်ကို လည်းကောင်း၊ ပညာကို လည်းကောင်း ပွားများစေလျက် ကိလေသာတို့ကို ပူပန်စေတတ်သည့် လုံ့လနှင့်လည်းကောင်း၊ ပညာနှင့်လည်းကောင်း ပြည့်စုံသော ပညာရှိ ပုထုဇဉ်ရဟန်းသည် ကိလေသာ တည်းဟူသော အရှုပ်အထွေးကို ဖြေနိုင် ဖြတ်နိုင်ပေ၏။

(၂) ဤမြေကြီးသည် သတ္တဝါတို့၏ တည်ရာ ဖြစ်သကဲ့သို့ပင် ဤသီလသည်လည်း ကုသိုလ်တရား ပွားများခြင်း၏ အရင်းမူလဖြစ်၏။ ဘုရားရှင်၏ အဆုံးအမတော်ရှိသည့် 'ပါတိမောက္ခ သံဝရ' ဟူသော သီလက္ခန္ဓ၊ သီလအစုစု၊ သီလအားလုံးသည် ကုသိုလ်တရား ပွားများခြင်း၏ အကြောင်းရင်းဖြစ်၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရန်အတွက် စီစဉ်ထားသော အဆင့်သုံးဆင့် ဖြစ်ပေသည်။ ယင်းသုံးပါးတွင် သီလသည် အခြေခံဖြစ်၏။ ထိုကြောင့် သီလသည် မြေကြီးနှင့်

တူ၏။ သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်သာ မဂ်ဖိုလ်၊ နိဗ္ဗာန်ရကြောင်း ဣန္ဒြေ၊ ဗိုလ် စသော တရားများကို တည်ရှိစေ၊ တည်မြဲစေ၊ တိုးပွားစေနိုင်ပေ၏။ ]

## ၁၀။ သဒ္ဓါ၏ ကြည်လင်ခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ သဒ္ဓါသည် အဘယ်သို့ လက္ခဏာရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သဒ္ဓါသည် ကြည်လင်ခြင်း၊ ယုံမှားသံသယ ပယ်ပျောက်ခြင်း လက္ခဏာရှိ၏။

မိ။ ။ အရှင်ဘုရား၊ သဒ္ဓါသည် အဘယ်သို့ ကြည်လင်ခြင်း လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သဒ္ဓါသည် ဖြစ်ပေါ်လတ်သော် နီဝရဏ (အနှောင့်အယှက် အဟန့်အတား) တရားတို့ကို ပယ်ခွာ ပယ်ရှားလေ၏။ နီဝရဏတရားများ ကင်းရှင်းသောစိတ်သည် မနောက်မကျူ အထူးသန့်ရှင်း ကြည်လင်လေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် စကြာမင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့်အတူ ခရီးရှည်သွားစဉ် ရေငတ်သဖြင့် "နောက်ကျူ" နေသည့် ရေအနည်းငယ်ကို တွေ့ရှိလေသော် ထိုရေကို ခပ်ခိုင်းပြီး ရေကို ကြည်လင်စေတတ်သည့် မိမိ၏ ပတ္တမြားရတနာကို ထိုရေထဲ၌ ထည့်စေ၏။ ရေသည် ထိုခဏ၌ပင် အနောက်အကျူ၊ ရွှံ့ညွှန်နှစ် ကင်းရှင်း၍ အထူး ကြည်လင်သွားလေ၏။ ရေသည် မည်မျှ နောက်ကျူစေကာမူ ထိုပတ္တမြားရတနာ ထည့်လိုက်လျှင် ချက်ချင်း သန့်ရှင်း ကြည်လင် သွားလေ၏။

ဤ၌ သဒ္ဓါသည် ရေကို ကြည်လင်စေတတ်သည့် ပတ္တမြားရတနာနှင့် တူ၏။ ကိလေသာ နီဝရဏ တရားများသည် ရေထဲရှိ အနောက်အကျူ ရွှံ့ညွှန်နှစ်တို့နှင့် တူကုန်၏။ နီဝရဏကင်းသော စိတ်သည် ကြည်လင်သော ရေနှင့်တူ၏။ ထို့ကြောင့် သဒ္ဓါသည် ကြည်လင်ခြင်းလက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[နီဝါရဏ တရားဟူသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်အောင် ကြိုးစားအားထုတ်ရာ၌ နှောင့်ယှက် ပိတ်ပင် တားဆီးတတ်သော၊ စိတ်ကို နောက်ကျူစေသော တရားများ ဖြစ်ကြ၏။ သဒ္ဓါတရားဖြင့် ယင်းစိတ်၏ အနှောင့်အယှက် အနောက်အကျူဖြစ်သည့် နီဝါရဏတရားများကို ပယ်ဖျောက်နိုင်ပေ၏။ ]

## ၁၁။ သဒ္ဓါ၏ ယုံမှား သံသယကင်းခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ သဒ္ဓါသည် အဘယ်သို့ ယုံမှားသံသယ ပျောက်ခြင်း လက္ခဏာရှိပါသနည်း။

နာ။ ။ မင်းကြီး၊ တရားအားထုတ်သူ ယောဂါဝစရပုဂ္ဂိုလ်သည် သူတစ်ပါးတို့ ကိလေသာမှ လွတ်မြောက်သည့်စိတ် ရှိသည်ကိုမြင်၍ ဖိုလ်လေးတန်၌ ယုံမှားကင်း (တောင့်တ)၍ မရောက်ရသေးသည့် တရားကို ရောက်ရန်,ရရန် အတွက် လုံ့လကြိုးကုတ် တရားအားထုတ်လေ၏။ ဤသို့လျှင် သဒ္ဓါသည် ယုံမှား သံသယ ပယ်ပျောက်ခြင်း လက္ခဏာရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်ချောင်းတို့သည် ပြည့်လျှံနေကြ၏။ ခရီးသွားလူအပေါင်းတို့သည် မြစ်ချောင်း၏ အတိမ်အနက်ကို မသိကြသဖြင့် မကူးရဲကြဘဲ ကမ်းပေါ်တွင် ရပ်နေကြ၏။ ထိုအခါ ရဲစွမ်းသတ္တိရှိသော လူတစ်ဦးသည် ရောက်လာပြီး မိမိ၏ ရဲစွမ်းသတ္တိကို သိသည်ဖြစ်၍ ခါးတောင်းကျိုက်ကာ မြစ်ထဲဆင်းပြီး ကူးဖြတ်သွားလေ၏။ လူတို့သည် ထိုသူ ကူးသွားသည်ကို မြင်၍ ရေအတိမ်အနက်ကို ကောင်းစွာသိပြီး ယုံမှားခြင်းမရှိတော့ဘဲ ကူးဖြတ်သွားကြလေ၏။ ထို့အတူပင် ယောဂါဝစရ ပုဂ္ဂိုလ်သည် ကိလေသာမှ လွတ်မြောက်ပြီးကုန်သော ပုဂ္ဂိုလ်မြတ်တို့ကို မြင်၍ ဖိုလ်လေးတန်၌ ယုံမှားသံသယကင်းကာ မရောက် မရသေးသည့်တရားကို ရောက်ရန် ရရန် လုံ့လကြိုးကုတ် တရားအားထုတ်လေ၏။ ဤသို့ သဒ္ဓါသည် ယုံမှားကင်းခြင်း လက္ခဏာ ရှိပေ၏။

ထို့ကြောင့် မင်းကြီး ၊ ဘုရားရှင်ကလည်း သံယုတ္တနိကာယ်ထဲ၌-

> "သဒ္ဓါဖြင့် သံသရာ ဝဲဩဃကို ကူးမြောက်နိုင်၏။ မမေ့မလျော့၊ ဇွဲလုံ့ လ ထက်သန်စွာဖြင့် ဆင်းရဲလှစွာသော သံသရာ ပင်လယ် သမုဒ္ဒရာကြီးကို လွန်မြောက်နိုင်၏။ ပညာဖြင့် ကိလေသာမှ စင်ကြယ်နိုင်ပေ၏"

ဟူ၍ ဟောကြားထားပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[မဂ်ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း တရား၌ ယုံမှားသံသယ ရှိခြင်းသည် စိတ်ကို နှောင့်ယှက် အားနည်းစေသဖြင့် ယင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန် အားထုတ်မှုအတွက် အလွန်ကြီးမားသည့် အဟန့်အတားဖြစ်၏။ ထို့ကြောင့် ယုံကြည်မှု သဒ္ဓါတရားသည် အလွန် အရင်းခံကျပြီး အရေးကြီးလှ၏။ ယင်းသို့ ယုံကြည်မှု သဒ္ဓါတရားရှိမှသာ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရေး၌ ကြိုးစားအားထုတ်မှု (ဝီရိယ)၊ စိတ်တည်ကြည်မှု (သမာဓိ)၊ သစ္စာလေးပါး တရားမှန်ကို သိမြင်မှု (ပညာ)ကို သိစေနိုင်၊ ထက်မြက်စေနိုင်ပေ၏။]

## ၁၂။ ဝီရိယ၏ ထောက်ပံ့ခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဝီရိယသည် အဘယ်သို့သော လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ဝီရိယသည် မြဲမြံစွာ ထောက်ပံ့ခြင်း လက္ခဏာ ရှိ၏။ ဝီရိယတရားက ထောက်ပံ့ ထားသဖြင့် ကုသိုလ်တရားတို့သည် မယုတ်မလျော့ မပြိုလဲကြကုန်။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ပြိုလဲလုနီးပါးရှိသော အိမ်သည် သစ်ပျဉ်တို့ဖြင့် ကျားကန် ထောက်ပံ့ထားသဖြင့် မယိမ်းမပြို ခိုင်မြဲသွားသကဲ့သို့ လည်းကောင်း၊ အင်အားနည်းပါးသော စစ်သည် ဗိုလ်ပါတို့သည် အချင်းချင်း အားပေး လှုံ့ဆော် ဖွဲ့လုံ့လပြုခြင်းတို့ကြောင့် အားများသော (ရန်သူ) စစ်သည် ဗိုလ်ပါတို့ကို နှိမ်နင်း ဖျက်ဆီးနိုင်သကဲ့သို့ လည်းကောင်း၊ ထို့အတူပင် ကုသိုလ်တရားတို့သည် ဝီရိယက ထောက်မ, ထားသဖြင့် (မှသာ) မယုတ်မလျော့ မပြိုလဲကြကုန်။ ဤသို့ ဝီရိယသည် မြဲမြံစွာ ထောက်ပံ့ထားခြင်း လက္ခဏာရှိပေ၏။

မင်းကြီး၊ ဘုရားရှင်ကလည်း-

> "ရဟန်းတို့၊ ဝီရိယရှိသော အရိယာသာဝကသည် အကုသိုလ်ကို စွန့်ပယ်၏။ ကုသိုလ်ကို ပွားစေ၏။ အပြစ်ရှိသော (အကုသိုလ်) တရားကို စွန့်ပယ်၏။ အပြစ်မရှိသော (ကုသိုလ်) တရားကို ပွားစေ၏။ စင်ကြယ်စွာသော မိမိကိုယ်ကို ဆောင်နိုင်၏"

ဟူ၍ ဟောကြားထားပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ ဝီရိယဟူသည် ပြုဖွယ်ကိစ္စကို ပြီးမြောက်စေရန် မရှိမဖြစ် အလွန် လိုအပ်သော အားတစ်ခု ဖြစ်၏။ ကြိုးစားအားထုတ်မှု (ဝီရိယ) မရှိလျှင် မည်သည့်ကိစ္စကိုမျှ မပြီးစီးစေနိုင်။ ကုသိုလ်တရားတို့ကို "ဝီရိယအား"ဖြင့် ကျားကန်ပေးရ၏။ ယင်းသို့ ကျားကန် ပေးထားမှသာ 'သတိ၊ သမာဓိ၊ ပညာ' ဟူသော နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကို အင်အား တောင့်တင်းစေ၏။ ဝီရိယ မရှိမှုသည် ကိုယ်, စိတ် ထိုင်းမှိုင်း ပျင်းရိမှု ဖြစ်၏။ ထိုင်းမှိုင်း ပျင်းရိသောစိတ်သည် အင်အား နည်းပါးချည့်နဲ့သည် ဖြစ်၍ မိမိ၌တည်သော ကုသိုလ်တရားတို့ကို မတည်တံ့စေနိုင်၊ မခိုင်မြဲစေနိုင်သဖြင့် ပြိုလဲ ပျက်စီးသွားစေ၏။ ]

## ၁၃။ သတိ၏ မမေ့မလျော့ခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ သတိသည် အဘယ်သို့သော လက္ခဏာရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သတိသည် မမေ့ မလျော့ခြင်းနှင့်, လက်ခံသိမ်းဆည်းခြင်း လက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သတိသည် အဘယ်သို့ မမေ့မလျော့ခြင်း လက္ခဏာရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သတိအမြဲရှိလေသော် (ယောဂါဝစရ ပုဂ္ဂိုလ်သည်) ကုသိုလ်နှင့် အကုသိုလ်၊ အပြစ်ရှိ တရားနှင့် အပြစ်ကင်းတရား၊ အယုတ်တရားနှင့် အမြတ်တရား၊ မည်းညစ်တရားနှင့် ဖြူစင်တရား ဟူသော ဆန့်ကျင်ကွဲပြားသည့် တရား (အစုံတို့၌ မေ့လျော့ (မှားယွင်း)ခြင်း မရှိပေ။ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး ( ဟူသော ဗောဓိပက္ခိယ တရား ၃၇ ပါး)၊ သမထ၊ ဝိပဿနာ၊ ဝိဇ္ဇာ ဉာဏ်အမြင်၊ လွတ်မြောက်မှု ဟူသော (နိဗ္ဗာန်ရောက်ကြောင်း) တရားတို့၌ မမေ့လျော့ပေ။ ထိုသတိကြောင့်ပင် ယောဂါဝစရ ပုဂ္ဂိုလ်သည် မှီဝဲ ဆည်းပူးအပ်သော တရားမြတ်တို့ကို မှီဝဲ ဆည်းပူး၍ မမှီဝဲ မဆည်းပူးအပ်သည့် တရားယုတ်တို့ကို မမှီဝဲ မဆည်းပူးပေ။ ဤသို့ သတိသည် မမေ့မလျော့ခြင်းလက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် စကြာမင်းကြီး၏ ဘဏ္ဍာစိုးသည် နေ့စဉ် ညနေ နံနက်တိုင်း မင်း၏ ပစ္စည်းဥစ္စာ ဘဏ္ဍာတို့ကို ရေတွက်စာရင်းပြု၍ မင်းကြီးအား မမေ့မလျော့စေရန် အစဉ် သတိပေး လေသကဲ့သို့ ထိုအတူပင် သတိသည် ယောဂါဝစရ ပုဂ္ဂိုလ်အား ကုသိုလ်နှင့် အကုသိုလ်တရားတို့၌ လည်းကောင်း၊ သတိပဋ္ဌာန် စသော တရားမြတ်တို့၌ လည်းကောင်း မမေ့မလျော့ အစဉ်အောက်မေ့ နေစေ၏။ (သတိပေးလေ၏။) ထို့ကြောင့် ယောဂါဝစရ ပုဂ္ဂိုလ်သည် ကောင်းမြတ်သော တရားတို့ကို မှီဝဲဆည်းပူး၍ ဆိုးယုတ်သော တရားတို့ကို မမှီဝဲ မဆည်းပူးတော့ပေ။

[‘သတိ’] ဟူသည် မကောင်းသော အကုသိုလ် တရားများနှင့် ကောင်းသော ကုသိုလ်တရားတို့ကို အမြဲမပြတ် ခွဲခြားသတ်မှတ်မှုပင် ဖြစ်၏။ ယင်းသို့ အမြဲမပြတ် မှတ်သားနေမှသာ အကုသိုလ် တရားတို့ကို ပယ်ခွာနိုင်ပြီး ကုသိုလ်တရားတို့ကို အရ ဆည်းပူးနိုင်ပေမည်။ ထို့ကြောင့် 'ဖြစ်-ပျက်’ကို အမြဲရှု ဆင်ခြင်ရသည့် ဝိပဿနာ အလုပ်ကား ဤ‘သတိ’၏ ကိစ္စပင်တည်း။ ]

## ၁၄။ သတိ၏ လက်ခံသိမ်းဆည်းခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ သတိသည် အဘယ်သို့ လက်ခံသိမ်းဆည်းခြင်း လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သတိရှိလေသော် ( ယောဂါဝစရ ပုဂ္ဂိုလ်သည်) အကျိုးစီးပွား ဖြစ်သည့်တရားနှင့် အကျိုးစီးပွား မဖြစ်သည့်တရားတို့ကို အစဉ်အောက်မေ့သိမြင်၏။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အကျိုးစီးပွား မဖြစ်သည့်တရား (အကုသိုလ်) တို့ကိုပယ်၍ အကျိုးစီးပွား ဖြစ်သည့်တရား (ကုသိုလ်) တို့ကို လက်ခံသိမ်းဆည်း မှီဝဲပေ၏။ ဤသို့ သတိသည် လက်ခံသိမ်းဆည်းခြင်း လက္ခဏာရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် စကြာမင်း၏ သားကြီးရတနာသည် ဖခင်မင်း၏ အကျိုးစီးပွား ဖြစ်သည့်အရာ၊ အကျိုးစီးပွား မဖြစ်သည့်အရာတို့ကို သိမြင်၍ အကျိုးစီးပွားမဖြစ်သည့် အရာတို့ကို ပယ်ပြီး အကျိုးစီးပွား ဖြစ်သည့်အရာတို့ကို လက်ခံသိမ်းဆည်းလေ၏။ သတိတရားလည်း ထို့အတူပင် ဖြစ်ပေ၏။

မင်းကြီး၊ ဘုရားရှင်ကလည်း-

> "ရဟန်းတို့၊ သတိတရားကိုသာ အလုံးစုံသော အရာတို့၌ အလိုရှိအပ်၏။ သတိသည်သာ အကျိုးရှိသော တရားအားလုံး၏ တည်ရာဖြစ်၏ဟု ငါဘုရားဆို၏"

ဟူ၍ ဟောကြားထားပေ၏။

[အာရုံငါးပါးတို့သို့ ` ပြေးလွှား လွင့်ပါးနေသော စိတ်ကို လိုက်လံ စုစည်းသိမ်းယူခြင်းသည် သတိ၏အလုပ် ဖြစ်ပေ၏။ ထို့ကြောင့် ဒုက္ခများစွာကို ဖြစ်စေသည့် အကုသိုလ်တရားတို့မှ စိတ်ကို အစဉ် သတိပေးကာ ပယ်ခွာပြီး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်တရားတို့ကို လက်ခံဆည်းပူး ကျင့်သုံး စေလေ၏။ ]

## ၁၅။ သမာဓိ၏ ကြီးမှူး ဦးစီးခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ သမာဓိသည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သမာဓိသည် ကုသိုလ်တရားတို့၏ အကြီးအမှူးဦးစီး လက္ခဏာရှိပေ၏။ အလုံးစုံသော ကုသိုလ်တရားတို့သည် သမာဓိသာလျှင် အကြီးအမှူး ရှိကြကုန်၏။ သမာဓိသို့သာ ကိုင်းညွတ်ကုန်၏။ သမာဓိသို့သာ စီးဝင် စုဝေးကြကုန်၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် အထုတ်ပါသောအိမ်၌ အလုံးစုံသော အခြင်၊ ထုတ်၊ ရောက်၊ ဒိုင်း၊ မြှား တို့သည် အိမ်၏ အထွတ်သို့သာ ရှုညွတ်ကိုင်း စုဝေး တည်ရှိကုန်သကဲ့သို့ လည်းကောင်း၊ ပြည့်ရှင် မင်းသည် စစ်အင်္ဂါလေးပါးနှင့်တကွ စစ်မြေပြင်သို့ ထွက်လေသော် မင်းသည် စစ်အင်္ဂါလေးပါးတို့၏ အကြီးအမှူးဖြစ်ပြီး စစ်အင်္ဂါ လေးပါးတို့သည် မင်းသို့သာ ဦးညွှတ်ကြကုန်သကဲ့သို့ လည်းကောင်း ထို့အတူပင် အလုံးစုံသော ကုသိုလ်တရားတို့သည် သမာဓိသို့သာ ရှေ့ရှုညွတ်ကိုင်း စုဝေး တည်ရှိကြ ကုန်၏။ သမာဓိသည် ကုသိုလ်အားလုံး၏ အကြီးအမှူး ဖြစ်ပေ၏။

> မင်းကြီး၊ ဘုရားရှင်ကလည်း “ရဟန်းတို့၊ သမာဓိကို ပွားများကြလော့၊ သမာဓိရှိသော သူသည် တရားတော်ကို ယထာဘူတ ဟုတ်တိုင်းမှန်စွာ သိမြင်လေ၏” ဟူ၍ ဟောကြားထားပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[အကွဲကွဲအပြားပြား အစိတ်စိတ် အမွှာမွှာ ဖြစ်နေသော စိတ်သည် အားအင် ချည့်နဲ့ပြီး ပြိုကွဲ ပျက်စီးလေ၏။ ယင်းသို့ မဖြစ်လေအောင် သတိဖြင့် စိတ်ကို စုစည်းပေးသော် တည်ကြည်မှု၊ စူးစိုက်မှုဟူသော သမာဓိစွမ်းအားကို ရရှိပေ၏။ ထိုအခါ ကုသိုလ်တရား ဟူသမျှတို့သည် ‘သမာဓိ’ ၌သာ တစုတဝေးတည်း တည်ရှိပေမည်။ တည်ကြည်မှု သမာဓိဖြစ်သော် စိတ်တန်ခိုး ထက်မြက်လာပေမည်။ ထို့ကြောင့် တည်ကြည်မှု သမာဓိရှိသော စိတ်သည့် ကုသိုလ်တရားတို့၏ အကြီးအမှူး ဗိုလ်ချုပ်ကြီး ပင်ဖြစ်၏။]

## ၁၆။ ပညာ၏ ထွန်းလင်းခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ပညာသည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ပညာသည် ပိုင်းခြားခြင်း၊ ပိုင်းဖြတ်ခြင်း လက္ခဏာ ရှိကြောင်းကို ငါပြောခဲ့ပြီဖြစ်ပေ၏ (အခန်း-၇၌) ။ တနည်းအားဖြင့်လည်း ပညာသည် ထွန်းလင်းခြင်း လက္ခဏာ ရှိပေသေး၏။ ပညာသည် မောဟ - အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်ပြီး ဝိဇ္ဇာအရောင် ဉာဏ်အလင်းကို ဖြစ်ပေါ်စေ၏။ (ဝါ) ထွန်းလင်းစေပေ၏။ ပညာသည် သစ္စာလေးပါးတို့ကို ထင်စွာပြပေ၏။ ထို့ကြောင့် ယောဂါဝစရ ပုဂ္ဂိုလ်ဟူသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ကောင်းမြတ် မှန်ကန်သည့် ပညာဖြင့် သိမြင်လေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတစ်ဦးသည် မောင်မိုက်နေသည့် အိမ်(ခန်း)ထဲသို့ မီးခွက်ကို သွင်းယူ သွားသော် ထိုမီးသည် အမိုက်မှောင်ကို ပယ်ဖျက်၍ အလင်းရောင်ကို ဖြစ်စေသကဲ့သို့ ထို့အတူပင် ပညာသည်လည်း ထို အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်၍ ဉာဏ်အလင်းရောင်ကို ဖြစ်စေပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပေ၏။

[မောဟ = အဝိဇ္ဇာလျှင် အကြီးအမှူးရှိသော အကုသိုလ် တရားတို့သည် စိတ်ကို နောက်ကျူ ညစ်ညမ်းမှေးမှိန် မိုက်မဲစေကုန်၏။ ယင်း အကုသိုလ် အမိုက်တိုက်များကို ပညာဉာဏ် အလင်းရောင်ဖြင့် ပယ်ဖျောက်ရလေ၏။ ယင်းသို့ ပညာဉာဏ်ရောင်ဖြင့် ထုတ်ပယ်ပစ်၍ အကုသိုလ် အညစ်အကြေးတို့မှ ကင်းစင်သောစိတ်သည် "တိမ်ကင်းသည့် လပမာ အလွန်ပင် ထွန်းလင်း တောက်ပလေ၏။ ယင်းသို့ စိတ်အား အလင်းရောင်ရအောင် လုပ်ဆောင်ခြင်းသည်လည်း ပညာ၏ အစွမ်းသတ္တိတခုပင် ဖြစ်ပေ၏။

## ၁၇။ တရားအမျိုးမျိုး၏ တစ်ခုတည်းသောအကျိုး

မိ။ ။ အရှင်ဘုရား၊ ဆိုခဲ့ပြီးသော သဒ္ဓါစသည့် တရား (ငါးပါး)တို့သည် သဘောလက္ခဏာ အစွမ်းသတ္တိ အားဖြင့် ကွဲပြားကြကုန်၏။ အကျိုးတရားမှာလည်း ကွဲပြားကြပါသလော၊ သို့မဟုတ် တူညီသော တခုတည်းသော အကျိုးကို ပြီးစေကြပါကုန်သလော။

နာ။ ။ မင်းကြီး၊ ဤတရား(ငါးပါး)တို့သည် သဘော လက္ခဏာ အစွမ်း သတ္တိအားဖြင့် ကွဲပြားကြသော်လည်း တစ်ခုတည်းသော အကျိုးတရားကိုသာ ပြီးစေကြကုန်၏။ ထိုတရားတို့သည် ကိလေသာ တရားတို့ကို ပယ်သတ်ခြင်း ဟူသော အကျိုးတစ်ပါးတည်းသာ ရှိကြပေ၏။

မိ။ ။ အရှင်ဘုရား၊ ဤတရားတို့သည် သဘောလက္ခဏာ အစွမ်းသတ္တိအားဖြင့် ကွဲပြား ခြားနား ကြပါလျက် အဘယ်သို့ အကျိုး တစ်ခုတည်းကိုသာ ပြီးစေကြပါသနည်း။ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ဟူသော စစ်အင်္ဂါလေးပါး၊ စစ်တပ်လေးခုတို့သည် တစ်ခုနှင့်တစ်ခု အစွမ်းသတ္တိအားဖြင့် မတူကြသော်လည်း စစ်မြေပြင်၌ ရန်သူစစ်တပ်ကို ဖျက်ဆီးခြင်းဟူသော အကျိုးတစ်ခုကိုသာ ပြီးစေကုန်၏။ ရန်သူ ဖျက်ဆီးခြင်း အကျိုးမှာ တူညီကြပေ၏။ ထို့အတူပင် သဒ္ဓါစသော တရား(ငါးပါး)တို့သည် သဘောလက္ခဏာ အစွမ်းသတ္တိအားဖြင့် မတူကြသော်လည်း ကိလေသာ ရန်သူကို ဖျက်ဆီးခြင်းဟူသော အကျိုးတစ်ခု ကိုသာ ပြီးစီးစေကုန်၏။ အကျိုးတစ်ခုတည်း ရှိကုန်၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ အတတ်ပညာကို သင်ကြားရာ၌ မူလတန်း၊ အလယ်တန်း၊ အခြေခံ အထက်တန်း၊ ဘီအေ (ဘီအက်စီ) တန်း၊ ပါရဂူတန်း ဟူသော တန်းစဉ် ငါးခုကို အစဉ်အတိုင်း သင်ကြား လုပ်ဆောင်ပြီးမှ သင်ကြားသည့် ဘာသာရပ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက်နိုင်သကဲ့သို့ ထို့အတူပင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော အဆင့် ငါးဆင့်ကို အစဉ်အတိုင်း တက်လှမ်းပြီးမှသာ တရားလုပ်ငန်း၏ ပြီးဆုံးမှုဟူသော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရလေ၏။ တနည်းအားဖြင့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့သည် နိဗ္ဗာန်နန်းသို့ ရောက်အောင် တက်လှမ်းတွင် လှေကားထစ် ငါးခုနှင့် တူလှပေ၏။ ယင်း လှေကားထစ် ငါးခုလုံးသည် နိဗ္ဗာန်နန်းသို့ တက်ရောက်ခြင်းသို့သာ ဦးတည်ကြလေ၏။ ]

## အဒ္ဓါနဝဂ်

### ၁၈။ တရား၏ဖြစ်စဉ် ဆက်စပ်ပုံ

မိ။ ။ အရှင်ဘုရား၊ ဘဝသစ်တစ်ခု၌ ပဋိသန္ဓေ နေသောသူသည် ရှေးဘဝဟောင်းက သူပင် ဖြစ်လေသလော။ သို့မဟုတ် အခြားသူ(လူသစ်)ပင် ဖြစ်လေသလော။

နာ။ ။ မင်းကြီး၊ ဘဝသစ်တစ်ခု၌ ပဋိသန္ဓေနေသောသူသည် ထိုရှေးသူလည်း မဟုတ်၊ အခြားသူ (လူသစ်)လည်း မဟုတ်ပေ။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ သင်သည် မွေးစအရွယ် ပက်လက်အိပ်ခဲ့ရသော သူငယ် ဖြစ်ခဲ့၏။ ယခု ကြီးပြင်းလာသော သင်သည် ထိုမွေးစအရွယ်က သူငယ်ပင် ဖြစ်လေသလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။ မွေးစအရွယ်က သူငယ်ဖြစ်ခဲ့သော တပည့်တော်သည် တခြားဖြစ်၍ ယခု ကြီးပြင်းလာသော တပည့်တော်သည် တခြား ဖြစ်ပါ၏။

နာ။ ။ မင်းကြီး၊ ယင်းသို့ မွေးစ သူငယ်က တခြား၊ ကြီးပြင်းလာသည့် လူကြီးက တခြား ဖြစ်ခဲ့သော် သင့်မှာ မိဖဟူ၍လည်း ရှိနိုင်တော့မည် မဟုတ်။ သင့်အား ပညာသင်ပေးသည့် ဆရာဟူ၍လည်း ရှိနိုင်တော့မည် မဟုတ်။ အတတ်ပညာ သင်သူ၊ သီလရှိသူ၊ ပညာရှိ ဟူ၍လည်း ရှိနိုင်တော့မည် မဟုတ်။

မင်းကြီး၊ (မွေးဖွားလာသူ တဦးအတွက်) ကလလရေကြည်၏ မိခင်က တခြား၊ အမြှုပ်၏ မိခင်က တခြားလော။ သားတစ်၏ မိခင်က တခြား၊ အတုံးအခဲ၏ မိခင်က တခြားလော။ မွေးစ သူငယ်၏ မိခင်က တခြား။ လူကြီး၏ မိခင်က တခြားလော။ ပညာသင်သူက တခြား၊ ခြေလက် အဖြတ်ခံရသူက တခြားလော။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ မဖြစ်နိုင်ပါ။ အရှင်ဘုရားသည် တစုံတဦးက ဤသို့ မေးလေသော် အဘယ်သို့ ဖြေပါမည်နည်း။

နာ။ ။ မင်းကြီး၊ ငါသည်ပင်လျှင် မွေးအရွယ် ပက်လက် အိပ်ခဲ့ရသော ကလေးသူငယ် ဖြစ်ခဲ့ရပြီး၊ ငါသည်ပင် ယခုအခါ ကြီးပြင်းလာ၏။ ဤခန္ဓာကိုယ်ကို အမှီပြု၍ မွေးစအရွယ် ငယ်ဘဝမှအစ ကြီးပြင်းလာသည့် အထိ ထိုအလုံးစုံ ကြီးထွားလာသည့် အဆင့်ဆင့်တို့ကို တပေါင်း တစုတည်း အဖြစ်ဖြင့် ရေတွက်အပ်ကုန်၏။ (အကြောင်းအကျိုး ဆက်စပ်ကာ ဖြစ်၏ ဟူလို)

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် တစ်စုံတစ်ယောက်သည် ညဉ့်ဦးယံက မီးထွန်းထားပေ၏။ ထိုမီးသည် တစ်ညလုံး ထွန်းလင်း တောက်ပ၏။ ဤတွင် ညဉ့်ဦးယံက မီးသည်လည်းကောင်း၊ သန်းခေါင်ယံက မီးသည်လည်းကောင်း၊ မိုးသောက်ယံက မီးသည်လည်းကောင်း တခြားစီ ဖြစ်လေသလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။ ထိုသို့ တသီးတခြားစီ ယူ၍ မဆိုနိုင်ပါ။ ထိုညဉ့်ဦးယံက မူလ မီးဟောင်းကိုပင် အမှီပြု၍ ထိုမီးသည် တစ်ညလုံး ထွန်းလင်းနေခြင်း ဖြစ်ပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ပရမတ္ထတရားတို့၏ ဖြစ်စဉ် (အစဉ်အဆက်) သည် ရှေ့နောက် ဆက်စပ်နေပေ၏။ (နောက်က) တရားတစ်ပါးသည် ဖြစ်ပေါ်လာလတ်သော် (ရှေ့က) အခြား တစ်ပါးသည် ချုပ်ငြိမ်းသွားလေ၏။ (ထိုအဟောင်းနှင့် အသစ် တရားတို့သည်) မရှေးမနှောင်း တပြိုင်နက်ကဲ့သို့ ရှေ့နောက် ဆက်စပ်၍ နေပေ၏။ ထိုသို့ တပြိုင်နက်ကဲ့သို့ "ဖြစ်ပြီး-ချုပ်ပျက်" ဆက်စပ်နေသောကြောင့် ရှေးဘဝဟောင်း၌ ဖြစ်သူက တခြား၊ နောက် ဘဝသစ်၌ ဖြစ်သူက တခြားမဟုတ်ပေ။ (ရှေးမွေးသူငယ်က တခြား၊ နောက် လူကြီးဖြစ်လာသူက တခြားမဟုတ်ပေ) ရှေးက (ရှေးဘဝက) ဖြစ်သည့် ဝိညာဉ်သည် နောက်က (နောက်ဘဝ၌) ဖြစ်သည့် ဝိညာဉ်ထဲ၌ ပေါင်းစည်းလေ၏။ (ရှေ့ဝိညာဉ်နှင့် နောက်က ဝိညာဉ်တို့သည် ဖြစ်စဉ်အားဖြင့် တစ်စပ်တည်း ဆက်စပ် နေပေ၏)။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် (ညှစ်ပြီးစ) နို့ရည်သည် ကြာသော် နို့ဓမ်း ဖြစ်သွား၏။ နို့ဓမ်းသည် ကြာသော် ဆီဦး ဖြစ်သွား၏။ ဆီဦးသည် ကြာသော် ထောပတ် ဖြစ်သွား၏။ ဤ၌ "(ညှစ်ပြီးစ) နို့ရည်သည်ပင် နို့ဓမ်း၊ ယင်းနို့ဓမ်းသည် ဆီဦး၊ ယင်း ဆီဦးသည်ပင် ထောပတ်ဖြစ်၏" ဟု ပြောလျှင် မှန်မည်လော။

မိ။ ။ အရှင်ဘုရား၊ မမှန်နိုင်ပါ။ (ညှစ်ပြီးစ) နို့ရည်ကို အမှီပြု၍ပင် (ကာလကြာ၍) နို့ဓမ်း၊ ဆီဦး၊ ထောပတ်တို့ ဖြစ်လာရခြင်းကြောင့်ပေတည်း။

နာ။ ။ မင်းကြီး၊ ထိုကဲ့သို့ပင် တရားဖြစ်စဉ် (အစဉ်အဆက်) သည် ရှေ့နောက် ဆက်စပ်ပေ၏။ တရားတစ်ပါးသည် ဖြစ်ပေါ်လာသော် အခြားတစ်ပါးသည် ချုပ်ငြိမ်းသွားလေ၏။ ရှေ့ဝိညာဉ်နှင့် နောက်ဝိညာဉ်၊ ရှေ့အရွယ်နှင့် နောက်အရွယ်၊ ရှေ့ဘဝနှင့် နောက်ဘဝတို့ အရာမှာလည်း ထိုနို့ရည်ဥပမာ အတိုင်းပေတည်း။ (နို့ဓမ်း စသည်သည် နို့ရည်နှင့် တစ်ထပ်တည်း တူသည်လည်းမဟုတ်၊ တခြားစီ ဖြစ်သည်လည်း မဟုတ်သကဲ့သို့ ထို့အတူပင် နောက်ဝိညာဉ်သည် ရှေ့ဝိညာဉ်နှင့် လည်းကောင်း၊ နောက်အရွယ်သည် ရှေ့အရွယ်နှင့် လည်းကောင်း၊ နောက်ဘဝသည် ရှေ့ဘဝနှင့်လည်းကောင်း တစ်ထပ်တည်း တူသည်လည်း မဟုတ်၊ တခြားစီ ဖြစ်သည်လည်း မဟုတ်ပေ။ တဖန် နောက်မှ ဖြစ်လာသော နို့ဓမ်း၊ ဆီဦး၊ ထောပတ်တို့ကို ရှေ့ကဖြစ်သည့် နို့ရည်နှင့် သဘာဝဖြစ်စဉ်အားဖြင့် တပေါင်းတည်း အဖြစ်ဖြင့် ရေတွက်ယူရသကဲ့သို့ ထို့အတူပင် နောက်မှဖြစ်သော ဝိညာဉ်၊ အရွယ်၊ ဘဝတို့ကိုလည်း ရှေ့ကဖြစ်သည့် ဝိညာဉ်အရွယ်၊ ဘဝနှင့် အစဉ်အတိုင်း သဘာဝ ဖြစ်စဉ်အားဖြင့် တပေါင်းတစုတည်း အဖြစ်ဖြင့် ရေတွက်ယူရပေ၏ ဟူလို။)

[ သတ္တဝါတစ်ဦးသည် ဘဝသစ်တခု၌ ပဋိသန္ဓေနေ၍ မွေးဖွားလာပြီး အချိန်ကာလ ကြာညောင်း ပြောင်းလဲ သွားသည်နှင့်အမျှပင် တဖြည်းဖြည်း ပြောင်းလဲ ကြီးထွားလာကာ တစ်လသား၊ နှစ်လသား တစ်နှစ်သား စသည် အိုမင်းသည့် အရွယ်အထိသို့ ပြောင်းလဲသွားသည် ဖြစ်သောကြောင့် မွေးစအရွယ်မှ အိုမင်းသည့် အရွယ်အထိ ကြီးပြင်းလာသည့် အဆင့်များ အသီးသီးသည် မူလမွေးစအရွယ်နှင့် တထေရာတည်း တူသည်ဟူ၍ လည်းကောင်း၊ လုံးဝ တခြားစီ ဖြစ်သည်ဟူ၍ လည်းကောင်း မဆိုနိုင်ချေ။ မွေးစအရွယ်မှ အိုမင်းသည်အထိ အဆင့်ဆင့် ပြောင်းလဲရာတွင် နောက်နောက် အဆင့်သစ် အသီးသီးတို့ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရှေ့ရှေ့ အဆင့်ဟောင်း အသီးသီးတို့သည် ချုပ်ပျောက်သွားပေ၏။

ဥပမာ နာရီ၏ စက္ကန့်လက်တံ ပြောင်းလဲသွားသည်ကို သိမြင်ရသကဲ့သို့ ရုပ်တရားတို့၏ သဘာဝ ဖြစ်စဉ် ပြောင်းသွားပုံကို သိမြင်နိုင်ရာ၏၊ စိတ်၏ ပြောင်းလဲသွားပုံမှာ ဘုရားရဟန္တာတို့သာ သိမြင်နိုင်လောက်အောင် အလွန်အမင်း မြန်လွန်းလှ၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာ စိတ်ပေါင်း ကုဋေတစ်သိန်းမျှ ဖြစ်ကြ ချုပ်ကြလေ၏။ နောက်စိတ်ဖြစ်တိုင်း ရှေ့စိတ် ချုပ်ငြိမ်းသွား၏။ ဘဝဟောင်းမှ ဘဝသစ်သို့ပင် သတ္တဝါ တို့ ကူးပြောင်းဖြစ်ကြရာတွင်လည်း ထိုမျှလျင်မြန်သည့် နှုန်းဖြင့်ပင် ဖြစ်ကြရသည်။ ယင်းသို့ တပြိုင်နက် ချက်ချင်းဆိုသလိုပင် စိတ်တို့၏ ဖြစ်စဉ်သည် နောက်စိတ် ဖြစ်၊ ရှေ့စိတ်ချုပ်ကာ အလွန်အမင်း လျင်မြန်စွာ ဖြစ်ပျက်လေ၏။ ဤတွင် နောက်က စိတ်သည် ရှေ့က စိတ်ကို အခြေခံ၍ ဖြစ်ပေါ်လာရသောကြောင့် နောက်က ဖြစ်သောစိတ်သည် ရှေ့က ချုပ်သွားသည့် စိတ်နှင့် တထပ်တည်းတူ၏ ဟူ၍လည်းကောင်း၊ တခြားဟူ၍ သော်လည်းကောင်း မဆိုနိုင်ချေ။ သို့ဖြစ်၍ ဘဝသစ်၌ ဖြစ်သောသူ (စိတ်)သည် ဘဝဟောင်းက စုတေသောသူ

(စိတ်)နှင့် တူ၏ ဟူ၍လည်းကောင်း၊ တခြားဟူ၍ သော်လည်းကောင်း မဆိုနိုင်ချေ။ တထပ်တည်း တူသည်ဟု ယူဆလျှင် "သဿတဒိဋ္ဌိ" ဖြစ်၍, တခြားစီဖြစ်သည်ဟု ယူဆလျှင်လည်း "ဥစ္ဆေဒဒိဋ္ဌိ" ဖြစ်သွားပေသည်။ ယင်းသို့ ဒိဋ္ဌိအစွန်းထွက် နှစ်ပါးမှ လွတ်ကင်းအောင် ရုပ်နာမ်တို့၏ သဘာဝ ဖြစ်စဉ်ကို မှန်ကန်စွာ နားလည်ရာ၏။]

## ၁၉။ ပဋိသန္ဓေ မနေရတော့ခြင်းကို သိ-မသိ

မိ။ ။ အရှင်ဘုရား၊ (ဘဝသစ်၌) ပဋိသန္ဓေ မနေရတော့သော ပုဂ္ဂိုလ်သည် (ဘဝသစ်၌) ပဋိသန္ဓေ နေရတော့မည်မဟုတ်ဟု ကိုယ်တိုင် သိပါသလော။

နာ။ ။ မင်းကြီး၊ သိပေ၏။

မိ။ ။ အရှင်ဘုရား၊ ထိုပုဂ္ဂိုလ်သည် ပဋိသန္ဓေ မနေရတော့ကြောင်းကို အဘယ်သို့ သိပါသနည်း။

နာ။ ။ မင်းကြီး၊ ထိုပုဂ္ဂိုလ်မှာ ပဋိသန္ဓေ နေရခြင်း၏ အကြောင်းတရား အထောက်အပံ့ ပစ္စည်းတရား မရှိသောကြောင့် "ငါ ပဋိသန္ဓေ မနေရတော့လတ္တံ့" ဟု သိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လယ်သမားတစ်ဦးသည် ထွန်ယက် စိုက်ပျိုး၍ စပါးတို့ဖြင့် သူ၏ စပါးကျီကို ပြည့်စေပြီးနောက်တွင် နောက်ထပ် ထွန်ယက်စိုက်ပျိုးမှု မပြုတော့ဘဲ ရှိပြီး စပါးတို့ကို စားစား-ရောင်းရောင်း ပြုအပ်ငြားအံ့။ ထိုသူသည် " ငါ့၏ စပါးကျီကား စပါးဖြင့် ပြည့်နေတော့မည် မဟုတ်"ဟု သိနိုင်သလော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ အဘယ်သို့ သိနိုင်သနည်း။

မိ။ ။ အရှင်ဘုရား၊ စပါးကျီပြည့်ခြင်း၏ အကြောင်းဖြစ်သည့် ထွန်ယက် စိုက်ပျိုးမှုသည် သူ့မှာ မရှိတော့သောကြောင့် သူသည် "ငါ၏ စပါးကျီ မပြည့်တော့လတ္တံ့" ဟု သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ပဋိသန္ဓေ မနေရတော့သော ထိုပုဂ္ဂိုလ်မှာ ပဋိသန္ဓေနေရခြင်း၏ အကြောင်းတရား အထောက်အပံ့ ပစ္စည်း မရှိတော့သောကြောင့် "ငါ ပဋိသန္ဓေ နေရတော့မည် မဟုတ်" ဟု သိရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ဆီနှင့် မီးစာဟူသော အခြေခံ အကြောင်းနှစ်ခု ရှိလျှင် ဆီမီး တောက်လောင်မှု ဖြစ်ပေါ်၏။ ဆီနှင့်မီးစာ မရှိလျှင် ဆီမီးသည် ငြိမ်းသွားရ၏။ ထို့အတူပင် "အဝိဇ္ဇာ" နှင့် "တဏှာ"တို့သည် ဘဝကို ဖြစ်စေတတ်သော ကုသိုလ်နှင့် အကုသိုလ်ကံတို့ကို ဖြစ်ပေါ်စေ၏။ "အဝိဇ္ဇာ'နှင့် 'တဏှာ"တို့ ရှိနေသမျှ ကာလပတ်လုံး ဘဝသစ် အဆက်ဆက် ဖြစ်နေရသည်သာတည်း။ ထို့ကြောင့် "အဝိဇ္ဇာ"နှင့် 'တဏှာ" ဟူသော ဘဝဖြစ်ခြင်း၏ အကြောင်းရင်းကြီး နှစ်ပါး မရှိတော့သော ပုဂ္ဂိုလ်သည် ကိုယ်တိုင်ပင် "ငါသည် ဘဝသစ်အတွက် နောက်ထပ် ပဋိသန္ဓေ မနေရတော့လတ္တံ့" ဟူ၍ သိမြင်နိုင်ပေ၏။ ]

## ၂၀။ ဉာဏ်နှင့်ပညာတူ မတူ

မိ။ ။ အရှင်ဘုရား၊ "ဉာဏ်" ရှိသောသူအား "ပညာ" ရှိပါသလော။

နာ။ ။ မင်းကြီး၊ ဉာဏ်ရှိသောသူအား "ပညာ"ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ "ဉာဏ်" သည်ပင်လျှင် "ပညာ" ဖြစ်ပါသလော။

နာ။ ။ မင်းကြီး၊ "ဉာဏ်"သည်ပင်လျှင် "ပညာ"ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ထို "ဉာဏ်" နှင့် "ပညာ" ရှိသောသူအား တွေဝေပါသလော၊ သို့မဟုတ် မတွေဝေ ပါသလော။

နာ။ ။ မင်းကြီး၊ အချို့သောနေရာ၌ တွေဝေ၍ အချို့သောနေရာ၌ မတွေ့ဝေပေ။

မိ။ ။ အရှင်ဘုရား၊ အဘယ်နေရာ၌ တွေဝေပါသနည်း။

နာ။ ။ မင်းကြီး၊ ရှေးက မသိဖူး မကြားဖူးသေးသော အတတ်ပညာ၊ ရှေးက မရောက်ဖူးသေးသော အရပ်ဒေသ၊ ရှေးက မကြားဖူးသေးသော အမည်နာမတို့၌ တွေဝေပေ၏။

မိ။ ။ အရှင်ဘုရား၊ အဘယ်အရာ၌ မတွေဝေပါသနည်း။

နာ။ ။ မင်းကြီး၊ ပညာဖြင့်ပြုအပ်သော အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော ဝိပဿနာအမှုတို့၌ မတွေဝေပေ။

မိ။ ။ အရှင်ဘုရား၊ ထိုပုဂ္ဂိုလ်၏ တွေဝေမှု (မောဟ)သည် ဘယ်ရောက်သွားပါသနည်း။

နာ။ ။ မင်းကြီး၊ ထိုမောဟသည် ဉာဏ်ဖြစ်ပေါ်သည့် ခဏ၌ပင် ချုပ်ပျောက်သွားပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။	။ မင်းကြီး၊ ဥပမာအားဖြင့် မှောင်မိုက်သောအိမ်ထဲ၌ မီးထွန်းသော် “မီးရောင် ထွန်းလင်းသည့် ခဏ၌ပင် အမိုက်မှောင်သည် ပျောက်ကွယ်သွားသကဲ့သို့ ထို့အတူပင် ဉာဏ် (အလင်း) ဖြစ်ပေါ်သည့် ခဏ၌ပင် မောဟ (အမှောင်)သည် ချုပ်ပျောက်သွားပေ၏။

မိ။	။ အရှင်ဘုရား၊ ပညာသည်ကား ဘယ်ရောက်သွားပါသနည်း။

နာ။	။ မင်းကြီး၊ ပညာသည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော မိမိ၏ ဝိပဿနာအမှုကို ပြုပြီးသည့် ခဏ၌ပင် ချုပ်ပျောက်သွားပေ၏။ သို့ရာတွင် ထိုပညာဖြင့် ပြုအပ်ပြီးသည့် အနိစ္စ, ဒုက္ခ, အနတ္တဟူသော ဝိသနာဘာဝနာ အမှုသည်ကား ချုပ်ပျောက်မသွားပေ။ (ကျန်ရစ် တည်ရှိ ပေ၏။

မိ။	။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။	။ မင်းကြီး၊ ဥပမာအားဖြင့် တစ်စုံတစ်ယောက်သော သူသည် ညအခါ မီးထွန်း၍ စာရေး၏။ စာရေးပြီးသော် မီးကို ငြိမ်းလိုက်၏။ မီးငြိမ်းသွားသော်လည်း (မီးဖြင့်) သူရေးခဲ့သော စာကား ပျောက်မသွားပေ။ ထို့အတူပင် ပညာသည် ချုပ်ပျောက် သွားသော်လည်း ပညာဖြင့် ပြုထားအပ်သော ဝိပဿနာ ဘာဝနာအမှုသည်ကား ပျောက်မသွားပေ။

မိ။	။  အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။	။ မင်းကြီး၊ ဥပမာအားဖြင့် အရှေ့ဘက် ဇနပုဒ် အရပ်များ၌ လူတို့သည် အိမ်မီးလောင်လျှင် မီး ငြိမ်းသတ်ရန် အတွက် အိမ်တိုင်း အိမ်တိုင်း၌ ရေအပြည့် အိုးငါးလုံးစီကို ထားကြ၏။ အိမ် မီးလောင်သောအခါ သူတို့သည် ထိုရေအိုး ငါးလုံးကို အိမ်ပေါ်သို့ ပစ်ကြကုန်၏။ ထို့ကြောင့် မီးငြိမ်းသွား၏။ မင်းကြီး၊ ထိုအခါ သူတို့သည် ရေအိုးတို့ဖြင့် ရေအိုးကိစ္စကို တဖန် ပြုဦးမည်လော။

မိ။	။ အရှင်ဘုရား၊ ထိုရေအိုးတို့ဖြင့် ပြုဖွယ်ကိစ္စ မရှိတော့ပါ။

နာ။	။ မင်းကြီး၊ ရေအိုးငါးလုံးတို့သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဣန္ဒြေငါးပါးနှင့် တူ၏။ မီးငြိမ်းသတ်သော သူသည် ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ မီးသည် ကိလေသာနှင့် တူ၏။ ရေအိုးငါးလုံး တို့ဖြင့် မီးကို ငြိမ်းသတ်ခြင်းသည် ဣန္ဒြေငါးပါးတို့ဖြင့် ကိလေသာမီးကို ငြိမ်းသတ်ခြင်းနှင့် တူ၏။ ထို့အတူ ပညာသည် မိမိကိစ္စကို ပြုပြီး၍ ချုပ်ပျောက်သွားသော်လည်း ပညာဖြင့် ပြုအပ်သော ဝိပဿနာ ဘာဝနာအမှု (မီးငြိမ်းသွားမှု) သည်ကား ပျောက်ပျက်မသွားပေ။

မိ။	။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ကျွမ်းကျင်သော ဆေးသမားသည် ပဥ္စမူလဆေးဖြင့် လူနာကို ကုသရာ ထိုဆေးကြောင့် လူနာသည် စမြင်းဒေါသတို့ ကျဆင်းပြီး ရောဂါပျောက်သွား၏။ မင်းကြီး၊ ထိုအခါ ဆေးသမားသည် ထိုပဥ္စမူလဆေးဖြင့် ဆေးကုခြင်းကိစ္စကို ပြုပါဦးမည်လော။

မိ။ ။ အရှင်ဘုရား၊ ထိုပဥ္စမူလဆေးဖြင့် ပြုဖွယ်ကိစ္စ မရှိတော့ပါ။

နာ။ ။ မင်းကြီး၊ ပဥ္စမူလဆေးသည် ဉာဏ်ငါးပါးနှင့် တူ၏။ ဆေးသမားသည် ယောဂဝစရပုဂ္ဂိုလ်နှင့် တူ၏။ လူနာသည် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် တူ၏။ စမြင်းဒေါသ အနာရောဂါသည် ကိလေသာနှင့် တူ၏။ စမြင်းဒေါသ တို့ ထွက်ကျပြီး အနာရောဂါ ပျောက်ကင်းခြင်းသည် ကိလေသာတို့ ကင်းပျောက်ခြင်းနှင့် တူ၏။

မိ။ ။ အရှင်ဘုရား၊ တဖန်ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သူရဲကောင်းတစ်ဦးသည် စစ်မြေပြင်၌ မြားငါးစင်းတို့ဖြင့် ရန်သူတို့ကို တိုက်ခိုက်နှိမ်နင်း၍ ရန်သူများ ကျဆုံးသွားကြ၏။ မင်းကြီး၊ ထိုသူရဲကောင်းသည် တဖန် မြားငါးစင်း တို့ဖြင့် မြားကိစ္စကို ပြုဦးမည်လော။

မိ။ ။ အရှင်ဘုရား၊ ထိုမြားငါးစင်းတို့ဖြင့် ပြုဖွယ်ကိစ္စ မရှိတော့ပါ။

နာ။ ။ မင်းကြီး၊ မြားငါးစင်းတို့သည် ဉာဏ်ငါးပါးနှင့် တူ၏။ စစ်မြေပြင်ရှိ သူရဲကောင်းသည် ယောဂါဝစရ ပုဂ္ဂိုလ်နှင့် တူ၏။ ရန်သူတို့သည် ကိလေသာများနှင့် တူ၏။ ရန်သူများ ပျက်စီးခြင်းသည် ကိလေသာ ကင်းပျောက်ခြင်းနှင့် တူ၏။ ဤသို့ပင် ပညာသည် မိမိကိစ္စကို ပြုပြီး၍ ချုပ်ပျောက် သွားသော်လည်း ပညာဖြင့် ပြုအပ်ပြီးသော ဝိပဿနာဘာဝနာ အမှုကား ပျောက်မသွားပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ ဉာဏ်နှင့် ပညာတို့သည် ဝေါဟာရအားဖြင့်သာ ကွဲပြားပြီး သဘော အဓိပ္ပာယ်အားဖြင့် အတူတူဖြစ်၏။ ဉာဏ်ပညာသည် မသိမှုမောဟ (အဝိဇ္ဇာ)၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဉာဏ်တည်းဟူသော အလင်းရောင် ဖြစ်ပေါ်သည်နှင့် တပြိုင်နက် မောဟ(အဝိဇ္ဇာ)ဟူသော အမိုက်မှောင်သည် ပျောက်သွားရ၏။ ပရမတ္ထတရားတို့ မည်သည် ဖြစ်ပေါ်လာပြီး မိမိတို့ကိစ္စကို ပြုလုပ်ပြီးသော် ချုပ်ပျောက်သွားကြ၏။ သို့ရာတွင် ၎င်းတို့ ပြုလုပ်ခဲ့ သည့် လက်ရာကား ကျန်ရစ်ခဲ့သည်သာတည်း။ ထို့ကြောင့် ပရမတ္ထတရားဖြစ်သည့် ပညာသည်လည်း မိမိကိစ္စကို ပြုပြီး၍ ချုပ်ပျောက်သွားသော်လည်း ၎င်းပြုသည့် ဝိပဿနာအမှုကား ကျန်ရစ်ခဲ့ပေ၏။ ]

## ၂၁။ ရဟန္တာပုဂ္ဂိုလ်၏ ဒုက္ခဝေဒနာ ခံစားမှု

မိ။ ။ အရှင်ဘုရား၊ ပဋိသန္ဓေ မနေရတော့သော ရဟန္တာ ုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော ရောဂါ ဝေဒနာကို ခံစားရပါသလော။

နာ။ ။ မင်းကြီး၊ အချို့သော ဒုက္ခဝေဒနာကို ခံစားရ၍ အချို့သော ဒုက္ခဒနာကို မခံစားရချေ။

မိ။ ။ အရှင်ဘုရား၊ အဘယ် ဒုက္ခဝေဒနာကို ခံစားရ၍ အဘယ်ဒုက္ခ ဝေဒနာကို မခံစားရပါသနည်း။

နာ။ ။ မင်းကြီး၊ ကိုယ်၌ဖြစ်သော (ကာယိက)ဒုက္ခဝေဒနာကို ခံစားရ၍ စိတ်၌ဖြစ်သော (စေတသိက) ဒုက္ခဝေဒနာကို မခံစားရချေ။

မိ။ ။ အရှင်ဘုရား၊ အဘယ့်ကြောင့်ပါနည်း။

နာ။ ။ မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာ ဖြစ်ခြင်း၏ အကြောင်းတရားကို မပယ်သောကြောင့် ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာကို ခံစားရပေ၏။ စိတ်၌ဖြစ်သော ဒုက္ခဝေဒနာ ဖြစ်ခြင်း၏ အကြောင်းတရားကိုမူ ပယ်ပြီးလေသောကြောင့် စိတ်၌ဖြစ်သော ဒုက္ခဝေဒနာကို မခံစားရချေ။ မင်းကြီး၊ ဘုရားရှင်ကလည်း 'ရဟန္တာပုဂ္ဂိုလ်သည် ကာယိက ဝေဒနာကိုသာ ခံစားရ၍ စေတသိက ဝေဒနာကို မခံစားရကြောင်း' ဟောကြားထားပေ၏။

မိ။ ။ အရှင်ဘုရား၊ ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာကို ခံစားရသော ရဟန္တာသည် အဘယ့်ကြောင့် ပရိနိဗ္ဗာန် မပြုဘဲ နေပါသနည်း။

နာ။ ။ မင်းကြီး၊ ရဟန္တာပုဂ္ဂိုလ်မှာ ချစ်ခြင်းမုန်းခြင်း မရှိချေ။ ရဟန္တာဖြစ်သော ပညာရှိတို့သည် မရင့်ကျက်သေးသည်ကို မကြွေကျစေဘဲ ရင့်ကျက်သည်ကို ဆိုင်းငံ့ကြကုန်၏။ ထို့ကြောင့် မင်းကြီး၊ ရှင်သာရိပုတ္တရာမထေရ်ကလည်း ဤသို့ဟောကြားထားပေ၏။ "ငါသည် သေခြင်းကို လည်းကောင်း၊ အသက်ရှင်နေခြင်းကိုလည်းကောင်း မနှစ်သက်၊ လခစားသည် ရအံ့သော အခကြေးငွေကို မျှော်လင့်တောင့်တ (စောင့်မျှော်) နေသကဲ့သို့ ငါသည် မပြတ်သော သတိ၊ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသည်သာ ဖြစ်၍ သေရမည့်အခါကိုသာ မျှော်လင့် တောင့်တ နေပေ၏။

မိ။ ။ အရှင်ဘုရား။ သင့်မြတ် ကောင်းလှပါပေ၏။

[ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဟူသော ရုပ်ခန္ဓာကိုယ်နှင့် ပတ်သက်သည့် လောကီဆိုင်ရာ အကောင်းအဆိုး ဒဏ်တို့ကို ခံနိုင်ရည် ရှိပေ၏။ ခံနိုင်သည့် သံမဏိအဆင့်သို့ ရောက်နေပေ၏။ သဘာဝဖြစ်စဉ် လောကဓံ တရားတို့ကို မတုန်မလှုပ် ကြံ့ကြံ့ခိုင်စွာ ခံယူလေ၏။ ဆင်းရဲနှင့် တွေ့သော်လည်း စိတ်ဆင်းရဲမှု မဖြစ်၊

ချမ်းသာနှင့် တွေ့သော်လည်း ဝမ်းသာမှု မဖြစ်ပေ။ ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကြီးကို "အကောင်ပုပ်" ပမာ သဘောထားသော်လည်း ချစ်ခြင်း၊ မုန်းခြင်း၊ အလျင်းမရှိပေ။ ထို့ကြောင့် အသက်သေခြင်းကို လည်းကောင်း၊ အသက်ရှင်နေရခြင်းကို လည်းကောင်း နှစ်သက်ခင်တွယ်မှု၊ ဝမ်းနည်းစိတ်ညစ်၊ မုန်းတီးမှုမျိုးလည်း မရှိပေ။ သဘာဝအတိုင်း ကြွေချိန်တန် ကြွေ၊ သေချိန်တန် သေခြင်းမျိုးကိုသာ စောင့်မျှော် ခံယူလေ၏။]

## ၂၂။ သုခဝေဒနာ၏ သဘော

မိ။ ။ အရှင်ဘုရား၊ သုခဝေဒနာသည် ကုသိုလ်လော၊ အကုသိုလ်လော၊ အဗျာကတလော။

နာ။ ။ မင်းကြီး၊ သုခ ဝေဒနာ သည် ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်း ဖြစ်နိုင်၏။ အဗျာကလည်း ဖြစ်နိုင်၏။

မိ။ ။ အရှင်ဘုရား၊ သုခဝေဒနာသည် ကုသိုလ် ဖြစ်ပါမူ ဒုက္ခ မဖြစ်နိုင်ရာ။ အကယ်၍ ဒုက္ခဖြစ်ပါမူ ကုသိုလ် မဖြစ်နိုင်ရာ၊ ကုသိုလ်သည် ဒုက္ခမဖြစ်နိုင်ပေ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတစ်ယောက်၏ လက်တစ်ဘက်၌ ရဲရဲတောက် ပူလောင်သော သံတွေခဲကို ထားပြီး အခြား လက်တစ်ဘက်ထဲ၌ အလွန်အေးသော ရေခဲတုံးကိုထားသည် ဆိုပါစို့၊ မင်းကြီး၊ အသို့နည်း။ ထိုသံတွေခဲနှင့် ရေခဲတုံး နှစ်ခုလုံးသည် (ထိုသူကို) လောင်ကုန်ရာသလော။

မိ။ ။ အရှင်ဘုရား ထိုနှစ်ခုလုံးပင် (ထိုသူကို) လောင်ကုန်ရာ၏။

နာ။ ။ မင်းကြီး၊ ထိုနှစ်ခုလုံးသည် အပူချည်းလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။

နာ။ ။ မင်းကြီး၊ သို့မဟုတ် ထိုနှစ်ခုလုံးသည် အအေးချည်းလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။

နာ။ ။ မင်းကြီး၊ အပူသည် လောင်သည် ဖြစ်အံ့၊ ထိုနှစ်ခုလုံးသည် ထိုအပူချည်း မဟုတ်သောကြောင့် (နှစ်ခုလုံး လောင်သည် ဆိုတာ) မဖြစ်နိုင်။ အအေးသည် လောင်သည်ဖြစ်အံ့၊ ထိုနှစ်ခုလုံးသည် အအေးချည်း မဟုတ်သောကြောင့် (နှစ်ခုလုံး လောင်သည် ဆိုတာ) မဖြစ်နိုင်။ မင်းကြီး၊ ထိုနှစ်ခုလုံးသည် အဘယ့်ကြောင့် လောင်ကုန်သနည်း။ ထို နှစ်ခုလုံးသည် အပူချည်းလည်း မဟုတ်ဘဲ၊ အအေးချည်းလည်း မဟုတ်ကုန်။ တစ်ခုသည် ပူ၏။ တစ်ခုသည် အေး၏။ ထိုနှစ်ခုလုံး လောင်သည်ဆိုတာ မဖြစ်နိုင်။

မိ။ ။ အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားနှင့် တုပြိုင် ပြောဆိုရန် မစွမ်းနိုင်ပါ။ ဆိုလိုရင်းအနက် အဓိပ္ပာယ်ကိုသာ ဟောကြားတော်မူပါ။

ထိုအခါ မထေရ်သည် မင်းကြီးအား အဘိဓမ္မာနှင့် စပ်ဆိုင်သော တရားစကားကို ဟောကြားလေ၏။

နာ။ ။ မင်းကြီး၊ ဝေဒနာသည် ၁၀၈-ပါးရှိ၏။ (အာရုံခြောက်ပါးကိုလိုက်၍) အိမ်ရာဆောင်သော လူတို့နှင့် စပ်ဆိုင်သည့် သောမနဿဝေဒနာ ၆ ပါး၊ ဒေါမနဿဝေဒနာ ၆ ပါး၊ ဥပေက္ခာဝေဒနာ ၆ ပါး (ပေါင်း ၁၈ ပါး)။ တောထွက်သော ရဟန်းပုဂ္ဂိုလ်များနှင့် စပ်ဆိုင်သည့် သောမနဿ ဝေဒနာ ၆ ပါး၊ ဒေါမနဿ ဝေဒနာ ၆ ပါး၊ ဥပေက္ခာ ဝေဒနာ ၆ ပါး (ပေါင်း ၁၈-ပါး)။ ဤနှစ်ခုပေါင်း ဝေဒနာအပြား ၃၆-ပါးကို ကာလသုံးပါးဖြင့် မြှောက်ပါလျှင် စုစုပေါင်း ဝေဒနာ အပြား ၁၀၈ပါး ရှိပေ၏။

မိ။ ။ အရှင်ဘုရား။ သင့်မြတ် ကောင်းလှပါပေ၏။

[သုခ = ချမ်းသာခြင်း တည်းဟူသော ဝေါဟာရ၏ အဓိပ္ပာယ်သည် လောကီနှင့် လောကုတ္တရာ အမြင်အားဖြင့် အရှေ့နှင့် အနောက်ပမာ လွန်စွာဆန့်ကျင် ကွာခြားလှ၏။ လောကီအမြင်အားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အမျိုးမျိုးကို "ချမ်းသာသုခ"ဟု ထင်နေကြ၏။ လောက၌ ပစ္စည်းဥစ္စာ ကြွယ်ဝ၍ ဇိမ်ခံကာ ပျော်တပြုံးပြုံးနှင့် နေနိုင်သည်ကို တကယ့် 'လူ့ချမ်းသာ'ဟု ထင်မှတ် သမုတ်နေကြ၏။ လောကုတ္တရာ အနေအားဖြင့်မူ မတည်မြဲ၊ မသေချာ၊ ပြောင်းလဲ ပျက်ယွင်းသွားနိုင်သည့် ချမ်းသာမျိုးကို "ချမ်းသာသုခ"ဟု မခေါ်ဘဲ တကယ့် "ဆင်းရဲအစစ်ကြီး"ဟူ၍ပင် မှတ်ချက်ချ ထားပေ၏။ "ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝတ်စားကျင်းမှာ တရှုပ်ရှုပ်" ဟူသကဲ့သို့ ယခုဘဝ၌ ဗြဟ္မာမင်းကြီး ဖြစ်နေသော်လည်း နောင်ဘဝ၌ "ဝက်" ဖြစ်ကာ 'သတ်စားခံရမှု' ဆင်းရဲခြင်းကို ဧကန် ခံရဦးမည်သာတည်း။ ဤသို့ လောကီသုခသည် ဒုက္ခနှင့် ဒွန်တွဲနေပေ၏။ စင်စစ် ဘဝရှိနေသမျှ ဒုက္ခကြီးသာတည်း။ ဘဝဟူသည် ဒုက္ခ၏ ရေသောက်မြစ်ကြီးပေတည်း။ ဘဝ၌ လောကီအနေဖြင့် ချမ်းသာသုခကို ပေးသည်ဟုဆိုသော ကုသိုလ်တရားသည် "ရေခဲ"ကဲ့သို့ လက်ခံ စွဲယူထားသူအား ဒုက္ခပေးမည်သာတည်း။ ထို့ကြောင့် ဘဝလွတ်မြောက် နိဗ္ဗာန်ရောက်၍ ရရှိသော မပြောင်းမလဲ မပျက်စီးတော့သည့် "ထာဝရ ချမ်းသာ"ကိုသာ ချမ်းသာအစစ်ဟူ၍ မှတ်ယူရာသတည်း။ ]

## ၂၃။ နာမ်ရုပ် အဟောင်းအသစ်တို့ တူ-မတူ

မိ။ ။ အရှင်ဘုရား၊ အဘယ်တရားသည် ပဋိသန္ဓေ နေပါသနည်း။

နာ။ ။ မင်းကြီး၊ နာမ်ရုပ်သည် ပဋိသန္ဓေ နေ၏။

မိ။ ။ အရှင်ဘုရား၊ ဤပစ္စုပ္ပန် နာမ်ရုပ်သည်ပင် ပဋိသန္ဓေ နေပါသလား။

နာ။ ။ မင်းကြီး၊ ဤပစ္စုပ္ပန် နာမ်ရုပ်သည် ပဋိသန္ဓေ မနေပါ။ သို့ရာတွင် ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြု၏။ ထိုကံဖြင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေ၏။

မိ။ ။ အရှင်ဘုရား၊ ဤပစ္စုပ္ပန် နာမ်ရုပ်သည် ပဋိသန္ဓေ မနေသည်ဖြစ်အံ့၊ (ထိုသူသည်) မကောင်းမှုတို့မှ လွတ်မြောက်မည် မဟုတ်ပါလော။

နာ။ ။ မင်းကြီး၊ (ဤပစ္စုပ္ပန် နာမ်ရုပ်သည်) အကယ်၍ ပဋိသန္ဓေ မနေသည်ဖြစ်အံ့၊ မကောင်းမှုတို့မှ လွတ်ပေရာ၏။ သို့ရာတွင် ယင်းပစ္စုပ္ပန် နာမ်ရုပ်ကြောင့် (ဝါ) ယင်းပစ္စုပ္ပန် နာမ်ရုပ်လျှင် အကြောင်းခံ ရှိသောကြောင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေရသည်ဖြစ်၍ မကောင်းမှုတို့မှ မလွတ်မြောက် နိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတစ်ယောက်သည် အခြား လူတစ်ယောက်၏ သရက်ပင်မှ သရက်သီးကို ခိုးယူလတ်တော် သရက်ပင်ပိုင်ရှင်က ထိုသူကိုဖမ်း၍ မင်းထံ ပို့ရာ၏။ မင်းကြီးက စစ်ဆေးသောအခါ ထိုခိုးသူက 'အရှင်မင်းကြီး၊ ဤသူ၏ သရက်သီးကို ကျွန်ုပ်မခိုးပါ။ ဤသူ စိုက်ပျိုးခဲ့သော သရက်သီးနှင့် ယခု ကျွန်ုပ်ခိုးယူသော သရက်သီးသည် တခြားစီ ဖြစ်ပါ၏။ ကျွန်ုပ်အား အပြစ်မပေးထိုက်ပါ'ဟု လျှောက်လဲပြောအံ့၊ သင်မင်းကြီးသည် ထိုသူအား အပြစ်ပေးမည်လော။

မိ။ ။ အရှင်ဘုရား၊ ထိုခိုးသူက ထိုသို့ပင် ဆိုစေကာမူ သူ ခိုးယူအပ်သော သရက်သီးသည် သရက်ပင် ပိုင်ရှင် စိုက်ပျိုးခဲ့သော သရက်သီးမှ ဖြစ်၏။ ယင်း မူလသရက်သီးနှင့် မကင်းနိုင်၊ တခြားစီ မဖြစ်နိုင်သော ကြောင့် ထိုခိုးသူကို အပြစ်ပေးရပါမည်။

နာ။ ။ မင်းကြီး၊ ဤသရက်သီး ဥပမာအတိုင်းပင် ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြု၏။ ထိုပစ္စုပ္ပန် နာမ်ရုပ်က ပြုလုပ်ခဲ့သော ကံကြောင့် အခြားနာမ်ရုပ် ( အသစ် ပဋိသန္ဓေ နေရသည် ဖြစ်၍ ထိုသူသည် မကောင်းမှုတို့မှ မလွတ်နိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ နောက်ထပ် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး ဥပမာအားဖြင့် (၁) လူတစ်ဦးသည် သူတပါး၏ စပါးကို ခိုးယူပြောအံ့၊ သူခိုးယူသော စပါးသည် စပါးရှင်စိုက်ပျိုးခဲ့သည့် မူလစပါးမှ မကင်းသောကြောင့် ထိုသူသည် အပြစ်ပေး ထိုက်သကဲ့သို့ လည်း ကောင်း၊ (၂) မင်းကြီး၊ ထို့အတူပင် သူတပါး၏ ကြံကို ခိုးယူသောသူလည်း အပြစ်မှ မလွတ်နိုင်သကဲ့သို့ လည်းကောင်း၊ (၃) မင်းကြီး၊ လူတစ်ယောက်သည် ဆောင်းအခါ မီးမွှေး၍ မီးလှုံပြီးနောက် ထိုမီးကို မငြိမ်းသတ်ဘဲ ထွက်သွား၏။ ထိုမီးသည် သူတပါး၏ လယ်ကိုလောင်၏။ ထိုသူ မွှေးပြီး လှုံသောမီးသည်

လယ်ကို လောင်သောမီးနှင့် တခြားစီဟု ဆိုစေကာမူ ထိုသူသည် အပြစ်မှ မလွတ်နိုင်သကဲ့သို့ လည်းကောင်း၊ (၄) မင်းကြီး၊ အိမ်တအိမ်၌ လူတယောက် ထွန်းညှိထားသော မီးသည် ထိုအိမ်ကို လောင်ပြီးနောက် အခြားအိမ်များကိုပါ လောင်သွားလေရာ ထိုသူလည်း အပြစ်မှ မလွတ်နိုင်သကဲ့သို့လည်းကောင်း၊ (၅) မင်းကြီး၊ ယောကျ်ားတစ်ဦးသည် သူငယ်မတစ်ဦးအား အရွယ်ရောက်လျှင် သိမ်းပိုက်အံ့ဟု ဥစ္စာကြေးကို ပေးကမ်း၍ ကတိတောင်းယူပြီး ထွက်သွား၏။ ထိုသူငယ်မ အရွယ်ရောက်သော် အခြားယောကျ်ား တစ်ဦးက သိမ်းပိုက်သွားလေ၏။ ထို ဒုတိယ ယောကျ်ားက 'ယခု ကျွန်ုပ်ယူသော အရွယ်ရောက်ပြီး ဤအမျိုးသမီးသည် အရွယ် မရောက်သေးသည့် ထိုအမျိုးသမီးမှ တခြားဖြစ်၏'ဟု ဆိုစေကာမူ အပြစ်မှ မလွတ်နိုင်သကဲ့သို့ လည်းကောင်း၊ (၆) မင်းကြီး၊ လူတစ်ယောက်သည် နွားကျောင်းသားတစ်ဦးထံမှ နွားနို့ကိုဝယ်ပြီး ထိုနွားနို့ကို ယူမသွားဘဲ ထိုနွားကျောင်းသားအား အပ်ခဲ့ပြီး ထွက်သွား၏။ နောက်တနေ့မှ ထိုသူလာယူသော် ထိုနွားနို့သည် နို့ဓမ်း နို့ချဉ်ဖြစ်နေ၏။ ထိုသူက နွားကျောင်းသားအား "ငါ၏ နွားနို့ကို ပေးလော့'ဟု တောင်း၍ ငြင်းခုံကြသော် နွားကျောင်းသားကိုသာ အနိုင်ပေးရမည်ကဲ့သို့ လည်းကောင်း -

မင်းကြီး၊ ထို့အတူပင် သေခါနီးကာလ၌ ဖြစ်သော (ပစ္စုပ္ပန်) နာမ်ရုပ်သည် တခြား၊ ပဋိသန္ဓေနေသော တပါးသော နာမ်ရုပ်(အသစ်)သည် တခြားဟု ဆိုစေကာမူ စင်စစ်အားဖြင့် ပဋိသန္ဓေနေသော နာမ်ရုပ် (အသစ်)သည် ထိုသေခါနီးကာလ၌ ဖြစ်သောနာမ်ရုပ် (အဟောင်း)ကို အရင်းခံ၊ အကြောင်းခံ၍ ဖြစ်ပေါ်လာရခြင်းဖြစ်၏။ ထို့ကြောင့် (ထိုနာမ်ရုပ်ပိုင်ရှင် ပုဂ္ဂိုလ်သည်) မကောင်းမှုတို့မှ မလွတ်မြောက်နိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ စိုက်ပျိုးအပ်သော သရက်စေ့သည် အညှောက်ပေါက်၍ တဖြည်းဖြည်း ကြီးထွားလာပြီး ပင်စည်၊ အကိုင်းအခက်တို့နှင့် ပြည့်စုံလာလျက် ပွင့်သီးလေရာ သီးသော သရက်သီးသည် မူလသရက်မျိုးစေ့မှ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူပင် အဝိဇ္ဇာနှင့်တဏှာ မကင်းသော ပုဂ္ဂိုလ်၏ ယခုဘဝရှိ နာမ်ရုပ်အဟောင်းက ပြုသမျှသော ကုသိုလ်ကံ၊ အကုသိုလ်ကံ အလုံးစုံသည် နောင်ဘဝသစ်ကို ဖြစ်စေပြီး ကောင်းကျိုးဆိုးကျိုး အပွင့်အသီးတို့ကို ဖန်တီးပေးသည်သာတည်း။ အခန်း (၁၈)၌ ဖော်ပြခဲ့သည့် အတိုင်းပင် ဤဘဝရှိ နာမ်ရုပ် အဟောင်းနှင့် နောင်ဘဝ၌ ဖြစ်သည့် နာမ်ရုပ်အသစ်သည် တခြားစီ မဟုတ်ပေ။ နာမ်ရုပ်အသစ်သည် နာမ်ရုပ်အဟောင်းကို အခြေခံ၍ အမှီပြု၍ ဖြစ်ပေါ်လာရသောကြောင့် နာမ်ရုပ်အဟောင်းက ပြုခဲ့သမျှသော ကောင်းမွေ၊ ဆိုးမွေ (ကောင်းကျိုးဆိုးကျိုး)တို့ကို မလွဲမသွေ ဆက်ခံရသည်သာတည်း။ ထို့ကြောင့် ဤဘဝ၌ မကောင်းမှုပြုလျှင် နောင်ဘဝသစ်၌ မကောင်းကျိုးမှ မလွတ်မြောက်နိုင်။ ကောင်းမှုပြုခဲ့လျှင်လည်း ကောင်းကျိုးကို ဧကန်ခံစားရမည် သာတည်း။]

## ၂၄။ ရှင်နာဂသိန် တဖန် ပဋိသန္ဓေ နေ-မနေ

မိ။ ။ အရှင်ဘုရားသည် တဖန် ပဋိသန္ဓေ နေရဦးမည်လော။

နာ။ ။ မင်းကြီး၊ ဤမေးခွန်းကို မေးခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း။ "ငါသည် အကယ်၍ ဥပါဒါန် တရား ရှိသေးသည် ဖြစ်အံ့၊ တဖန် ပဋိသန္ဓေ နေရဦးလတ္တံ့။ အကယ်၍ ဥပါဒါန်တရား မရှိအံ့၊ ပဋိသန္ဓေ မနေရ တော့လတ္တံ့- ဟူ၍ ရှေးကပင် (အခန်း ၆ ၌) ဖြေကြားပြီးပြီ မဟုတ်လော။

မိ။ ။ အရှင်ဘုရား၊ ဥပမာ ပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် မင်းခစားတစ်ဦးသည် မင်း၏ အမှုကိစ္စတို့ကို အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ သဖြင့် မင်းထံမှ ဆုလာဘ်များစွာကို ရရှိ၍ ကာမဂုဏ် ငါးပါးတို့ကို ခံစားရလေ၏။ သို့ပါလျက် ထိုသူသည် နောင်သောအခါ "မင်းကြီးသည် ငါ့အား ဆုလာဘ် မချီးမြှင့်ပါ" ဟု ဆိုလျှင် သင့်တော် မည်လော။

မိ။ ။ အရှင်ဘုရား၊ မသင့်တော်ပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ငါဖြေပြီးသော ပြဿနာကို ထပ်မေး၍ အကျိုးမရှိပါ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှ ပါပေ၏။

[မင်းကြီးသည် ဤမေးခွန်းကို အခန်း ၆ ၌ မေးပြီးဖြစ်၏။ မထေရ်က ဝိနည်းတော်နှင့် လျော်ညီစွာပင် "မိမိ ရဟန္တာပြစ်ကြောင်းကို မပြောကြားဘဲ ဒုတိယမွိ လျှို့ဝှက်ထားပြန်လေ၏။ ရှင်လင်းချက်ကို အခန်း ၆ ၌ ကြည့်ပါလေ။]

## ၂၅။ နာမ်နှင့် ရုပ်တို့၏ ပဋိသန္ဓေနေမှု

မိ။ ။ အရှင်ဘုရားသည် "နာမ်ရုပ်"ဟူ၍ ဆိုခဲ့ပါ၏။ ထိုနှစ်ပါးတွင် နာမ်သည် အဘယ်သဘောရှိ၍ ရုပ်ကား အဘယ်သဘော ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ကြမ်းတမ်းသည့် သဘောရှိသော တရားတို့သည် ရုပ်မည်၏။ သိမ်မွေ့နူးညံ့သည့် သဘောရှိသော စိတ်, စေတသိက်တို့သည် နာမ် မည်၏။

မိ။ ။ အရှင်ဘုရား၊ အဘယ်ကြောင့် နာမ်ချည်းသက်သက်၊ သို့မဟုတ် ရုပ်ချည်းသက်သက် ပဋိသန္ဓေ မနေပါသနည်း။

နာ။ ။ မင်းကြီး၊ ထိုနာမ်ရုပ်တရားတို့သည် အချင်းချင်းကို မှီနေကြသဖြင့် တပေါင်းတည်းသာ ဖြစ်ကြပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာ ပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ကြက်မမှာ ကလလရေကြည် မဖြစ်မရှိလျှင် ဥ (ကြက်ဥ)လည်း မဖြစ်နိုင်။ ကလလရေကြည်နှင့် ဥတို့သည် အချင်းချင်းကို မှီနေကြသဖြင့် တပေါင်းတည်း ဖြစ်ကြပေ၏။ ထို့အတူပင် နာမ်နှင့်ရုပ်တို့လည်း အချင်းချင်းကို မှီနေကြ၍ တပေါင်းတည်းသာ ဖြစ်ကြပေ၏။ ဤသို့ ရုပ်နာမ် နှစ်ပါး ပဋိသန္ဓေ နေမှုသည် ရှည်လျားသည့် 'အခွန့်ကာလ' ပတ်လုံး လည်ပတ်ရပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ နာမ်ရုပ်တရားနှစ်ပါးတို့သည်အချင်းချင်းကို မှီနေကြပြီး ပဋိသန္ဓေ နေသောအခါ တပေါင်းတည်း ဖြစ်ကြ၏။ ဤစကားသည် (နာမ်ခန္ဓာ လေးပါးနှင့် ရုပ်ခန္ဓာ တစ်ပါးဟူသော) ခန္ဓာငါးပါးရှိသည့် (ဘုံ = ပဉ္စဝေါကာရဘုံ)တို့၌ ဖြစ်သည့် သတ္တဝါအများကို ရည်ရွယ်၍ ဆိုသော စကားဖြစ်၏။ သို့ရာတွင် 'ဆင်းရဲဒုက္ခသည် ရုပ်ကြောင့် ခန္ဓာကြောင့် ဖြစ်၏'ဟူ၍ ရုပ်ကို စက်ဆုပ်ပြီး စျာန်ပွားများ၍ စျာန်ရသော ပုဂ္ဂိုလ်သည် နာမ်ချည်းသက်သက်ဖြစ်ရသော အရူပဘုံ ( နာမ်ခန္ဓာလေးပါးသာ ရှိသော "စတုဝေါကာရ" ဘုံ) လေးဘုံ၌ ဖြစ်သည့် "အရူပဗြဟ္မာ" မျိုးလည်း ရှိသေး၏။ တဖန် 'ဆင်းရဲဒုက္ခသည် နာမ်တရား ကြောင့် ဖြစ်၏' ဟူ၍ နာမ်ကို စက်ဆုပ်ပြီး စျာန်ပွားများ၍ စျာန်ရသော ပုဂ္ဂိုလ်သည် ရုပ်ချည်းသက်သက် ဖြစ်ရသော အသညသတ်ဘုံ (ရုပ်ခန္ဓာ တစ်ပါးသာရှိသော "ဧကဝေါကာရဘုံ") တစ်ဘုံ၌ ဖြစ်သည့် "အသညသတ် ဗြဟ္မာမျိုးလည်း ရှိသေး၏။ ဖော်ပြပါ ဘုံ ငါးဘုံမှ ကြွင်းသော ဘုံပေါင်း ၂၆-ဘုံ ဖြစ်သည့် ခန္ဓာငါးပါးရှိ သတ္တဝါအများစုကို ရည်ရွယ်ပြီး ရှင်နာဂသိန် ဖြေဆိုခြင်း ဖြစ်ပေ၏။ ]

## ၂၆။ ရှည်လျားသည့် အခွန့်ကာလ

မိ။ ။ အရှင်ဘုရား၊ ပြောခဲ့သော "အခွန့်ကာလ"ဟူသည် အဘယ်ပါနည်း။

နာ။ ။ မင်းကြီး၊ အခွန့်ကာလဟူသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ အလုံးစုံသော အခွန့်ကာလတို့သည် ရှိကြပါသလော၊ (ဝါ) အလုံးစုံသော တရားတို့မှာ အခွန့်ကာလ ရှိကြပါသလော။

နာ။ ။ မင်းကြီး၊ အချို့သော (တရားမှာ) အခွန့်ကာလရှိ၍ အချို့သော (တရားမှာ) အခွန့်ကာလ မရှိပေ။

မိ။ ။ အရှင်ဘုရား၊ အဘယ် (တရားမှာ) အခွန့်ကာလရှိ၍ အဘယ် (တရားမှာ) အခွန့်ကာလ မရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ချုပ်ငြိမ်းကင်းပျောက် ပျက်စီးကုန်သော အတိတ် သင်္ခါရ တရားတို့မှာ အခွန့်ကာလ မရှိကြကုန်။ အကျိုးတရား အကျိုးကို ဖြစ်စေသည့် အကြောင်းတရား, ဘဝတပါး၌ ပဋိသန္ဓေကို ပေးကြဆဲ တရားတို့မှာ အခွန့်ကာလ ရှိကုန်၏။ ဤဘဝ၌ သေလွန်ပြီး၍ နောင်ဘဝ၌ ဖြစ်ဆဲသတ္တဝါ တို့မှာလည်း အခွန့်ကာလ ရှိကုန်၏။ ဤဘဝ၌ သေလွန်ပြီး၍ နောက်ဘဝ၌ မဖြစ်ကြသော သတ္တဝါများ၊ ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်များမှာ အခွန့်ကာလ မရှိကြပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဤ၌ 'အခွန့်' ဟူသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော အချိန်ကာလပင် ဖြစ်၏။ သတ္တဝါ ဟူသမျှတို့သည် နိဗ္ဗာန် မရောက်သေးသမျှ ကာလပတ်လုံး ရှည်လျားသည့် အခွန့်ကာလ ရှိကြပြီး ရှည်လျားသည့် ဘဝသံသရာ၌ လှည့်ပတ်ဖြစ်နေကြရသည်သာတည်း။ ]

# ဝိစာရဝဂ်

## ၂၇။ အခွန့်ကာလ၏ အရင်းမူလ

မိ။ ။ အရှင်ဘုရား၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော "အခွန့်ကာလ" သုံးပါး၏ အရင်းမူလသည် အဘယ်ပါနည်း။

နာ။ ။ မင်းကြီး၊ သစ္စာလေးပါးကို မသိမှု "အဝိဇ္ဇာ"သည် အခွန့်ကာလ သုံးပါး၏ အရင်းမူလ ဖြစ်၏။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဉ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန (အာယတန ၆ ပါး)၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ(ကံ)၊ ဘဝကြောင့် ဇာတိ၊ ဇာတိကြောင့် ဇရာ ၊ မရဏ ၊ သောက ၊ ပရိဒေဝ ၊ ဒုက္ခ ၊ ဒေါမနဿ ၊ ဥပါယာသ တရားတို့ ဖြစ်ကြကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခ အစုဖြစ်သည့် အခွန့်ကာလ၏ အစွန်းသည် မထင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ပဋိစ္စသမုပ္ပါဒ်တရားတော်အရ အတိတ် ၊ အနာဂတ် ၊ ပစ္စုပ္ပန်ဟူသော အခွန့်ကာလ (ဝါ) ဘဝသံသရာ၏ အရင်းမူလသည်ကား သစ္စာလေးပါးကိုမသိမှု "အဝိဇ္ဇာ"ပင်ဖြစ်၏။ ရုပ်နာမ်တရားတို့၏ တဖြစ်တည်း ဖြစ်၊ တပျက်တည်း ပျက်နေမှု (ဝါ) ဘဝသံသရာဝဋ် ဒုက္ခအစုတို့ တဝဲလည်လည် ဖြစ်နေရမှုမှာ 'အဝိဇ္ဇာ' ကြောင့် ဖြစ်ပေ၏။ ဘဝသံသရာဟူသာ ဆင်းရဲဒုက္ခအစုဖြစ်သည့် အခွန့်ကာလ၏ "အဝိဇ္ဇာ" ဟူသော ရှေ့အစွန်းကား မထင်ပေ၊ မသိနိုင်ပေ။ ]

## ၂၈။ ရှေ့အစွန်း ပြဿနာ

မိ။ ။ အရှင်ဘုရား၊ မိန့်ဆိုခဲ့သော 'ရှေ့အစွန်းသည် မထင်' ဟူသောစကားကို ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတစ်ယောက်သည် မျိုးစေ့ကို စိုက်ပျိုး၏။ ထိုမျိုးစေ့မှ အညွန့် ထွက်လာပြီး အစဉ်အတိုင်း ကြီးထွား စည်ပင်ကာ အသီး သီး၏။ တဖန် ထိုမျိုးစေ့ကို ယူ၍ မြေ၌ စိုက်ပျိုးပြန်၏။ ထိုမျိုးစေ့မှ အညွန့်ထွက်လာပြီး အစဉ်အတိုင်း ကြီးထွား၍ အသီး သီးပြန်၏။ တဖန် ထိုမျိုးစေ့ကိုယူ၍ မြေကြီး၌ စိုက်ပြန်၏။ ထိုမျိုးစေ့မှလည်း အညှောက်ပေါက် ကြီးထွားလာပြီး အသီး သီးပြန်၏။ ဤသို့အဆက်ဆက် စိုက်ပျိုးသော၊ အဆင့်ဆင့် ဖြစ်ပေါ်လာသော ထိုမျိုးစေ့ ဖြစ်စဉ်၏ အစ အဆုံးသည် ရှိကောင်း ပါမည်လော။

မိ။ ။ အရှင်ဘုရား၊ မရှိပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ရှည်လျားလှစွာသော အဓွန့်ကာလ၏ ရှေ့အစွန်းသည် မထင်ပေ။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ကြက်မမှ ဥ ဖြစ်၏။ ဥမှ တဖန် ကြက်မ ဖြစ်၏။ တဖန် ကြက်မမှ ဥ ဖြစ်ပြန်၏။ ဤသို့သော ဖြစ်စဉ်၏ အစ အဆုံးသည် မရှိပေ။

ထို့နောက် မထေရ်သည် မြေကြီး၌ စက်ဝိုင်းကို ရေးဆွဲပြပြီး-

နာ။ ။ မင်းကြီး၊ ဤစက်ဝိုင်း၏ အစ အဆုံးသည် ရှိလေသလော။

မိ။ ။ အရှင်ဘုရား၊ မရှိပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဘုရားရှင်ကလည်း "စက္ခု ပသာဒနှင့် ရူပါရုံကို အစွဲပြု၍ စက္ခုဝိညာဉ် ဖြစ်ပေါ်လာ၏။ ယင်းသုံးမျိုး ပေါင်းဆုံမိ၍ 'ဖဿ'ဖြစ်၏။ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့်ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကုသိုလ်၊ အကုသိုလ်ကံ၊ တဖန် ယင်းကံကြောင့် စက္ခုပသာဒ ဖြစ်၏။ (သောတ, ဇိဝှာ,ကာယ, မန-တို့၌လည်း ထို့အတူပင်) ဟူ၍ ဤ သံသရာစက်၏ အစ မထင်၊ အဆုံးမမြင်ကြောင်းကို ဟောကြားထားပေ၏။ ဤသို့လျှင် ထိုဖြစ်ခြင်း အစဉ်၏ အစ၊ အဆုံးသည် ရှိလေသလော။

မိ။ ။ အရှင်ဘုရား၊ မရှိပါ။

နာ။ ။ မင်-ကြီး၊ ထို့အတူပင် ရှည်လျားလှစွာသော "အဓွန့်ကာလ"၏ ရှေ့အစွန်းသည် မထင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါ၏။

[ အခန်း ၂၇ ပြဿနာ၏ အဆက်ဖြစ်၏။ ဖော်ပြပါ မျိုး ဥပမာ၌ မျိုးစေ့၏ အစ၊ အဆုံးသည် မရှိလေ သကဲ့သို့ ထို့အတူပင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်အရ နာမ်ရုပ်တို့၏ လှည့်ပတ် ဖြစ်စဉ်၌လည်း 'ကရွတ်ကွင်းပမာ' အစလည်းမရှိ, အဆုံးလည်းမရှိ ဖြစ်ပေ၏။ ]

## ၂၉။ အရှေ့အစွန်း ထင်-မထင်

မိ။ ။ အရှင်ဘုရားသည် "ရှေ့အစွန်းကား မထင်"ဟု ဆိုခဲ့၏။ ထို ရှေ့အစွန်း ဟူသည် အဘယ်ပါနည်း။

နာ။ ။ မင်းကြီး၊ အတိတ်ကာလသည်ပင် ရှေ့အစွန်း ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ရှေ့အစွန်း အလုံးစုံပင် မထင်လေသလော။

နာ။ ။ မင်းကြီး၊ အချို့သော ရှေ့အစွန်းသည် ထင်၍ အချို့သော ရှေ့အစွန်းသည် မထင်ပေ။

မိ။ ။ အရှင်ဘုရား၊ အဘယ် ရှေ့အစွန်းသည်ထင်၍ အဘယ် ရှေ့အစွန်းသည် မထင်ပါသနည်း။

နာ။ ။ မင်းကြီး၊ ဤပစ္စုပ္ပန်ကာလမှ ရှေးအတိတ်ကာလ၌ အခါခပ်သိမ်း အချင်းခပ်သိမ်း အဝိဇ္ဇာ တရားသည် မဖြစ်ဖူးခဲ့။ ထိုအဝိဇ္ဇာဟူသော ရှေ့အစ စွန်းသည် မထင်။ အကြင်တရားသည် (ရှေးက) ထင်ရှား မရှိသေးဘဲ (ယခုမှ) ထင်စွာ ဖြစ်ပေါ်လာသည်။ (ယခု ဖြစ်ပေါ်လာပြီး ချုပ်ငြိမ်း ပျောက်ကွယ်သွား၏။ ထိုတရားဖြစ်သည့် ရှေ့အစွန်းသည် ထင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ထင်ရှား မရှိသေးဘဲ ဖြစ်ပေါ် လာသော၊ ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားသော ထိုတရားသည် (ဖြစ်ခြင်း၊ ပျက်ခြင်း ဟူသော) ရှေ့နောက် အစွန်းနှစ်ပါးစုံအားဖြင့် ပြတ်၍ ချုပ်ငြိမ်း ကွယ်ပျောက် သွားသည် မဟုတ်ပါလော။

နာ။ ။ မင်းကြီး၊ ယင်းသို့ ရှေ့နောက်နှစ်ပါးစုံအားဖြင့် ပြတ်၍ ချုပ်ပျောက်သွားခဲ့လျှင် ရှေ့နောက် နှစ်ပါးစုံ အားဖြင့် ပြတ်သောတရားကို ဆက်ပွားရန် ဖြစ်နိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ ဖြစ်နိုင်ပါ၏။ သို့ရာတွင် တပည့်တော်သည် ဤနှစ်ပါးစုံအားဖြင့် ပြတ်သည်ကို မမေးပါ။ ရှေ့နောက် အစွန်းအားဖြင့် ဆက်ပွားရန် ဖြစ်နိုင်သလော-ဟူ၍သာ မေးလျှောက်ပါ၏။

နာ။ ။ မင်းကြီး၊ ဖြစ်နိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာ ပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သစ်ပင်နှင့်မျိုးစေ့ လှည့်ပတ်ဖြစ်ရာ၌ “သစ်ပင်သည် မျိုးစေ့မှ၊ မျိုးစေ့သည်လည်း သစ်ပင်မှ (အကျိုးတရား၏ အကြောင်းတရား အဆက်ဆက်ကို ထောက်ရှု၍) ဤသို့ ရှေ့အစွန်းအားဖြင့်လည်းကောင်း၊ မျိုးစေ့မှ သစ်ပင် သစ်ပင်မှလည်း မျိုးစေ့ (အကြောင်းတရားမှ အကျိုးတရား အဆက်ဆက်ကို ထောက်ရှု၍) ဤသို့ နောက်အဆက်အားဖြင့် လည်းကောင်း ဆက်ပွားနိုင်သကဲ့သို့ ထို့အတူပင် ခန္ဓာငါးပါးတို့သည် ဆင်းရဲ ဒုက္ခအလုံးစုံ၏ မျိုးစေ့များ ဖြစ်ကြ၏။ အတိတ်ခန္ဓာမှ ပစ္စုပ္ပန်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာမှ အနာဂတ်ခန္ဓာ ဤသို့ အကြောင်း အကျိုးအားဖြင့် ဆက်စပ်တိုးပွားနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ အခန်း ၂ဂ-လာ ပြဿနာနှင့် သဘောသွား တူလေ၏။ ]

## ၃၀။ ဖြစ်ဆဲသင်္ခါရ တရားများ ရှိ-မရှိ

နာ။ ။ အရှင်ဘုရား၊ ဖြစ်ဆဲဖြစ်ကုန်သော အချို့သော သင်္ခါရတရားတို့သည် ရှိကြပါသလော။

မိ။ ။ မင်းကြီး ရှိကြပေ၏။

နာ။ ။ အရှင်ဘုရား၊ အဘယ် သင်္ခါရတရားတို့ပါနည်း။

နာ။ ။ မင်းကြီး၊ (၁) စက္ခုပသာဒနှင့် ရူပါရုံတို့ ဖြစ်ကြသော် စက္ခုဝိညာဉ်သည် ဖြစ်ပေါ်၏။ စက္ခုဝိညာဉ် ဖြစ်သော် စက္ခုသမ္ဖဿ ဖြစ်ပေါ်၏။ စက္ခုသမ္ဖဿ ဖြစ်သော် ဝေဒနာဖြစ်ပေါ်၏။ ဝေဒနာဖြစ်သော် တဏှာ ဖြစ်ပေါ်၏။ တဏှာဖြစ်သော် ဥပါဒါန် ဖြစ်ပေါ်၏။ ဥပါဒါန်ဖြစ်သော် ဘဝ(ကံ) ဖြစ်ပေါ်၏။ ဘဝ ဖြစ်သော် ဇာတိ ဖြစ်ပေါ်၏။ ဇာတိဖြစ်သော် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ စသည်တို့ ဖြစ်ကြ၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲ ဒုက္ခအပေါင်း၏ အကြောင်းညီမျှ ဖြစ်ပေါ်ရခြင်းဖြစ်၏။

(၂) မင်းကြီး၊ စက္ခုပသာဒနှင့် ရူပါရုံ မဖြစ်မရှိခဲ့သော် စက္ခုဝိညာဉ် မဖြစ်ပေါ် (ချုပ်ငြိမ်းပြတ်စဲ၏) ။ စက္ခုဝိညာဉ် မဖြစ်သော် စက္ခု သမ္ဖဿလည်း မဖြစ်ပေါ်.. စသည်၊ ဇာတိမဖြစ်သော် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ စသည်တို့လည်း မဖြစ်ပေါ် ကြကုန် (ချုပ်ငြိမ်းပြတ်စဲကုန်၏)။ ဤသို့လျှင်အလုံးစုံသော ဆင်းရဲ အပေါင်း၏( အကြောင်းကင်း၍) ချုပ်ငြိမ်းပြတ်စဲခြင်း ဖြစ်လေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ အကြောင်းအကျိုး ဖြစ်စဉ်ကို ဖော်ပြထားသော ပဋိစ္စသမုပ္ပါဒ် တရားတော်၌ အနုလုံ ပဋိလုံဟူ၍ အပိုင်း နှစ်ပိုင်း ပါရှိ၏။ အနုလုံနည်း၌ အကြောင်းရှိလေသော် အကျိုးတရားသည် မလွဲမသွေ ဖြစ်ပေါ် လာရကြောင်းကို ဖော်ပြပြီး ဆင်းရဲဒုက္ခ အလုံးစုံ ဖြစ်ပေါ် ခြင်း၏ "ကြောင်းကျိုးကွင်းဆက် ဖြစ်စဉ်ကို ဖော်ပြထား၏။ အနုလုံနည်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပဋိလုံနည်းကား အကြောင်း မရှိလေသော် အကျိုးတရားဟူသည် လုံးဝဧကန် မဖြစ်ပေါ် နိုင်ကြောင်း၊ ချုပ်ငြိမ်း ပြတ်စဲရကြောင်းကို ဖော်ပြပြီး ဆင်းရဲဒုက္ခ အလုံးစုံ ချုပ်ငြိမ်းပြတ်စဲခြင်း၏ ချုပ်ငြိမ်းစဉ်ကို ဖော်ပြထားပေ၏။ ]

## ၃၁။ ထင်ရှားဖြစ်ရာ မရှိဘဲ သင်္ခါရများ ဖြစ်-မဖြစ်

မိ။ ။ အရှင်ဘုရား၊ ထင်ရှားဖြစ်ရာ မရှိကြဘဲလျက် ဖြစ်ပေါ် ကြသည့် သင်္ခါရ တရားအချို့ ရှိကြပါသလော။

နာ။ ။ မင်းကြီး၊ မရှိကုန်။ ထင်ရှားဖြစ်ရာ ရှိကြမှသာလျှင် သင်္ခါရတရားတို့ ဖြစ်ကြကုန်၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သင်မင်းကြီးနေသော နန်းတော်သည် ထင်ရှားဖြစ်ရာ မရှိဘဲလျက် ဖြစ်ပေါ် လာသလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။ ထင်ရှားဖြစ်ရာ ရှိမှသာလျှင် ဖြစ်ပေါ်လာပါ၏။ သစ်သားတို့သည် တော၌ ဖြစ်ကုန်၏။ မြေညက်တို့သည် မြေကြီး၌ ဖြစ်ကုန်၏။ ယောကျ်ား - မိန်းမတို့ လုံ့လထုတ်၍ ဆောက်လုပ်ကြသဖြင့် ဤနန်းတော် ဖြစ်ပေါ်လာရပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် အလုံးစုံသော သင်္ခါရ တရားတို့သည် ထင်ရှားဖြစ်ရာ မရှိကြဘဲလျက် ဖြစ်ပေါ် မလာကြကုန်။ ထင်ရှား ဖြစ်ရာရှိမှသာလျှင် ဖြစ်ပေါ်လာကြကုန်၏။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြ တော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် အလုံးစုံသောမျိုးစေ့တို့သည် မြေ၌ စိုက်ပျိုးကြ၍ (ရေရှိ၍) အစဉ်အတိုင်း ကြီးပွားစည်ပင်ခြင်းသို့ ရောက်လျက် ပွင့်ကြ သီးကြကုန်၏။ ထိုသစ်ပင်တို့သည် ဖြစ်ရာ ထင်ရှား မရှိကြဘဲလျက် ဖြစ်ပေါ်မလာကြကုန်။ ဖြစ်ရာ ထင်ရှားရှိ၍သာလျှင် ဖြစ်ပေါ် လာကြကုန်၏။ သင်္ခါရ တရားတို့လည်း ထိုသစ်ပင်များ) အတူပင် ဖြစ်ရာ ထင်ရှားရှိ၍သာလျှင် ဖြစ်ပေါ်လာကြကုန်၏။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် (၁) အိုးလုပ်သမားသည် မြေကြီးမှ မြေညက်ကိုထုတ်ယူ၍ အမျိုးမျိုးသော အိုးခွက်တို့ကို ပြုလုပ်၏။ ထိုအိုးခွက်တို့သည် ဖြစ်ရာ ထင်ရှားရှိကုန်၍သာ ဖြစ်ပေါ် လာကြသကဲ့သို့ လည်းကောင်း၊

(၂) မင်းကြီး၊ စောင်းခွက်၊ စောင်းခွက်သား၊ စောင်းကျင်း၊ စောင်းလက်၊ စောင်းညှို့၊ စောင်း လက်ခတ်၊ စောင်းသမား၏ လုံ့လတို့ ထင်ရှားရှိကြမှသာလျှင် စောင်းသံသည် ဖြစ်ပေါ် လာရသကဲ့သို့ လည်းကောင်း၊

(၃) မင်းကြီး၊ ပွတ်ခုံ၊ ပွတ်ကျေ၊ ပွတ်ကြိုး၊ ပွတ်နှိပ်၊ ပွတ်စာ၊ မီးပွတ်သမား၏ လုံ့လတို့ ထင်ရှား ရှိကြမှသာလျှင် မီးသည် ဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊

(၄) မင်းကြီး၊ သူရိယကန်ကျောက်၊ နေပူနှင့် မီးစာရှိမှသာလျှင် မီး ဖြစ်ပေါ်လာရသကဲ့သို့ လည်းကောင်း၊

(၅) ကြေးမုံ၊ အလင်းရောင်၊ လူ၏မျက်နှာ ထင်ရှားရှိလျက် တွေ့ဆုံမှသာလျှင် လူ၏ မျက်နှာရိပ် သည် ထင်ရှား ဖြစ်ပေါ်လာရသကဲ့သို့လည်းကောင်း၊

ထို့အတူပင် သင်္ခါရတရားတို့သည် ဖြစ်ရာ ထင်ရှားရှိကုန်မှသာလျှင် ဖြစ်ပေါ်လာကြပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ ဤ၌လည်း - ပဋိစ္စသမုပ္ပာဒ် တရားတော်နည်းအရပင် – အကြောင်းတရားသာ အကျိုးတရား ဖြစ်ပေါ် လာရ ကြောင်း၊ အကြောင်းနှင့် အကျိုး ဆက်စပ် ဖြစ်ပေါ်လာပုံကို ရှင်းပြထား၏။ အကျိုးသည် အကြောင်းနှင့် မကင်းနိုင်။ အကြောင်း တရားနှင့်ကင်း၍ အကျိုးတရား ဖြစ်မလာနိုင်။ အကြောင်းတရား မရှိလျှင် အကျိုးတရား မဖြစ်ပေါ် နိုင်။ စကြဝဠာ အတွင်းရှိ ရုပ်နာမ်ဓမ္မသင်္ခါရ ဟူသမျှတို့သည် အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ် လာကြစမြဲ ဖြစ်ပေ၏။ အကြောင်းတရားတွေ ရှိနေသမျှ အကျိုး တရားတွေ ဆက်လက် ဖြစ်ပေါ် ကြရသည်မှာ ဓမ္မတာပင်ဖြစ်၏။ ]

## ၃၂။ ဝေဒဂူ ခေါ် ဇီဝ၊ အတ္တဓာတ်မျိုး ရှိ - မရှိ

မိ။ ။ အရှင်ဘုရား၊ သိတတ်သော ဝေဒဂူဟူသည် ရှိပါသလော။

နာ။ ။ မင်းကြီး၊ ဝေဒဂူ ဟူသည် အဘယ်နည်း။

မိ။ ။ အရှင်ဘုရား၊ ကိုယ်တွင်းရှိ 'ဇီဝ' (အတ္တ) ခေါ်သော အသက်သည် 'ဝေဒဂူ'မည်ပါ၏။ ယင်းဇီဝသည် မျက်စိဖြင့် အဆင်းကို မြင်၏။ နားဖြင့် အသံကို ကြား၏။ နှာခေါင်းဖြင့် အနံ့ကို ရ၏။ လျှာဖြင့် အရသာကို ခံစား၏။ ကိုယ်ဖြင့် အတွေ့ကို တွေ့ထိ၏။ စိတ်ဖြင့် သဘောတရားကို သိ၏။ တပည့်တော်တို့သည် ပြာသာဒ်ထဲ၌ ထိုင်နေလျက်ပင် အရပ်လေးမျက်နှာရှိ တံခါးပေါက်တို့ဖြင့် အလိုရှိရာကို မြင်နိုင်ကြသကဲ့သို့ ထို့အတူပင် ကိုယ်တွင်းရှိ 'ဇီဝ'သည် မျက်စိစသော တံခါး(ဒွါရ)ဖြင့် အလိုရှိရာကို ကြည့်မြင်နိုင်ပေ၏။

နာ။ ။ မင်းကြီး၊ ငါတို့သည် ဤနန်းတော်ထဲ၌ ထိုင်လျက်ပင် အရပ်လေးမျက်နှာရှိ တံခါးပေါက် အသီးသီးဖြင့် ရူပါရုံအဆင်းကို မြင်ရသကဲ့သို့ကိုယ်တွင်းရှိ "ဇီဝ'သည်လည်း မျက်စိတံခါး (စက္ခုဒွါရ)ဖြင့် အဆင်းရူပါရုံကို မြင်ရသလို နားတံခါး (သောတဒွါရ)၊ နှာခေါင်းတံခါး (ဃာနဒွါရ)၊ လျှာတံခါး (ဇိဝှာဒွါရ)၊ ကိုယ်တံခါး (ကာယဒွါရ)၊ စိတ်တံခါး (မနောဒွါရ) အသီးသီးဖြင့်လည်း အဆင်း ရူပါရုံကို မြင်နိုင်ရာ၏၊ ယင်းဒွါရ အသီးသီးဖြင့် အသံကိုလည်း ကြားနိုင်ရာ၏။ အနံ့ကိုလည်း နံနိုင်ရာ၏။ အရသာကိုလည်း ခံစားနိုင်ရာ၏။ အတွေ့ကိုလည်း တွေ့ထိနိုင်ရာ၏။ သဘောတရားကိုလည်း သိနိုင်ရာ၏။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ကား မဟုတ်ပါ။

နာ။ ။ မင်းကြီး၊ သင့် စကားသည် ရှေ့နောက် မညီ၊ ယုတ္တိ မရှိပေ တကား။ ငါတို့သည် ဤနန်းပြာသာဒ်ထဲ၌ ထိုင်လျက်ပင် လေးမျက်နှာရှိ ဤတံခါးပေါက်တို့ကို ဖွင့်လှစ်ပြီးကြည့်ရှုသော် ကျယ်ပြန့်သော ကောင်းကင်ပြင် အဆင်းရူပါရုံကို ထင်ရှားစွာ ကြည့်မြင်ရသကဲ့သို့ သင် မင်းကြီး ပြောသော 'ကိုယ်တွင်းရှိ ဇီဝ'သည် 'မျက်စိတံခါး'ကို ပယ်ခွါဖွင့်လှစ်ပြီး ကြည့်ရှုသော် ကျယ်ပြန့် သော ကောင်းကင်ပြင်ဖြင့် အဆင်းရူပါရုံကို ပို၍ ထင်ရှားစွာ မြင်နိုင်ရာ၏။

ထိုနည်းအတူ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဟူသော တံခါးတို့ကို ပယ်ခွာဖွင့်လှစ်ပြီး ကြည့်ရှုသော် ကျယ်ပြန့်သော ကောင်းကင်ပြင်ဖြင့် အဆင်းရူပါရုံကို ထင်ရှာစွာ မြင်နိုင်ရာ၏။ ထို့ပြင်လည်း 'ကိုယ်တွင်းရှိ ဇီဝ'သည် ယင်း တံခါးငါးခုတို့ အသီးသီးကို ပယ်ခွါ ဖွင့်လှစ်သော် ပို၍ ထင်ရှားစွာပင် အသံကိုလည်း ကြားနိုင်ရာ၏။ အနံ့ကိုလည်း နံနိုင်ရာ၏။ အရသာကိုလည်း ခံစားနိုင်ရာ၏။ အတွေ့ကိုလည်း ထိတွေ့နိုင်ရာ၏။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ကား မဟုတ်ပါ။

နာ။ ။ မင်းကြီး၊ သင့်စကားသည် ရှေ့နောက်မညီ၊ ယုတ္တိ မရှိပေ တကား။ ဥပမာအားဖြင့် ဒိန္နအမတ်သည် နေရာမှထသွားပြီး အပြင်တံခါး မုခ်၌ ရပ်နေလျှင် ထိုအမတ် ရပ်နေသည်ကို သင် သိနိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ တဖန် ဒိန္နအမတ်သည် နန်းတွင်းသို့ပြန်ဝင်လာပြီး သင့်ရှေ့၌ ရပ်နေလျှင် ထိုအမတ် ရပ်နေသည်ကို သင် သိနိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူ ကိုယ်တွင်းရှိ ဇီဝသည် လျှာပေါ်တွင်အရသာကို တင်လိုက်သော် "ချို၊ ချဉ် စပ်၊ ငန်၊ ခါး" တို့ကို သိနိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ ထို ကိုယ်တွင်းရှိ ဇီဝသည် ကိုယ်တွင်းသို့ ဝင်သွားသော အရသာတို့ကို ချို၊ ချဉ်၊ စပ်၊ ငန်၊ ခါး' ဟု သိနိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ မသိနိုင်ပါ။

နာ။ ။ မင်းကြီး၊ သင့် စကားသည် ရှေ့နောက် မညီ၊ ယုတ္တိ မရှိပေ တကား။ မင်းကြီး၊ ဥပမာတစ်ခုကို ပေးဦးအံ့။ လူတယောက်အား ပါးစပ်ကို ပိတ်ပြီး သူ့ကိုယ်ပေါ်သို့ ပျားရည်အိုးတို့ဖြင့် ပျားရည် သွန်းလောင်းငြားအံ့။ ထိုသူသည် ပျားရည်၏ ချိုသောအရသာကို သိနိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ မသိနိုင်ပါ။

နာ။ ။ မင်းကြီး၊ သင့်စကားသည် ရှေ့နောက် မညီ၊ ယုတ္တိ မရှိပေ တကား။

မိ။ ။ အရှင်ဘုရား၊ တပည့်တော်သည်  အရှင် ဘုရားနှင့် တုပြိုင်၍ စကားဆိုရန် မစွမ်းနိုင်ပါ။ ဆိုလိုသည့် အနက် အဓိပ္ပာယ် ကိုသာ ဟောကြားတော်မူပါလော့။

နာ။ ။ မင်းကြီး၊ စက္ခုဒွါရနှင့် ရူပါရုံတို့ တွေ့ဆုံခြင်းကြောင့် စက္ခုဝိညာဉ် ဖြစ်ပေါ်  ပြီးနောက် ထို စက္ခုဝိညာဉ် နှင့် တကွ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရဟူသော ယှဉ်ဖက် သမ္ပယုတ်တရားတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထို့အတူ အခြားသော သောတဒွါရ (ပသာဒ) စသည်နှင့် သဒ္ဒါရုံစသည်တို့ အသီးသီး တွေ့ဆုံခြင်းကြောင့် သောတဝိညာဉ် စသည်နှင့် တကွ ထိုယှဉ်ဖက်တရားတို့ ဖြစ်ပေါ်လာပုံကိုလည်း သိလေလော့။ ဤသို့ဒွါရနှင့်အာရုံ တွေ့ဆုံခြင်းကြောင့် ထိုယှဉ်ဖက်တရားတို့ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထို့ကြောင့် ဤသို့ ပရမတ္ထ သဘောအားဖြင့် ဖြစ်ရာ၌ အလုံးစုံကို သိတတ်သည့် 'ဝေဒဂူ' ခေါ် ဇီဝ၊ အတ္တ (အသက်ဓာတ် တစ်မျိုး)ကို သီးခြား မရနိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[အခန်း ၄ ၌လည်း အနန္တကာယ အမတ်ကြီးက 'ဗြာဟ္မဏဝါဒ'လာ 'ဝေဒဂူ' ပြဿနာကို မေး၍ ရှင်နာဂသိန်က ဖြေရှင်းပေးခဲ့၏။ ဤ၌လည်း မိလိန္ဒမင်းကြီးသည် ဗြာဟ္မဏဝါဒဘက်က နေ၍ ခန္ဓာကိုယ် အတွင်းဝယ် ဒွါရ ခြောက်ပါးလုံး၌ စိုးမိုးခြယ်လှယ် လှုပ်ရှားပြုလုပ်နေသူ 'ဝေဒဂူ' ခေါ်၊ 'ဇီဝ'ခေါ်၊ 'အတ္တ'ခေါ်၊ 'ဝိညာဉ်' ခေါ် ထာဝရဓာတ် တစ်ခု၏ ကေန်ရှိနိုင်ပုံကို ယုတ္တိယုတ္တာတို့ဖြင့် စောဒက တက်လေ၏။ ရှင်နာဂသိန်ကလည်း ယင်းသို့သော ထာဝရတည်မြဲသည့်ဓာတ်မျိုး လုံးဝ မရှိနိုင်ကြောင်း ဗုဒ္ဓဝါဒလာ ပရမတ္ထ သဘာဝအမြင်မှန် ရှုထောင့်မှ မင်းကြီး နားလည်အောင် ဥပမာများစွာဖြင့် ရှင်းပြထားပေ၏။ ]

## ၃၃။ စက္ခုဝိညာဉ် စသည့် ဖြစ်စဉ်

မိ။ ။ အရှင်ဘုရား၊ စက္ခုဝိညာဉ် ဖြစ်သောအခါ၌ မနောဝိညာဉ်သည် ဖြစ်ပါသလော။

နာ။ ။ မင်းကြီး၊ ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဘယ်ဝိညာဉ်က အလျင်ဖြစ်၍ ဘယ်ဝိညာဉ်က နောက်မှ ဖြစ်ပါသနည်း။

နာ။ ။ မင်းကြီး၊ စက္ခုဝိညာဉ်က ရှေးဦးစွာဖြစ်၍ မနောဝိညာဉ်က နောက်မှ ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ စက္ခုဝိညာဉ်က မနောဝိညာဉ်အား 'ငါအလျင် ဖြစ်မည်၊ သင် နောက်မှ ဖြစ်လော့' ဟု တိုက်တွန်းသလော။ သို့မဟုတ် မနောဝိညာဉ်က စက္ခုဝိညာဉ်အား 'ငါ နောက်မှ ဖြစ်မည်၊ သင် အလျင် ဖြစ်လော့'ဟု တိုက်တွန်းပါသလော။

နာ။ ။ မင်းကြီး၊ ပရမတ္ထ သဘာတရားတို့မှာ ထိုသို့ အချင်းချင်း တိုက်တွန်း တိုင်ပင်ခြင်း မရှိပေ။

မိ။ ။ အရှင်ဘုရား၊ စက္ခုဝိညာဉ်နှင့် မနောဝိညာဉ်တို့သည် ထိုသို့ အချင်းချင်း တိုက်တွန်း မတိုင်ပင်ဘဲလျက် အဘယ့်ကြောင့် ရှေ့နောက် စီတန်းကာ ဖြစ်ကြပါသနည်း။

နာ။ ။ မင်းကြီး၊ ထိုတရားနှစ်ပါးတို့၏ စီတန်းဖြစ်ခြင်းသည် 'နိမ့်ဆင်းရာ' ဖြစ်သောကြောင့် လည်းကောင်း၊ 'ဒွါရ = တံခါး' ဖြစ်သောကြောင့် လည်းကောင်း၊ 'အလေ့အထ' ဖြစ်သောကြောင့် လည်းကောင်း၊ 'အလေ့အကျက်' ဖြစ်သောကြောင့်လည်းကောင်း ဖြစ်ရပေ၏။

မိ။ ။ အရှင်ဘုရား၊ (၁) ထိုဝိညာဉ်နှစ်ခုတို့သည် "နိမ့်ဆင်းရာ" ဖြစ်သောကြောင့် အဘယ်သို့ (ရှေ့နောက် စဉ်ကာ) ဖြစ်ကြပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် မိုးရွာသော် ထိုရေသည် အဘယ်သို့ စီးဆင်းသွားသနည်း။ နောက်တဖန် မိုးရွာသော် ထိုရေသည် အဘယ်သို့ စီးဆင်းသွားသနည်း။

မိ။ ။ အရှင်ဘုရား၊ ရှေးဦးစွာ ရှာသောမိုးရေသည် နိမ့်ရာသို့ စီးသွားပါ၏။ နောက်မှရွာသော မိုးရေသည်လည်း ရှေ့မိုးရေ စီးသွားသည့် နိမ့်ရာ အရပ်သို့ပင် စီးသွားပါ၏။

နာ။ ။ မင်းကြီး၊ ပထမမိုးရေက ဒုတိယမိုးရေအား "ငါ အလျင် စီးသွားမည်။ သင်နောက်မှ စီးလာလော့"ဟု တိုက်တွန်း လေသလော။ သို့မဟုတ် ဒုတိယမိုးရေက ပထမ မိုးရေအား "ငါနောက်မှ စီးလာမည်။ သင် အလျင်စီး သွားလော့"ဟု တိုက်တွန်း လေသလော။

မိ။ ။ အရှင်ဘုရား၊ ထိုမိုးရေနှစ်ခုတို့သည် ထိုသို့ အချင်းချင်း တိုက်တွန်း တိုင်ပင်ခြင်း မရှိဘဲ နိမ့်သို့ စီးသွားတတ်သည့် သဘာဝအတိုင်း စီးသွားကြခြင်း ဖြစ်ပါ၏။

နာ။ ။ မင်းကြီး။ ထိုဝိညာဉ်နှစ်ခုတို့လည်း ထို့အတူပင် နိမ့်ဆင်းသွားရာ သဘောအားဖြင့် (ရှေ့နောက်စဉ်ကာ) ဖြစ်ကြကုန်၏။

မိ။ ။ ရှင်ဘုရား၊ (၂) ထိုဝိညာဉ် နှစ်စုံတို့သည် 'ဒွါရ-တံခါး' ဖြစ်သောကြောင့် အဘယ်သို့ (ရှေ့နောက်စဉ်ကာ) ဖြစ်ကြပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် အစွန်အဖျားမြို့တစ်ခု၌ လေးဘက်လေးတန် တံတိုင်း ကာရံထားသော်လည်း တံခါးပေါက်မှာ တစ်ခုတည်းရှိ၏။ အပြင်ထွက်လိုသော သူသည် ဘယ်ကထွက်မည်နည်း။ နောက်တစ်ဦး ထွက်လိုသော် ဘယ်က ထွက်မည်နည်း။

မိ။ ။ အရှင်ဘုရား၊ ပထမထွက်သော လူသည် တံခါးဖြင့်ပင် ထွက်ရပါမည်။ နောက်တစ်ယောက် ထွက်လိုသော် တံခါးတစ်ခုတည်း ရှိသောကြောင့် ပထမလူထွက်သည့် တံခါးဖြင့်ပင် ထွက်ရပါမည်။

နာ။ ။ မင်းကြီး၊ ထိုသူနှစ်ဦးတို့သည် အချင်းချင်း တိုင်ပင်ပြီး ရှေ့နောက်စဉ်ကာ ထွက်ကြလေသလော။

မိ။ ။ အရှင်ဘုရား၊ ထိုသူနှစ်ဦးတို့သည် ထိုသို့ အချင်းချင်း တိုင်ပင်ခြင်းမရှိဘဲ တစ်ခုတည်းသော ထွက်ရာ တံခါး ဖြစ်သောကြောင့် သဘာဝအတိုင်းပင် (ရှေ့နောက်စဉ်ကာ) ထွက်သွားကြခြင်း ဖြစ်ပါ၏။

နာ။ ။ မင်းကြီး၊ ထိုဝိညာဉ်နှစ်ခုတို့လည်း ထို့အတူပင် ဖြစ်ရာတံခါး ဖြစ်သောကြောင့် (ရှေ့နောက် စဉ်ကာ) ဖြစ်ကြပေ၏။

မိ။ ။ အရှင်ဘုရား၊ (၃) ထိုဝိညာဉ် နှစ်ခုတို့သည် "အလေ့အထ" ဖြစ်သောကြောင့် အဘယ်သို့ (ရှေ့နောက် စဉ်ကာ) ဖြစ်ကြပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့်- ရှေ့က လှည်းတစ်စီး သွားလေရာ နောက်လှည်းတစ်စီးသည် ဘယ်လမ်းခရီးဖြင့် ထွက်လေမည်နည်း။

မိ။ ။ အရှင်ဘုရား၊ ရှေ့ကလည်းသွားသည့် လမ်းခရီးအတိုင်းပင် သွားပါမည်။

နာ။ ။ မင်းကြီး၊ ထိုလှည်းနှစ်စီးတို့သည် အချင်းချင်း တိုင်ပင်၍ ရှေ့နောက် စီတန်းသွားလေသလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။ ထိုလှည်းနှစ်စီးတို့သည် အချင်းချင်း တိုင်ပင်ခြင်း မရှိကြဘဲ "အလေ့အထ" (အလေ့အလာ) ဖြစ်သောကြောင့် ရှေ့နောက် စီတန်းသွားကြခြင်း ဖြစ်ပါ၏။

နာ။ ။ မင်းကြီး၊ ထိုဝိညာဉ်နှစ်ခုတို့လည်း ထို့အတူပင် အလေ့အထ ဖြစ်သောကြောင့် အစဉ်အတိုင်း ဖြစ်ကြပေ၏။

မိ။ ။ အရှင်ဘုရား၊ (၄) ထိုဝိညာဉ် နှစ်ခုတို့သည် 'အလေ့အကျက်' ဖြစ်သောကြောင့် အဘယ်သို့ (ရှေ့နောက် စဉ်ကာ) ဖြစ်ကြပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ဂဏန်းသင်္ချာ၊ စာရေးခြင်း အတတ်တို့ကို စတင် လေ့လာသော အခါတို့၌ နှေးကွေး၏။ နောက်အထပ်ထပ် လေ့ကျင့်သဖြင့် အလေ့အကျက် ရလာသော် အတွက်အချက်၊ အရေးအသားတို့၌ သွက်လက် လျင်မြန်လာပေ၏။ ထို့အတူပင် ဝိညာဉ် နှစ်ခုတို့သည် အလေ့အကျက် ဖြစ်လေသောကြောင့် ရှေ့နောက် အစဉ်အတိုင်းပင် လျင်မြန်စွာ ဖြစ်ကြပေ၏။ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ် အသီးသီးနှင့် မနောဝိညာဉ်တို့ ဖြစ်ရာ၌လည်း စက္ခုဝိညာဉ်နှင့် မနောဝိညာဉ်တို့ အစဉ်အတိုင်း ဖြစ်ကြသကဲ့သို့ မှတ်ယူရာ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[အဘိဓမ္မာ တရားတော်၌ စိတ်တို့၏ ဖြစ်ပုံဖြစ်စဉ်ကို ဖော်ပြထားသော "ဝီထိ' (စိတ်တို့ ဖြစ်စဉ် လမ်းကြောင်း) အကြောင်း ပါရှိလေသည်။ ယင်းဝီထိ၌ နာမ်တရားတို့သည် သဘာဝနိယာမအရ မတိမ်းမစောင်း မယွင်းမမှားဘဲ တစ်ခုပြီးတစ်ခု စီကာစဉ်ကာ ဖြစ်နေကြသည်။ ယင်းဝီထိ သဘောတရား အရပင် စက္ခုဝိညာဉ်စသည့် ဝိညာဉ် ငါးပါးတို့ ရှေးဦးစွာဖြစ်ပြီး နောက်မှ မနောဝိညာဉ်ဖြစ်ပုံကို ရှင်နာဂသိန်က ယုတ္တိများစွာဖြင့် ရှင်းလင်းပြထား ပေ၏။ အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းလာ ဝီထိစိတ် ဖြစ်စဉ်သဘောကို လေ့လာရာ၏။ ]

## ၃၄။ စက္ခုဝိညာဉ်နှင့် ဝေဒနာတို့ ဒွါရတစ်ခုထဲ၌ ဖြစ်ခြင်း

မိ။ ။ အရှင်ဘုရား၊ မနောဝိညာဉ်ဖြစ်သော ဒွါရ၌ ဖဿဝေဒနာတို့လည်း ဖြစ်ကြပါသလော။

နာ။ ။ မင်းကြီး၊ မနောဝိညာဉ်ဖြစ်သော ဒွါရ၌ ဖဿသည် လည်းကောင်း၊ ဝေဒနာသည် လည်းကောင်း၊ သညာသည် လည်းကောင်း၊ စေတနာသည် လည်းကောင်း၊ ဝိတက်သည် လည်းကောင်း၊ ဝိစာရသည် လည်းကောင်း ဖြစ်၏။ ဖဿအမှူးရှိသော (စေတသိက်)တရား အားလုံးတို့သည် ဖြစ်ကြကုန်၏။

[ဖဿစသော တရားတို့သည် စိတ်ဖြစ်သည်နှင့် အတူတကွဖြစ်၍ စိတ် ချုပ်ပျောက်သွားသည်နှင့် တပြိုင်နက် အတူတကွ ချုပ်ပျောက် သွားကြသောကြောင့် စေတသိက်တရားတို့ မည်ကုန်၏။ ယင်း စေတသိက်တရား တို့သည် ၅၂ ပါး ရှိကုန်၏။ ယင်းတို့ အကြောင်းကို အဘိဓမ္မာသင်္ဂဟ ခေါ် "သင်္ဂြိုဟ်" ကျမ်းထဲ၌ လေ့လာ တွေ့ရှိနိုင်ပေ၏။ ]

## ၃၅။ ဖဿ၏ အာရုံကို တွေ့ထိခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဖဿ စေတသိက်သည် အဘယ်လက္ခဏာရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ဖဿသည် အာရုံကို တွေ့ထိခြင်းလက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ဆိတ်နှစ်ကောင်တို့ ဝှေ့ကြရာ တစ်ကောင်ကို မျက်စိ၊ တစ်ကောင်ကို အဆင်းရူပါရုံဟု မှတ်ထားလော့။ ထို ဆိတ်နှစ်ကောင်တို့ ဝှေ့ခတ်ကြသကဲ့သို့ ထိုအတူ ဒွါရ (မျက်စိ စသည်) နှင့် အာရုံ (အဆင်း စသည်)တို့ တွေ့ဆုံ ထိခိုက်ခြင်းကို ဖဿဟု မှတ်အပ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာ ပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် (၁) လက်ဝါး နှစ်ခုတို့ကို အချင်းချင်း တီးခတ်ရာတွင် လည်းကောင်း၊ (၂) လင်းကွင်းနှစ်ခုကို အချင်းချင်း တီးခတ်ရာတွင် လည်းကောင်း အချင်းချင်း တွေ့ဆုံ တီးခတ်ခြင်း ကဲ့သို့ ဖဿ၏ တွေ့ထိမှုလက္ခဏာကို သိရာ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဖဿ=တွေ့ထိခြင်းဟူသည် ဒွါရနှင့် အာရုံတို့ အချင်းချင်း တွေ့ဆုံထိခိုက်ခြင်း ဖြစ်၏။ စက္ခုဒွါရနှင့် ရူပါရုံ၊ သောတဒွါရနှင့် သဒ္ဒါရုံ၊ ဃာနဒွါရနှင့် ဂန္ဓာရုံ၊ ဇိဝှါဒွါရနှင့် ရသာရုံ၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံ၊ မနောဒွါရနှင့် ဓမ္မာရုံဟူ၍ ဒွါရ (၆) ပါးနှင့် အာရုံ ( ၆) ပါးတို့ အချင်းချင်း တွေ့ဆုံ ထိခိုက်ခြင်းမျိုးလည်း ဖဿ မည်ပေ၏။ ]

## ၃၆။ ဝေဒနာ၏ အာရုံကို ခံစားခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဝေဒနာ စေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ဝေဒနာသည် အာရုံကို ခံစားခြင်း၊ သုံးဆောင်ခြင်း လက္ခဏာရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် (၁)လူတစ်ယောက်သည် မင်းမှုကိစ္စများကို ပြု၍ မင်းထံမှ ဆုလာဘ် များစွာတို့ကို ရခြင်းကြောင့် လူ့စည်းစိမ် ချမ်းသာ များစွာတို့ကို ခံစားလေ၏။ ထိုအခါ သူသည် `ငါသည် ရှေးက မင်းအား ကျေးဇူးပြု၍ ဤသို့သော စည်းစိမ်ချမ်းသာတို့ကို ခံစားရပေ၏'ဟု စဉ်းစားသကဲ့သို့ လည်းကောင်း၊ (၂) မင်းကြီး၊ တစုံတစ်ယောက် ကုသိုလ်ကံကို ပြု၍ သေလွန် သောအခါ နတ်ပြည်သို့ ရောက်ကာ နတ်စည်းစိမ်ချမ်းသာကို ခံစားလေ၏။ ထိုအခါ သူသည် 'ငါသည် ရှေးဘဝက ကုသိုလ် ကောင်းမှုကို ပြုခဲ့၍ ဤသို့သော နတ်ချမ်းသာကို ခံစားရပေ၏´ ဟု စဉ်းစားသကဲ့သို့ လည်းကောင်း၊ ဝေဒနာသည် ခံစားခြင်း၊ သုံးဆောင်ခြင်း လက္ခဏာရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဒွါရနှင့် အာရုံတို့ တွေ့တိုက်ခိုက်၍ ထိတွေ့မှု "ဖဿ" စေတသိက် ဖြစ်ပေါ်လာသော် အာရုံကို ခံစားမှုဟူသော "ဝေဒနာ" စေတသိက် ဖြစ်ပေါ်လာ၏။ ]

## ၃၇။ သညာ၏ အာရုံကို မှတ်သိနေခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ သညာ စေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ သညာသည် မှတ်ခြင်း၊ မှတ်၍ သိခြင်း လက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သညာသည် အဘယ်ကို အမှတ်ပြု၍ သိပါသနည်း။

နာ။ ။ မင်းကြီး၊ သညာသည် အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်းဟူ၍ အဆင်းတို့ကို မှတ်သားပြီး သိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် မင်း၏ ဘဏ္ဍာစိုးသည် ဘဏ္ဍာတိုက်တွင်းသို့ ဝင်၍ ညို၊ ရွှေ၊ နီ၊ ဖြူ၊ အမောင်း အဆင်းရှိသော မင်း၏ အသုံးအဆောင်တို့ကို ကောင်းစွာမှတ်၍ သိသကဲ့သို့ ထို့အတူ သညာသည် အဆင်းတို့ကို မှတ်သား၍ သိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ အရောင်အဆင်းအားဖြင့် မှတ်သား၍ သိခြင်းသည် သညာ၏ လက္ခဏာဖြစ်၏။ ]

## ၃၈။ စေတနာ၏ စေ့ဆော် ပြုပြင်စီရင်ခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ စေတနာ စေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ စေတနာသည် စေ့ဆော်ခြင်း၊ ပြုပြင်စီရင်ခြင်း လက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် (၁) တစုံတစ်ယောက်သောသူသည် အဆိပ်ကို စီရင်ပြီး မိမိလည်း သောက်၍ သူတပါးတို့ကိုလည်း သောက်စေအံ့။ ထိုသူသည် မိမိလည်း ဆင်းရဲရ၍ သူတပါးတို့ကိုလည်း ဆင်းရဲရစေ၏။ ထို့အတူ ဤလောက၌ တစုံတစ်ယောက်သောသူသည် အကုသိုလ်ကံကို ပြုလုပ်သဖြင့် သေသော် အပါယ်ငရဲသို့ ကျလေ၏။ ထိုသူ့ကို အတုယူ၍ ပြုကြသူတို့လည်း သေသော် အပါယ်ငရဲသို့ ကျရောက်လေကုန်၏။

မင်းကြီး၊ အခြား ဥပမာတခုကို ပေးဦးအံ့။ (၂) လူတစ်ယောက်သည် ထောပတ်, ဆီဦ, ဆီကြည်, ပျား, တင်လဲတို့ကိုပေါင်းကာ "ပဥ္စမစု"ကို ပြုပြီး မိမိလည်းသောက်၍ သူတပါးတို့ကိုလည်း သောက်စေပြားအံ့။ ထိုသူသည် မိမိလည်း ချမ်းသာ၍ သူတပါးတို့ကိုလည်း ချမ်းသာစေ၏။ ထို့အတူပင်- ဤလောက၌ တစုံတယောက်သောသူသည် ကုသိုလ်ကံကို ပြုလုပ်သဖြင့် သေသော် နတ်ပြည်သို့ ရောက်လေ၏။ ထိုသူ့ကို အတုယူ၍ ပြုကြသူတို့လည်း သေသော် နတ်ပြည်သို့ ရောက်ကြလေ၏။ မင်းကြီး၊ ဤသို့လျှင် စေတနာသည် စေ့ဆော်ခြင်း၊ ပြုပြင်စီရင်ခြင်း လက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ စေတနာ – ဟူသည် စေ့ဆော်ခြင်း၊ လှုံ့ဆော်ပေးခြင်းဖြစ်၏။ စေတနာ၏ လှုံ့ဆော်ပေးမှုကြောင့် သတ္တဝါတို့သည် ကောင်းမှုကံကို ဖြစ်စေ၊ မကောင်းမှုကံကို ဖြစ်စေ ပြုလုပ်ကြ၏။ ယင်း လှုံ့ဆော်မှု စေတနာ ထက်သန်အားကြီးလေလေ၊ ပြုလုပ်သော ကံ၏အကျိုးလည်း ကြီးမားလေလေ ဖြစ်၏။ ပြုလုပ်မှု "ကံ" ဟူသမျှ၌ စေတနာသည် အဓိက ဖြစ်၏။ "အခရာ' ဖြစ်၏။ ထို့ကြောင့် စေတနာကို 'ကံ' ဟုပင် ခေါ်ဆိုရလေ၏။ ]

## ၃၉။ ဝိညာဉ်၏ အာရုံကို သိခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဝိညာဉ်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ဝိညာဉ်သည် အာရုံကို သိခြင်း လက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် - မြို့စောင့်သည် မြို့လယ် လမ်းဆုံ၌ ရပ်နေလျက် အရပ်လေးမျက်နှာမှ လာသူတို့ ကို မြင်လေ၏။ ထို့အတူပင် မျက်စိ (စက္ခုပသာဒ) ဖြင့် အဆင်း (ရူပါရုံ)ကို မြင်၏။ ထိုအဆင်း ကို စက္ခုဝိညာဉ်ဖြင့် သိ၏။ နားဖြင့် အသံကို ကြား၍ သောတဝိညာဉ်ဖြင့် သိ၏။ နှာခေါင်းဖြင့် အနံ့ကို နမ်း၍ ဃာနဝိညာဉ်ဖြင့် သိ၏။ လျှာဖြင့် အရသာကို လျက်၍ ဇိဝှာဝိညာဉ် ဖြင့်သိ၏။ ကိုယ်ဖြင့် အတွေ့ကို ထိတွေ့၍ ကာယဝိညာဉ်ဖြင့် သိ၏။ စိတ် (မနောဒွါရ)ဖြင့် သဘောတရား (ဓမ္မာရုံ) ကို သိ၍ မနောဝိညာဉ်ဖြင့် သိ၏။ ဤသို့ (ခြောက်ပါးအပြားရှိသော ) ဝိညာဉ်သည် အာရုံကိုသိခြင်း လက္ခဏာ ရှိ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ အချင်းချင်း တွေ့ဆုံမိကြသော် ယင်း အာရုံခြောက်ပါးသော တရားမှာ ဝိညာဉ်ခြောက်ပါးတို့ပင် ဖြစ်။ ]

## ၄၀။ ဝိတက်၏အာရုံသို့ သွင်းပေးခြင်း လက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဝိတက် စေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ (စိတ်ကို) အာရုံသို့ သွင်းပေးခြင်း (တင်ပေးခြင်း) လက္ခဏာ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လက်သမားသည် သစ်သားကို ကောင်းစွာ ရွှေဘော်ထိုး၍ ချောမွေ့အောင် ပြုလုပ်ပြီး အစပ်၌ ထည့်သွင်း၏။ ထို့အတူပင် ဝိတက်သည် (စိတ်ကို) အာရုံသို့ သွင်းပေးခြင်း (တင်ပေးခြင်း) လက္ခဏာ ရှိ၏။

မိ။ ။ အရှင်ဘုရား။ သင့်မြတ် ကောင်းလှပါပေ၏။

[စိတ်ကို အာရုံထဲ ရောက်အောင် တွန်းတင်ပေးခြင်း၊ သွတ်သွင်းပေးခြင်းသည် ဝိတက် စေတသိတ်၏ သဘောလက္ခဏာ ဖြစ်ပေ၏။ ]

## ၄၁။ ဝိစာရ၏ အာရုံကို အဖန်ဖန် သုံးသပ်ခြင်းလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဝိစာရစေတသိက်သည် အဘယ်လက္ခဏာ ရှိပါသနည်း။

နာ။ ။ မင်းကြီး၊ ဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း လက္ခဏာရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ကြေးဖလားကို တီးခေါက်လိုက်သော အသံသည် အဆက်မပြတ် မည်၏။ ပထမဆုံး ထွက်ပေါ်လာသည့် မြည်သံသည် ဝိတက်နှင့်တူ၍ နောက်မှ အဆက်မပြတ် ထွက်ပေါ်လာသည့် မြည်သံသည် ဝိစာရနှင့် တူပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းမွန်လှပါပေ၏။

[ ဝိတက်၏ တွန်းတင် သွတ်သွင်းပေးမှုကြောင့် စိက်သည် အာရုံထဲ ရောက်သွား၏။ နောက် ထိုအာရုံကို အဖန်တလဲလဲ (ဆင်ခြင်) သုံးသပ်ခြင်းသည် ဝိစာရစေတသိက်၏ သဘောလက္ခဏာ ဖြစ်၏။ ]

# နိဗ္ဗာနဝဂ်

## ၄၂။ ဖဿရှုသည်ကို ခွဲခြားသိနိုင်ခြင်း

မိ။ ။ အရှင်ဘုရား ၊ တပေါင်းတည်းဖြစ်၍ နေကုန်သော ဤ(ဆိုခဲ့ပြီးသော) ဖဿစသည့် တရားတို့ကို "ဤကား ဖဿ၊ ဤကား ဝေဒနာ၊ ဤကား သညာ၊ ဤကား စေတနာ၊ ဤကား ဝိညာဉ်' ဟူ၍ အသီးသီးခွဲခြား၍ သိနိုင်ကောင်း အံ့လော။

နာ။ ။ မင်းကြီး၊ ခွဲခြား၍ မသိနိုင်ပေ။

မိ။ ။ ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် မင်း၏ စဖိုသည်သည် ဟင်းလျာကို ကောင်းစွာ စီရင်ပြီး၍ ထိုဟင်းထဲ၌ " နို့ဓမ်း၊ ဆား၊ ချင်း(ဂျင်း)၊ ငရုတ်၊ ဇီယာ စသည်တို့ကို ထည့်၏။ ထိုဟင်းလျာထဲ၌ ပါဝင်သော နို့ဓမ်း အရသာ၊ ဆားအရသာ စသည်ဖြင့် အရသာတို့ကို တစ်ခုစီ ခွဲခြားထုတ်၍ ယူဆောင် နိုင်ပါမည်လော။

မိ။ ။ အရှင်ဘုရား၊ တပေါင်းတည်း ဖြစ်နေသော ထိုအရသာ အမျိုးမျိုးကို တစ်ခုစီ ခွဲခြားထုတ်၍ မယူဆောင်နိုင်ပါ။ စင်စစ်အားဖြင့် ထိုအရသာတို့သည် မိမိတို့၏ သဘောလက္ခဏာ သတ္တိ အသီးသီးဖြင့် ထင်ရှားစွာ ဖြစ်နေကုန်၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် တပေါင်းတည်း ဖြစ်၍ နေကြကုန်သော ဤ "ဖဿ" စသည့် တရားတို့ကို တခုစီခွဲခြား၍ မသိနိုင်ပေ။ စင်စစ်သော်ကား - ထိုတရားတို့သည် မိမိတို့၏ သဘောလက္ခဏာ သတ္တိ အသီးသီးဖြင့် ထင်ရှားစွာ ဖြစ်နေကြပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ မျက်စိတမှိတ်၊ လျှပ်တပြက် အတွင်းမှာ စိတ်ပေါင်း ကုဋေတစ်သိန်းမျှ ဖြစ်ကုန်၏။ စိတ် တစ်ခု တစ်ခု ဖြစ်တိုင်းမှာ 'ဖဿ' စသော စေတသိက်တရားများစွာ အတူတကွ ယှဉ်တွဲဖြစ်ကြကုန်၏။ ထို့ကြောင့် စိတ်တစ်ခုထဲ၌ ပြွတ်သိပ် ပေါင်းစု ရောနှော ဖြစ်ကြကုန်သော ဖဿစသည့် စေတသိက်တရားတို့ကို တစ်ခုစီ ခွဲခြမ်း၍ မသိနိုင်ပေ။ ယင်းစိတ်ထဲ၌ မည်သည့် စေတသိက်များ ပါဝင်ကြကြောင်းကို ယင်းတို့၏ သဘောသတ္တိ အသီးသီး အားဖြင့်သာ ထင်ရှား ဖြစ်နေကြကုန်၏။]

## ၄၃။ ရှင်နာဂသိန့်၏ ဆားပြဿနာ

နာ။ ။ မင်းကြီး၊ ဆားကို စက္ခုဝိညာဉ်ဖြင့် သိနိုင်သလော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ ကောင်းစွာပင် သိနိုင်သလော။

မိ။ ။ အရှင်ဘုရား၊ အသို့နည်း။ ဆားကို ဇိဝှာဝိညာဉ်ဖြင့် သိနိုင်ပါသလော။

နာ။ ။ မင်းကြီး၊ သိနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ အသို့နည်း။ အလုံးစုံသော ဆားကို ဇိဝှာဝိညာဉ်ဖြင့် သိနိုင်ပါသလော။

နာ။ ။ မင်းကြီး၊ သိနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ အကယ်၍ ထိုသို့ သိနိုင်လျှင် ထိုဆားကို နွားလားတို့သည် လှည်းတို့ဖြင့် အဘယ့်ကြောင့် ဆောင်ကုန်သနည်း။ ဆားအရသာ သက်သက်ကိုသာ ဆောင်ရမည် မဟုတ်ပါလော။ (၁)

နာ။ ။ မင်းကြီး၊ ဆား အရသာကို (ခွဲထုတ်၍) ဆောင်ယူရန် မတတ်နိုင်ပေ။ ဆားအရသာနှင့် ဆား၏ လေးလံမှုဟူသော သဘောတို့သည် တပေါင်းတည်း တည်နေကြကုန်၏။ ဆားနှင့် အငန်အရသာ တို့သည် အာရုံအားဖြင့် ကွဲပြားကုန်၏။ (၂)

နာ။ ။ မင်းကြီး၊ ဆားကို ချိန်ခွင်ဖြင့် ချိန်၍ ရနိုင်ကောင်းသလော။

မိ။ ။ အရှင်ဘုရား၊ ချိန်၍ရနိုင်ပါ၏။ (၃)

နာ။ ။ မင်းကြီး၊ ဆားကို ချိန်ခွင်ဖြင့် မချိန်နိုင်ပေ။ ဆား၏ လေးလံမှုကိုသာ ချိန်နိုင်ပေ၏။ (၄)

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ( ၁ ) လျှာဖြင့် အရသာကို သိနိုင်က ဆားကို ဆောင်ယူနိုင်ဖွယ် မရှိ။ ဆားကိုထား၍ ငန်သောအရသာကို ဆောင်စရာတကားဟု မင်းကြီးက စကားကပ်ဆို၏။

( ၂ ) ဆားဒြပ်ဟူသော ဖောဋ္ဌဗ္ဗာရုံ၊ အငန်ဟူသော ရသာရုံဟူ၍ အာရုံအားဖြင့်သာ ထူးကြပြီး တပေါင်းတည်း တည်နေရကား ဆားနှင့် အငန်အရသာကို မခွဲခြားနိုင်သဖြင့် ဆားပါပင် ဆောင်ယူရ၏။ ဤ၌ နာနာန္တရိကနည်း၊ အဝိနာဘာဝနည်းကို သုံးထား၏။ ( ၃ ) ယင်းအကြောင်းကို ထင်စွာပြလို၍ "ဆားကို ချိန်နိုင်သလော"ဟု ဆား၏ အရသာကို ရည်ရွယ်၍ မထေရ်က မေးသည်ကို မင်းကြီးက မရိပ်မိ၍ "ချိန်နိုင်ပါ၏" ဟု ဖြေလိုက်၏။ (၄) ဤ၌ မထေရ်၏ အလိုတော်မှာ အခန်း (၄၂) ပါ ပုစ္ဆာအရ တပေါင်းတည်း ဖြစ်ကုန်သော ပရမတ်တရားတို့ကို အသီးအခြား ခွဲခြား၍ မရကောင်းသည်ကို မင်းကြီးအား သိစေရန် ရည်ရွယ်လေ၏။ ဆားနှင့် အငန်အရသာကို ခွဲခြား၍ မရကောင်း သကဲ့သို့တည်းဟု ဆိုလို၏။ ]

## ၄၄။ အာယတနငါးပါး ကံကြောင့် ဖြစ်ပေါ်ပုံ

မိ။ ။ အရှင်ဘုရား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဟူသော အာယတန ငါးပါးတို့သည် အမျိုးမျိုးသော ကံတို့ကြောင့် ဖြစ်ကြပါသလော။ သို့မဟုတ် တစ်ခုတည်းသော ကံကြောင့် ဖြစ်ကြပါသလော။

နာ။ ။ မင်းကြီး အမျိုးမျိုးသော ကံတို့ကြောင့် ဖြစ်ကြပေ၏။ တစ်ခုတည်းသော ကံကြောင့် ဖြစ်ကြသည် မဟုတ်ပေ။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လယ်ကွင်းထဲ၌ စိုက်ပျိုးအပ်သည့် အမျိုးမျိုးသော မျိုးစေ့တို့သည် အမျိုးမျိုးသော အသီးတို့ကို သီးကြကုန်သည် မဟုတ်လော။

မိ။ ။ အရှင်ဘုရား၊ အမျိုးမျိုးပင် သီးကြပါကုန်၏။

နာ။ ။ မင်းကြီး၊ထို့အတူပင် အာယတန ငါးပါးတို့သည် အမျိုးမျိုးသော ကံတို့ကြောင့် ဖြစ်ကြပေ၏။ တစ်ခုတည်းသောကံကြောင့် ဖြစ်ကြသည် မဟုတ်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ သတ္တဝါမှာ ပါရှိသည့် မျက်စိ၊ နား၊ ခေါင်း၊ လျှာ၊ ကိုယ် ဟူသော ဒွါရခေါ် အာယတနငါးပါးသည် ထိုသတ္တဝါ ပြုလုပ်ခဲ့သည့် ကံ အမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာရ၏။ သတ္တဝါတစ်ဦး၏ အဇ္ဈတ္တ၊ ဗဟိဒ္ဓ အတွင်း အပြင် သက်ဆိုင်ရာ ကောင်းမှု၊ ဆိုးမှု ဟူသမျှသည် သက်ဆိုင်ရာ ကံအသီးသီး၏ အကျိုးတရားသာ ဖြစ်ပေသတည်း။ ]

## ၄၅။ ကံအကြောင်းတရား အမျိုးမျိုး

မိ။ ။ အရှင်ဘုရား၊ အလုံးစုံသော လူတို့သည် အဘယ်အကြောင်းကြောင့် မတူညီကြကုန်သနည်း။ တချို့ အသက်တို၍ တချို့ အသက်ရှည်ကြ၏။ တချို့ ရောဂါများ၍ တချို့ ရောဂါနည်းကုန်၏။ တချို့ အဆင်း မလှ၍ တချို့ အဆင်းလှကုန်၏။ တချို့ တန်ခိုးနည်း၍ တချို့ တန်းခိုးကြီးကုန်၏။ တချို့ ဆင်းရဲ၍ တချို့ ချမ်းသာကုန်၏။ တချို့ စည်းစိမ်နည်း၍ တချို့ စည်းစိမ်ကြီးကုန်၏။ တချို့အမျိုးယုတ်နိမ့်၍ တချို့ အမျိုး မြင့်မြတ်ကုန်၏။ တချို့ ပညာမဲ့၍ တချို့ပညာရှိကုန်၏။

နာ။ ။ မင်းကြီး၊ အလုံးစုံသော သစ်ပင်တို့သည် အဘယ့်ကြောင့် မတူညီကြကုန်သနည်း။ တချို့ ချဉ်၏၊ တချို့ ငန်၏၊ တချို့ခါး၏၊ တချို့ စပ်၏၊ တချို့ဖန်၏၊ တချို့ ချို၏။

မိ။ ။ အရှင်ဘုရား၊ မျိုးစေ့တို့၏ မတူကွဲပြား ခြားနားခြင်းကြောင့် မတူကြ (ကွဲပြားကြ)ခြင်း ဖြစ်သည်ဟု ယူဆပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ကံတို့၏ မတူကွဲပြား ခြားနားခြင်းကြောင့် အလုံးစုံသော လူတို့သည် မတူကြခြင်း ကွဲပြားကြခြင်း ဖြစ်ပေ၏။ မင်းကြီး ၊ ဘုရားးရှင်ကလည်း “လုလင်၊ သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာ ရှိကုန်၏။ ကံ၏ အမွေခံသာ ဖြစ်ကုန်၏။ ကံသာလျှင် အမျိုးအနွယ် ရှိကုန်၏။ ကံသာလျှင် မိတ်ဆွေရှိကုန်၏။ ကံသာလျှင် ကိုးကွယ်ရာရှိကုန်၏။ ကံသည် အယုတ်အမြတ်ရှိသော ကြောင့် သတ္တဝါတို့ကို အယုတ်အမြတ်ဖြစ်အောင် ခွဲခြားဝေဖန်လေ၏ ”ဟူ၍ ဟောကြားထားပေသည်။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ကမ္မံ သတ္တေ ဝိဘဇ္ဇတိ - ဟူသော ဘုရားဟော ဒေသနာအရ ကံတရားသည် သတ္တဝါတို့ကို အယုတ်, အလတ်, အမြတ် အမျိုးမျိုး ကွဲပြားခြားနားအောင် ပြုလုပ် ဖန်ဆင်းလေ၏။ သတ္တဝါတို့ကို ကံက စီမံလေ၏။ “ဘယ်သူမပြု မိမိမှုတည်း”။ အသက် တိုမှု ရှည်မှု၊ ရောဂါများမှု နည်းမှု၊ အဆင်းလှမှု မလှမှု၊ တန်ခိုး ရှိမှု မရှိမှု၊ ဥစ္စာ ရှိမှု မရှိမှု၊ အမျိုးမြတ်မှု မမြတ်မှု၊ ပညာရှိမှု မရှိမှု တို့သည် မိမိပြုသောကံ၏ စီမံမှုပေတည်း။ ဘုရားသခင်၏ စီမံမှု မဟုတ်ပေ။ မိမိကံသည် မိမိကိုယ်ကို ငရဲသို့လည်း ကျစေနိုင်၏။ ခွေး စသည့် တိရစ္ဆာန်မျိုးကိုလည်း ဖြစ်နိုင်၏။ လူ့အဖြစ် နတ်အဖြစ် ပြဟ္မာမင်း အဖြစ်ကိုလည်း ဖန်ဆင်းပေး၏။ မဂ်ဖိုလ် နိဗ္ဗာန်ကို ရခြင်း ရောက်ခြင်းမှာလည်း မိမိ၏ ကံကြောင့်ပင် ဖြစ်ပေ၏။ ]

## ၄၆။ ကြိုတင်၍ လုံ့လပြုသင့် မပြုသင့်

မိ။ ။ အရှင်ဘုရားသည် ဤဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်၊ အခြား ဝဋ်ဆင်းရဲ (အသစ်) မဖြစ်စေရန်အတွက် ငါတို့ ရဟန်းပြုကြ၏” ဟု ဆိုခဲ့သည်မဟုတ်ပါလော။

နာ။ ။ မင်းကြီး၊ မှန်၏။ ဤအကျိုးတရားအတွက်ပင် ရဟန်းပြုခဲ့ခြင်း ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ (အချိန်မရောက်မီ) ဆင်းရဲ မတွေ့မီ ကြိုတင်၍ လုံ့လပြု (ရဟန်းပြု)သဖြင့် အဘယ် အကျိုး ရှိအံ့နည်း။ (အချိန်ရောက်မှသာ) ဆင်းရဲဒုက္ခ တွေ့သောအခါမှသာ လုံ့လပြုသင့်သည် မဟုတ်ပါလော။

နာ။ ။ မင်းကြီး၊ အချိန်ရောက်မှ၊ ဆင်းရဲဒုက္ခတွေ့မှ လုံ့လပြုခြင်းသည် လိုရာ အကျိုးကို မပြီးစေနိုင်။ အချိန်မရောက်မီ၊ ဆင်းရဲဒုက္ခမတွေ့မီ ကြိုတင်၍ လုံ့လပြုမှသာ လိုရာအကျိုးကို ပြီးစီးနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာ ပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သင်သည် ရေငတ်သော အခါမှ ရေသောက်ရန်အတွက် ရေတွင်း ရေကန်ကို တူးစေမည်လော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ၊ ဤသို့ မပြုပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် အချိန်ရောက်မှ လုံ့လပြုခြင်းသည် လိုရာ အကျိုးကို မပြီးစေနိုင်။ အချိန်မရောက်မီ ကြိုတင် လုံ့လပြုခြင်းသည်သာ လိုရာအကျိုးကို ပြီးစေနိုင်၏။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သင်သည် ထမင်းဆာ၍ လယ်ကို ထွန်၍ စပါးစိုက်ပျိုးမည်လော။ ရန်သူလာမှ တံတိုင်းကျုံးများပြု၍ ခံတပ်လုပ်ခြင်း၊ ရိက္ခာစုခြင်း၊ စစ်ပညာသင်ခြင်းတို့ကို ပြုမည်လော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ၊ ထိုသို့ မပြုပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် အချိန်ရောက်မှ လုံ့ ပြုခြင်းသည် လိုရာအကျိုးကို မပြီးစေနိုင်။ ကြိုတင် လုံ့လ ပြုခြင်းသည်သာ လိုရာအကျိုးကို ပြီးစေနိုင်၏။ မင်းကြီး၊ ဘုရားရှင်ကလည်း ထိုသဘောကိုပင် ( ၃-ဂါထာဖြင့်) ဤသို့ ဟောကြားထားပေ၏-

> (၁) ပညာရှိသည် မိမိ၏အကျိုးစီးပွားကို သိမြင်၍ ကြိုတင်ပြီး လုံ့လ ပြုရာ၏။ လှည်းကုန်သည်၏ အကြံအစည်မျိုးဖြင့် နှေးကွေးစွာ (ဝါ) မိုက်မဲစွာ မပြုလုပ် အားမထုတ်။

(၂) လှည်းကုန်သည်မိုက်သည် ညီညာသော လမ်းခရီးကို စွန့်၍ မညီညာသော လမ်းခရီးသို့ တက်ပြီး မောင်းနှင်သွားသဖြင့် ဝင်ရိုးကျိုး၍ ကြံမှိုင်ရသကဲ့သို့

( ၃) ထို့အတူ လူမိုက်သည် သူတော်ကောင်း တရားမှ ခွဲခွာပြီး မသူတော် တရားကို အစဉ်လိုက်၍ ပြုကျင့်သောကြောင့် သေမင်း၏ ခံတွင်းသို့ ရောက်လေသော် ဝင်ရိုးကျိုးသကဲ့သို့ စိုးရိမ် ပူဆွေးရလေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပေ၏။

[ ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်မှ ကုစားခြင်းထက် ပို၍ ကောင်း၏” ဟူသော ကျန်းမာရေးဆိုင်ရာ စကားပုံကဲ့သို့ပင် ဆင်းရဲဒုက္ခ မဖြစ်အောင် ကုသိုလ်ကောင်းမှု ပြုခြင်းအားဖြင့် ကြိုတင်အားထုတ်ခြင်းသည် ဆင်းရဲဒုက္ခရောက်မှ ဘုရားတရား “ဖက်’ခြင်းထက် ပို၍ ကောင်းပေ၏။ လာမည့် ဘေးဒုက္ခအတွက် ကြိုတင် ပြင်ဆင်ထားခြင်းသည် လူတော် လူကောင်းတို့၏ အကျင့်ဖြစ်၏။ ဘေးဒုက္ခတွေ့မှ ပျာပျာသလဲ ပြုလုပ်ခြင်းသည် လူညံ့လူမိုက်တို့၏ အကျင့်ဖြစ်ပေ၏။ ]

## ၄၇။ ငရဲမီး အပူပြင်းထန်ပုံ

မိ။ ။ အရှင်ဘုရား၊ “ပကတိမီး၏ အပူထက် ငရဲမီး၏အပူက လွန်လွန်မင်းမင်း အဆပေါင်းများစွာ ပိုပူ၏။ ပကတိမီးထဲ၌ ပစ်ထည့်ထားသော ကျောက်စရစ်ခဲလေးသည် တနေကုန် ပူလောင် အပ်သော်လည်း ကြေညက် မသွားပေ။ အိမ်လောက်ကြီးသော ကျောက်တုံးကြီးသည်ပင် ငရဲမီးထဲသို့ ပစ်ချလိုက်သော် တခဏချင်း ကြေညက်သွား၏' ဟူ၍ အရှင်တို့ ဆိုကြကုန်၏။ ထိုစကားကို တပည့်တော် မယုံပါ။

ထို့ပြင် “ငရဲကျသော သတ္တဝါတို့သည် ငရဲမီးထဲ၌ အနှစ်ထောင်ပေါင်း များစွာပတ်လုံး လောင်အပ်ပါသော်လည်း ကြေညက်မသွားကုန်’ ဟူ၍လည်း အရှင်တို့ ဆိုကြပြန်၏။ ထိုစကားကိုလည်း တပည့်တော် မယုံပါ”

နာ။ ။ မင်းကြီး၊ မကန်းမ၊ မိကျောင်းမ၊ လိပ်မ၊ ဒေါင်းမ၊ ခိုမ ဟူသော သတ္တဝါတို့သည် ကျောက်စရစ်ခဲများကို မျိုချကုန်ရာ ဝမ်းထဲရောက်သော် ထိုကျောက်စရစ်ခဲ တို့သည် ကြေညက် သွားကုန်သလော။

မိ။ ။ အရှင်ဘုရား၊ ကြေညက်သွားကြပါ၏။

နာ။ ။ မင်းကြီး၊ သတ္တဝါတို့၏ ဝမ်းထဲရှိ သန္ဓေသားသည်လည်း ကြေညက်သွားသလော။

မိ။ ။ အရှင်ဘုရား၊ ကြေညက်မသွားပါ။

နာ။ ။ မင်းကြီး၊ အဘယ့်ကြောင့်နည်း။

မိ။ ။ အရှင်ဘုရား၊ "ကံတရားက အထူးစီရင် အပ်သောကြောင့် ကြေညက် မသွားခြင်း ဖြစ်သည်ဟု' ထင်ပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ငရဲကျသော သတ္တဝါတို့လည်း တရားက အထူး စီရင်အပ်သောကြောင့် အနှစ် ထောင်ပေါင်း များစွာတိုင် ငရဲမီးထဲ၌ အလောင်ခံရသော်လည်း ကြေညက်မသွားကြခြင်း ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ တဖန် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ (၁) ကျားမ၊ ခြင်္သေ့မ၊ သစ်မတို့ စားကြသည့် ကြမ်းတမ်းသော အရိုးအသားတို့သည် ဝမ်းတွင်းထဲ၌ ကြေညက်သွားကြသော်လည်း ထိုသတ္တဝါမတို့၏ ဝမ်းတွင်းရှိ သန္ဓေသားတို့မှာ ကံတရားက အထူးစီမံထားသောကြောင့် ကြေညက်မသွားကုန်သကဲ့သို့ လည်းကောင်း၊ (၂) သိမ်မွေ့ နူးညံ့လှသော အမျိုးသမီးတို့ စားမျိုအပ်သော ကြမ်းတမ်းသည့် အမဲသား၊ ငါးတို့သည် ဝမ်းတွင်းထဲ၌ ကြေညက်သွားကြသော်လည်း ထိုအမျိုးသမီးတို့၏ ဝမ်းတွင်းထဲရှိ သန္ဓေသားတို့မှာ ကံတရားက အထူးစီမံထားသောကြောင့် ကြေညက်မသွားကုန် သကဲ့သို့လည်းကောင်း -ထို့အတူပင် ငရဲကျသော သတ္တဝါတို့သည်လည်း ကံတရားက အထူး စီမံအပ်သောကြောင့် အနှစ် ထောင်ပေါင်းများစွာတိုင် ငရဲမီးထဲ၌ အလောင်ခံရသော်လည်း ကြေညက်မသွားခြင်း ဖြစ်ပေ၏။ မင်းကြီး၊ ထို့ကြောင့် ဘုရားရှင်ကလည်း "ငရဲကျသောသူသည် သူ၏ မကောင်းမှုကံ မကုန်သေးသရွေ့ ကာလပတ်လုံး စုတေ သေလွန်ခြင်း မရှိ"ဟူ၍ ဟောကြားထားပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ကံတရားဟူသည် အလွန်ဆန်းကြယ်၏။ ဆန်းကြယ်လွန်းလှ၏။ မည်သည့် ယုတ္တိနည်း၊ လောကဓာတ် သိပ္ပံနည်းနှင့် စဉ်းစား၍ မရနိုင်အောင် ဆန်းကြယ်လွန်း၏။ မကြံစည်အပ် မကြံစည်နိုင်၊ မကြံစည် စကောင်းသော (အစိန္တေယျ - အစိန္တေယျ) တရားဟူ၍ပင် ဘုရားရှင် ဟောထားခဲ့ပေ၏။ သတ္တဝါတစ်ဦး၏ ရုပ်ခန္ဓာကိုယ်သည် ထိုသတ္တဝါ ပြုခဲ့သည့် ကံတရား၏ အစွမ်းသတ္တိ ရှိသလောက်ပင် (ဆန့်ကျင်ဘက် ကံတစ်ခုခုက ဝင်ရောက် နှောင့်ယှက်ခြင်း မရှိသရွေ့ တည်တံ့နေရ၏။ ငရဲသားဖြစ်စေ၊ ပြိတ္တာဖြစ်စေ၊ ခွေးစသည့် တိရစ္ဆာန် ဖြစ်စေ၊ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာပင်ဖြစ်စေ မည်သည့်ဘဝဖြစ်ဖြစ် မိမိပြုခဲ့သည့် ကံတရား၊ အစွမ်းသတ္တိ အလျောက် (ဆန့်ကျင်ဘက်ကံ တစ်ခုခုက ဝင်ရောက် နှောင့်ယှက်ခြင်း မရှိသရွေ့) အသက်ရှင် နေကြရသည်သာတည်း။ ]

## ၄၈။ ကမ္ဘာမြေကြီး တည်နေပုံ

မိ။ ။ အရှင်ဘုရား၊ ဤကမ္ဘာမြေကြီးသည် ရေပြင်အပေါ်၌ တည်၏။ ရေပြင်သည် လေထုအပေါ်မှာ တည်၏။ လေထုသည် အောက် အဇဋာကာသ ကောင်းကင်ထဲ၌ တည်၏။ ဟူ၍ အရှင်တို့ ဆိုကြ၏။ ထိုစကားကို တပည့်တော် မယုံပါ။

ထိုအခါ မထေရ်သည် ဓမ္မကရိုဏ်ခေါ် ရေစစ်ဖြင့် ရေကို ယူပြလျက်-

နာ။ ။ မင်းကြီး၊ ဤရေစစ်ထဲ၌ ရှိသောရေကို လေသည် ဆောင်ယူထားသကဲ့သို့ ထို့အတူ ဤကမ္ဘာမြေကြီး ကို ခံသော ရေကိုလည်း လေထုက ဆောင်ယူထားပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ ဤကမ္ဘာမြေကြီးသည် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိ၏။ ယင်း ကမ္ဘာမြေကြီးကို ခံထားသော ရေထုကား ယူဇနာပေါင်း လေးသိန်းရှစ်သောင်း အထုရှိ၏။ တဖန် ယင်းရေထုကို ခံထားသော လေထုသည်ကား ယူဇနာပေါင်း ကိုးသိန်းခြောက်သောင်းရှိ၏။ ထိုလေထုနှင့် တကွသော အရာအားလုံးသည် အတိုင်းအဆမရှိ 'အနန္တ' ဖြစ်သော ကောင်းကင်ပြင်ကြီးထဲ၌ တည်နေပေ၏။ မြေထုထက် ရေထုက နှစ်ဆများ၏။ ရေထုထက် လေထုက နှစ်ဆ များပေ၏၊ ဓာတ်ကြီးလေးပါးတို့တွင် လေသည် အားအကောင်းဆုံး ဖြစ်၏။ ထို့ကြောင့် လေထုသည် ရေနှင့် တကွသော ကမ္ဘာမြေကြီးကို ဆောင်ထားနိုင်ခြင်း ဖြစ်ပေ၏။

## ၄၉။ ချုပ်ငြိမ်းခြင်းနိဗ္ဗာန်

မိ။ ။ အရှင်ဘုရား၊ (ဝဋ်ဆင်းရဲ) ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်မည်ပါသလော။

နာ။ ။ မင်းကြီး မှန်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဝဋ်ဆင်းရဲ ချုပ်ငြိမ်းခြင်းသည် အဘယ်သို့ နိဗ္ဗာန် မည်ပါသနည်း။

မိ။ ။ မင်းကြီး၊ ပုထုဇဉ်တို့သည် အတွင်းအာယတန (၆-ပါး) အပြင် အာယတန(၆-ပါး) တို့ကို နှစ်သက် မက်မော စွဲလမ်းကြပြီး ချီးမွမ်း ပြောဆိုကုန်၏။ ထိုတပ်မက်ခြင်း "တဏှာ" ရေယဉ်ဖြင့် မျောပါကုန်၏။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်းစသည့် ဘေးဒုက္ခ ဆင်းရဲအပေါင်းမှ မလွတ်ကြကုန်။

မင်းကြီး၊ အကြားအမြင်ရှိသော အရိယာသာဝကသည်ကား ထိုအတွင်း အပြင် အာယတန ၁၂ပါးတို့ကို နှစ်သက်မက်မော စွဲလမ်းခြင်း၊ ချီးမွမ်းခြင်း မရှိကြကုန်။ ထိုအာယတနတို့ကို တပ်မက် စွဲလမ်ခြင်း မရှိသော ထိုပုဂ္ဂိုလ်မှာ 'တဏှာ'သည် ချုပ်ငြိမ်းလေ၏။ တဏှာ ချုပ်ငြိမ်းခြင်းကြောင့်

ပြင်းစွာစွဲလမ်းမှု ဥပါဒါန်လည်း ချုပ်ငြိမ်း၏။ ဥပါဒါန် ချုပ်ငြိမ်းခြင်းကြောင့် (ကံ)သည် ချုပ်ငြိမ်း၏။ ဘဝချုပ်ငြိမ်းသောကြောင့် ပဋိသန္ဓေနေခြင်း "ဇာတိ"သည် ချုပ်ငြိမ်း၏။ ဇာတိချုပ်ငြိမ်းခြင်းကြောင့် အိုခြင်း၊ သေခြင်းစသည့် ဝဋ်ဆင်းရဲ ဒုက္ခအပေါင်းသည် ချုပ်ငြိမ်းလေတော့၏။ ဤသို့ ဝဋ်ဆင်းရဲ အပေါင်း ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်မည်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[သစ္စာလေးပါး တရားတော်အရ - သမုဒယသစ္စာ ခေါ် တပ်မက်ခြင်း 'တဏှာ' သည် ဒုက္ခသစ္စာခေါ် ဆင်းရဲ ဒုက္ခအပေါင်းကို ဖြစ်စေသည့် ပင်မ အကြောင်းရင်း ကြီးဖြစ်၏။ ယင်း "တဏှာ" တည်းဟူသော ရေသောက်မြစ်ကြီး ရှိနေသမျှ ကာလပတ်လုံး ပင်စည်၊ အကိုင်းအခက်၊ အသီး အပွင့်တည်းဟူသော မရေမတွက်နိုင်သည့် သံသရာဆင်းရဲ ဒုက္ခအလုံးစုံကို "သက်ဆိုး' ရှည်နေမည်သာတည်း။ ထို့ကြောင့် မဂ္ဂသစ္စာခေါ် မဂ်လမ်းစဉ်ကို လိုက်နာကျင့်သုံး၍၊ ယင်း "တဏှာ" ချုပ်ငြိမ်းလေသော် နိရောဓသစ္စာခေါ် 'နိဗ္ဗာန်'သို့ ရောက်သည်မည်၏။ စင်စစ် နိဗ္ဗာန်ဟူသော ဝေါဟာရသည် ဝဋ်ဆင်းရဲ ဒုက္ခအပေါင်း၏ ရေသောက်ကြီး ဖြစ်သည့် "တဏှာ" ကုန်ခန်း ချုပ်ငြိမ်းခြင်း-ဟူသော အဓိပ္ပာယ်ကို ဆောင်ပေ၏။]

## ၅၀။ နိဗ္ဗာန်ရခြင်း ရောက်ခြင်း

မိ။ ။ အရှင်ဘုရား၊ အလုံးစုံသော သူတို့ပင် နိဗ္ဗာန်ကို ရနိုင်ကုန်သလော။

နာ။ ။ မင်းကြီး၊ မရနိုင်ပေ။ အကြင်သူသည် ကောင်းစွာ ကျင့်ကြံ အားထုတ်၏။ သိအပ်သော ဒုက္ခသစ္စာ တရားတို့ကို ထိုးထွင်းပိုင်းခြား၍ သိ၏။ ပယ်အပ်သော သမုဒယသစ္စာတရားတို့ကို စွန့်ပယ်၏။ ပွားများအပ်သော မဂ္ဂင်တရားတို့ကို ပွားများ၏။ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရားကို မျက်မှောက်ပြု၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည်သာ နိဗ္ဗာန်ကို ရပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ ဓမ္မစကြာတရားတော်လာ သစ္စာလေးပါးတို့ကို ကျင့်ကြံပွားများ၍ ထိုးထွင်း သိမြင်သောသူသာ နိဗ္ဗာန်ကို ရနိုင်ပေ၏။]

## ၅၁။ နိဗ္ဗာန် ချမ်းသာကို သိနိုင်-မသိနိုင်

မိ။ ။ အရှင်ဘုရား၊ နိဗ္ဗာန်ကို မရသေးသောသူသည် "နိဗ္ဗာန်ကား ချမ်းသာလှ၏" ဟု သိနိုင်ပါသလော။

နာ။ ။ မင်းကြီး၊ သိနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဘယ်သို့ သိနိုင်ပါသနည်း။

နာ။ ။ မင်းကြီး၊ လက်ခြေ မပြတ်သော (အင်္ဂါကောင်းပကတိရှိသော) သူတို့သည် "လက်ခြေပြတ်ခြင်းကား ဆင်းရဲလှ၏"ဟု သိနိုင်ကုန်သလော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ အဘယ်သို့ သိနိုင်သနည်း။

မိ။ ။ အရှင်ဘုရား၊ လက်ခြေပြတ်သော သူတို့၏ ငိုကြွေးမြည်တမ်းသံကို ကြားရသဖြင့် လက်ခြေပြတ်ခြင်းကား ဆင်းရဲလှ၏"ဟု သိကြပါကုန်၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် နိဗ္ဗာန်ကို သိမြင်ကြသော ပုဂ္ဂိုလ်တို့၏ ပြောဆိုချီးမွမ်းသံကို ကြားရသဖြင့် နိဗ္ဗာန်ကား ချမ်းသာလှပေ၏"ဟု သိနိုင် ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ပါဠိ စာပေထဲ၌ နိဗ္ဗာန်ကိုမြင်ကြသော အရိယာပုဂ္ဂိုလ်တို့သည် "ဗြဟ္မာမင်း၊ သိကြား၊ နတ်မင်း၊ လူမင်း မှအစပြု၍ ဘဝဟူသမျှသည် မည်မျှ ဆင်းရဲဒုက္ခ များလှပုံကို လည်းကောင်း၊ နိဗ္ဗာန်ရောက်၍ နိဗ္ဗာန်၏ အတုမရှိ ချမ်းသာလှပုံ ကိုလည်းကောင်း "အဖြူနှင့် အမည်း' နှိုင်းယှဉ်ဖော်ပြ သီကျူးထားခဲ့ကြပေ၏။ ထိုပုဂ္ဂိုလ်မြတ်တို့၏ ကိုယ်တွေ့ ပြောပြချက်တို့ကို ကောင်းစွာ လေ့လာကြလျှင် နိဗ္ဗာန်သည် အတုမရှိ ချမ်းသာလှသည်။ အတုမရှိ ချမ်းသာလှ ကြောင်း တို့ကို သိနိုင်ပေ၏။ ]

## ဗုဒ္ဓဝဂ်

### ၅၂။ ဗုဒ္ဓသည် အမှန် ရှိ-မရှိ

မိ။ ။ အရှင်ဘုရားသည် ဗုဒ္ဓမြတ်စွာကို မြင်ဖူးပါသလော။

နာ။ ။ မင်းကြီး၊ မမြင်ဖူးပါ။

မိ။ ။ အရှင်ဘုရား၏ ဆရာတို့လည်း မြင်ဖူးကြပါသလော။

နာ။ ။ မင်းကြီး၊ မြင်ဖူးကြပါ။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် ဗုဒ္ဓသည် မရှိခဲ့ပေတကား။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ဟိမဝန္တာတောင်ပေါ် ရှိ ‘ဉီဟာ’ မြစ်ကို သင်မြင်ဖူးပါလော။

မိ။ ။ အရှင်ဘုရား၊ မမြင်ဖူးပါ။

နာ။ ။ မင်းကြီး၊ သင်၏ ဖခင်လည်း မြင်ဖူးသလော။

မိ။ ။ အရှင်ဘုရား၊ မမြင်ဖူးပါ။

နာ။ ။ မင်းကြီး၊ ‘ဉီဟာ’မြစ်သည် မရှိချေတကား။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ မမြင်ဖူးသော်လည်း ‘ဉီဟာ’ မြစ်သည် အမှန်ပင် ရှိပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဗုဒ္ဓကို ငါနှင့် ငါ့ဆရာတို့ မမြင်ဖူးကြသော်လည်း ဗုဒ္ဓသည် အမှန်ပင် ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်လှပေ၏။

[ ဤပြဿနာ ကို အခန်း ၁၈၃ ၌ ကြည့်ပါလေ။ ]

## ၅၃။ ဗုဒ္ဓ၏ အတုမရှိခြင်း

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓသည် အတုမရှိသော ပုဂ္ဂိုလ် ဖြစ်ပါသလော။

နာ။ ။ မင်းကြီး၊ ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရားသည် ဗုဒ္ဓကို မမြင်ဖူးဘဲလျက် “ဗုဒ္ဓသည် အတုမရှိ ပုဂ္ဂိုလ်ဖြစ်၏” ဟု အဘယ်သို့ သိပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ပင်လယ်သမုဒ္ဒရာကြီးကို မမြင်ဖူးသော သူတို့သည် ပင်လယ် သမုဒ္ဒရာကြီးကား အလွန်ကျယ်၏။ အလွန်နက်၏။ နှိုင်းယှဉ်စရာ ဥပမာ မရှိ။ (အတွင်း) သက်ဝင်နိုင်ခဲ၏။ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဟူသော မြစ်ကြီးငါးသွယ်တို့သည် ထိုပင်လယ် သမုဒ္ဒရာကြီးထဲသို့ အမြဲမပြတ် စီးဝင်ကုန်ကြသော်လည်း ထိုပင်လယ် သမုဒ္ဒရာကြီးကား ရေယုတ်လျော့သည်၊ ရေလျှံသည်ဟူ၍ မထင်ရဟု သိနိုင်ကြသလော။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ကြပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ပရိဗ္ဗာန် စံဝင်သွားပြီးကုန်သော အရိယာသာဝက မြောက်မြားစွာတို့ကို မြင်ရသဖြင့် “ဗုဒ္ဓသည် အတုမရှိမြတ်သော ပုဂ္ဂိုလ်ဖြစ်သည်”ဟု ငါ သိရပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ဤပြဿနာ၊ အဖြေစုံကို အခန်း ၁၃၈ ၌ ကြည့်ပါလေ။ ]

## ၅၄။ ဗုဒ္ဓ၏ အတုမရှိ မြတ်ခြင်းကို သိနိုင်ခြင်း

မိ။ ။ အရှင်ဘုရား၊ "ဗုဒ္ဓသည် အတုမရှိ မြတ်သောပုဂ္ဂိုလ်ဟု သိနိုင်ပါသလော။

နာ။ ။ မင်းကြီး၊ သိနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ အဘယ်သို့ သိရှိနိုင်ပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ရှေးအခါက 'တိဿထေရ' မည်သော ကျမ်းပြုပုဂ္ဂိုလ်ကြီး ရှိခဲ့ဖူး၏။ ထိုပုဂ္ဂိုလ် ကွယ်လွန်ပြီး၍ နှစ်ပေါင်းများစွာ ကြာသော် ထိုသူ့ကို အဘယ်သို့ သိနိုင်မည်နည်း။

မိ။ ။ အရှင်ဘုရား၊ ထိုပုဂ္ဂိုလ် ရေးခဲ့သော ကျမ်းစာအားဖြင့် သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော်များကို မြင်ရ၊ သိရသဖြင့် 'ဗုဒ္ဓသည် အတုမရှိသော ပုဂ္ဂိုလ်' ဟု သိနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဤပြဿနာ၏ အဖြေစုံကို အခန်း ၁၈၃ ၌ ကြည့်ပါလေ။ ]

## ၅၅။ တရားကို သိမြင်ခြင်း

မိ။ ။ အရှင်ဘုရားသည် တရားကို သိမြင်ပါသလော။

နာ။ ။ မင်းကြီး၊ ဗုဒ္ဓ၏ သာဝကတို့သည် ဗုဒ္ဓညွှန်ပြခဲ့သော နည်းဖြင့် တရားကျင့်မှုကို အသက်ထက်ဆုံး လိုက်နာ ကျင့်သုံးအပ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[တရားကို သိမြင်ခြင်းဟူသည် "အရိယာရဟန္တာဖြစ်ခြင်း" ဟု အဓိပ္ပာယ်ရှိပေ၏။ ထို့ကြောင့် 'အရှင်ဘုရားသည် တရားကို သိမြင်ပါသလာ"ဟု မင်းကြီး မေးခြင်းသည် အရှင်ဘုရားသည် အရိယာရဟန္တာ ဖြစ်ပါသလော"ဟု မေးခြင်း ဖြစ်၏။ မင်းကြီးသည် ရှင်နာဂသိန် ရဟန္တာ ဟုတ်-မဟုတ် အလွန်သိလိုသဖြင့် အခန်း ၆ နှင့် ၂၄ တို့၌လည်း မေးခဲ့ဖူး၏။ မထေရ်ထံမှ အဖြေကို မရခဲ့ပေ။ ဤ၌လည်း ရှင်နာဂသိန်သည် ဗုဒ္ဓဟောကြားခဲ့သော တရားတော်၊

ဝိနည်းတော်အတိုင်း လိုက်နာကျင့်သုံးအပ်ပေ၏ ဟူသောစကားဖြင့် တတိယမွိ သုံးကြိမ်မြောက် ငြင်းဆိုပြန်လေသည်။ ]

## ၅၆။ မပြောင်းမရွှေ့ဘဲ ပဋိသန္ဓေနေခြင်း

မိ။ ။ အရှင်ဘုရား၊ သတ္တဝါသည် ဘဝဟောင်းမှ မပြောင်းမရွှေ့ဘဲ ဘဝသစ်၌ ပဋိသန္ဓေ နေပါသလော။

နာ။ ။ မင်းကြီး၊ ထိုသို့ပင် ဘဝဟောင်းမှ မပြောင်းမရွှေ့ဘဲ ပဋိသန္ဓေ နေပေ၏။

မိ။ ။ အရှင်ဘုရား၊ အဘယ်သို့ ပဋိသန္ဓေနေပါသနည်း။ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတယောက်သည် ဆီမီးခွက်တစ်ခုမှ ဆီမီးခွက်တစ်ခုကို ညှိထွန်းအံ့။ ဆီမီးဟောင်းသည် ဆီမီးသစ်သို့ ပြောင်းရွှေ့သွားလေသလော'။

မိ။ ။ အရှင်ဘုရား၊ မပြောင်းရွှေ့ပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဘဝဟောင်းမှသည် မပြောင်းရွှေ့ဘဲ ဘဝသစ်၌ ပဋိသန္ဓေ နေပေ၏။

မိ။ ။ အရှင်ဘုရား၊ နောက်ထပ် ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ သင်သည် ငယ်ရွယ်စဉ်က ဆရာတစ်ဦးထံ၌ အတတ်ပညာ သင်ယူခဲ့၏။ ထိုအတတ်ပညာသည် ဆရာ့ထံမှ သင့်ထံသို့ ပြောင်းရွှေ့သွားလေသလော။

မိ။ ။ အရှင်ဘုရား မပြောင်းရွှေ့ပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဘဝဟောင်းမှသည် မပြောင်းရွှေ့ ဘဝသစ်၌ ပဋိသန္ဓေ နေပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းထဲ၌ စိတ်တို့၏ ဖြစ်ပျက်စဉ်ကို ဖော်ပြထားသော ဝီထိပိုင်း ဟူ၍ အခန်းတခု ပါရှိ၏။ ထိုအခန်းကို ကောင်းစွာ လေ့လာသင့်ပေ၏။ ဝီထိခေါ် စိတ်ဖြစ်စဉ် သဘောတရားအရ သတ္တဝါ တစ်ဦးသည် သေလွန်သောအခါ သူ၏စိတ်သည် “စုတိစိတ်”အဖြစ်ဖြင့် ချုပ်ငြိမ်းသွားပြီး ထိုသတ္တဝါ ပြုခဲ့သည့် ကံအားလျော်စွာ နောင် ဘဝသစ်၌ ချက်ချင်းပင် ပဋိသန္ဓေစိတ်အဖြစ်သို့ ပြောင်းလဲသွားပေ၏။ ဤသို့ သတ္တဝါ ဟူသမျှသည် ဘဝသံသရာထဲ၌ ခန္ဓာကိုယ် အဟောင်းအဟောင်းကို စွန့်၍ မိမိတို့ ပြုခဲ့သည့် ကံအားလျော်စွာ ခန္ဓာကိုယ် အသစ်အသစ်သို့ ပြောင်းလဲသွားရလေသည်။ ]

## ၅၇။ ဝေဒဂူ ပြဿနာ

မိ။ ။ အရှင်ဘုရား၊ သိတတ်သော ဝေဒဂူခေါ် ဇီဝ (အတ္တ၊အသက်)ကို ပရမတ္ထအားဖြင့် ရနိုင်ပါသလော။

နာ။ ။ မင်းကြီး၊ ဝေဒဂူကို ပရမတ္ထအားဖြင့် မရနိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ဤပြဿနာ၏အဖြေကို အခန်း ၄ နှင့် ၃၂ တို့၌ ကြည့်ပါလေ။ ]

## ၅၈။ အခြားကိုယ်သို့ ပြောင်းရွှေ့ခြင်း ရှိ-မရှိ

မိ။ ။ အရှင်ဘုရား၊ ပဋိသန္ဓေ နေသောအခါ သတ္တဝါသည် ဤကိုယ် (အဟောင်း)မှ အခြားကိုယ် (အသစ်)သို့ ပြောင်းရွှေ့သွားပါသလော။

နာ။ ။ မင်းကြီး၊ ဤသို့ ပြောင်းရွှေ့သွားသူ မရှိပေ။

မိ။ ။ အရှင်ဘုရား၊ သတ္တဝါသည် ဤကိုယ်(အဟောင်း)မှ အခြား ကိုယ်(အသစ်)သို့ မပြောင်းရွှေ့သည် ဖြစ်အံ့။ မကောင်းမှုတို့မှ လွတ်မြောက်သွား လတ္တံ့လော။

နာ။ ။ မင်းကြီး၊ အကယ်၍ ပဋိသန္ဓေ မနေခဲ့မူ (=ရဟန္တာဖြစ်မူ) မကောင်းမှုတို့မှ လွတ်မြောက် ပေလတ္တံ့။ ပဋိသန္ဓေနေလျှင်မူကား မကောင်းမှုတို့မှ မလွတ်လတ္တံ့။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတစ်ယောက်သည် အခြားသူတစ်ဦး၏ သရက်သီးကို ခိုးယူအံ့။ ထိုသူသည် အပြစ်ဒဏ် ရမည်လော။

မိ။ ။ အရှင်ဘုရား၊ အပြစ်ဒဏ် ရပါမည်။

နာ။ ။ မင်းကြီး၊ ထိုသူခိုးသည် အခြားသူ စိုက်ပျိုးခဲ့သည့် မူလ သရက်သီးကို မခိုးယူလျက် အဘယ့်ကြောင့် အပြစ်ဒဏ် ရနိုင်မည်နည်း။

မိ။ ။ အရှင်ဘုရား၊ အခြားသူ (သရက်ပင် ပိုင်ရှင်) စိုက်ပျိုးခဲ့သည့် မူလသရက်သီးကို အကြောင်းပြု၍ ထို ခိုးယူအပ်သော သရက်သီး ဖြစ်ပေါ်လာခြင်းကြောင့် ပြစ်ဒဏ် ရပါမည်။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဤပစ္စုပ္ပန်နာမ်ရုပ် (အဟောင်း) ဖြင့် ကောင်းမှု၊ မကောင်းမှုကံကို ပြု၍ ထိုကံကြောင့် အခြားသော နာမ်ရုပ် (အသစ်)သည် ပဋိသန္ဓေနေရ၏။ ထို့ကြောင့် မကောင်းမှုတို့မှ မလွတ်မြောက်နိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဤ ပြဿနာ အဖြေစုံကို အခန်း ၁၈၊ ၂၃၊ ၂၆ တို့၌ ကြည့်ပါလေ။] .

## ၅၉။ ကံ၏ အကျိုးတရားများ ရှိ-မရှိ

မိ။ ။ အရှင်ဘုရား၊ ဤ နာမ်ရုပ်ဖြင့် ပြုအပ်သော ကုသိုလ်၊ အကုသိုလ် ကံတရားတို့သည် အဘယ်မှာ တည်ရှိကြပါသနည်း။

နာ။ ။ မင်းကြီး၊ ထိုကံတို့သည် ထိုနာမ်ရုပ်နောက်သို့ အရိပ်ပမာ နောက်က အမြဲလိုက်နေပေ၏။

မိ။ ။ အရှင်ဘုရား၊ ထိုကံတို့သည် ဤနေရာ ဤနေရာမှာ တည်ရှိကြ၏ဟု ပြနိုင်ပါသလော။

နာ။ ။ မင်းကြီး၊ မပြနိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် အသီး မသီးသေးသော သစ်ပင်တို့၌ "အသီးတို့သည် ဤနေရာ ထိုနေရာမှာ တည်ရှိကြ၏"ဟု ပြနိုင်ပါမည်လော။

မိ။ ။ အရှင်ဘုရား၊ မပြနိုင်ပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ကံတရားတို့၏ တည်နေရာကို မပြနိုင်ပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[အသီး မသီးသေးသည့် သစ်ပင်တို့၌ ဘယ်နေရာမှာ အသီးများရှိသည်ဟု မပြနိုင်သော်လည်း အသီးကို ဖြစ်စေသည့် ဓာတ်သဘာဝ သတ္တိတို့သည် ထိုသစ်ပင်တို့ ပင်စည် အတွင်းမှာပင် ကိန်းအောင်း တည်ရှိနေကြပေ၏။ ထို့အတူပင် သတ္တဝါတို့ ပြုသမျှသော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ဘယ်နေရာမှာ ရှိကြသည်ဟု မပြနိုင်သော်လည်း အကျိုးကို ပေးစေတတ်သည့် 'ကံသတ္တိ'တို့သည် ထိုသတ္တဝါတို့၏ စိတ်သန္တာန်ထဲ၌ အမြဲ ကိန်းအောင်းနေကြပေ၏။ အမှန်စင်စစ် ကံတရား၏ တန်ခိုးသတ္တိကို သိမှုမှာ ဘုရား၊ ရဟန္တာတို့၏ အရာသာဖြစ်၍ ဆန်းကြယ်လွန်းလှပြီး ကြံစည်၍ မသိနိုင်သော 'အစိန္တေယျ' တရားတစ်ပါး ဖြစ်၏။

## ၆၀။ ပဋိသန္ဓေနေမည်ကို သိ-မသိ

မိ။ ။ အရှင်ဘုရား၊ ဤဘဝ၌ ဖြစ်ဆဲရှိသောသူသည် "ငါသည် နောင်ဘဝသစ်၌ ပဋိသန္ဓေနေရမည်" ဟု သိပါသလော။

နာ။ ။ မင်းကြီး၊ သိပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါ။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လယ်သမားသည် မျိုးစေ့တို့ကို လယ်၌ စိုက်ပျိုး၏။ မိုးလည်း ရွာ၏။ ထိုအခါ သူသည် "ငါ၏ စပါးကား ဖြစ်ထွန်းလတ္တံ့ဟု သိနိုင်မည်လော"။

မိ။ ။ အရှင်ဘုရား၊ သိနိုင်ပါ၏။

နာ။ ။ မင်းကြီး၊ထို့အတူပင် ဤဘဝ၌ ဖြစ်ဆဲရှိသောသူသည် "ငါသည် နောင်ဘဝ၌ ပဋိသန္ဓေ နေရဦးလတ္တံ့" ဟု သိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ဤပြဿနာ၏ ဆန့်ကျင်ဘက် အဖြေကို အခန်း ၁၉ ၌ ကြည့်ပါလေ။ ယင်း အခန်း ၁၉ ၏ မှတ်ချက်ထဲ၌ ဤပြဿနာ၏ အဖြေကို ရှင်းပြထား၏။ ]

## ၆၁။ ဗုဒ္ဓကို ပြနိုင်ပါသလော

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓသည် တကယ်ရှိပါသလော။

နာ။ ။ မင်းကြီး၊ ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ 'ဗုဒ္ဓသည် ဤနေရာ ဤနေရာမှာ ရှိ၏'ဟု ပြနိုင်ပါမည်လော။

နာ။ ။ မင်းကြီး၊ ဗုဒ္ဓသည် ပရိနိဗ္ဗာန် ပြုသွားပြီဖြစ်၍ (ခန္ဓာဇာတ်သိမ်း၊ ရုပ်နာမ် ချုပ်ငြိမ်းသွားပြီ ဖြစ်၍) ဤနေရာ ဤနေရာ၌ရှိ၏"ဟု မပြနိုင်။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် မီးတောက် မီးလျှံ မီးကြီးသည် ငြိမ်းသွားလေသော် ဤနေရာ ဤနေရာ၌ ရှိ၏ဟု ပြနိုင်မည်လော။

မိ။ ။ အရှင်ဘုရား၊ မီးတောက်မီးလျှံကြီးသည် ငြိမ်းသွားပြီ ဖြစ်၍ ဤနေရာ ဤနေရာမှာ ရှိသေး၏ဟု ပြရန် မဖြစ်နိုင်တော့ပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုသွားပြီ ဖြစ်၍ (ခန္ဓာဇာတ်သိမ်း၊ ရုပ်နာမ် ချုပ်ငြိမ်းသွားပြီ ဖြစ်၍) ဤနေရာ ဤနေရာ၌ ရှိသေး၏ဟု မပြနိုင်တော့ပေ။ သို့ရာတွင် ဗုဒ္ဓ ဟောကြား ထားခဲ့သည့် တရားတော် အပေါင်းကို သိမြင်နေရသဖြင့် ဗုဒ္ဓသည် တကယ်ပင် ထင်ရှားရှိ၏ ဟူ၍ကား ပြနိုင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်လှပါပေ၏။

[ ဤပြဿနာနှင့် ပတ်သက် သိမှတ်ဖွယ်ကို အခန်း ၁၉ ၌ ကြည့်လေဦး။ 'အဝိဇ္ဇာ' နှင့် 'တဏှာ' တည်းဟူသော ဘဝဖြစ်ခြင်း၏ "မီးစာ" နှင့် "ဆီ"ဖြစ်ကြသည့် အကြောင်းရင်းကြီး နှစ်ပါး လုံးဝကုန်ခန်း ချုပ်ငြိမ်းသွားလေသော ကြောင့် ဘဝတည်းဟူသော "မီးတောက်ကြီး"ငြိမ်းသွားရခြင်း ဖြစ်ပေ၏။ အကြောင်းမရှိတော့၍ အကျိုး မဖြစ် တော့ခြင်း ပေတည်း။ မီးတောက်ကြီး ငြိမ်းသွားသည့် ဥပမာ ကဲ့သို့ပင် နိဗ္ဗာန်၏ ဘဝဇာတ်သိမ်း၊ ရုပ်နာမ်ချုပ်ငြိမ်း သည့် သဘောမှန်ကို ကောင်းစွာ နားလည်ရာ၏။ နိဗ္ဗာန်၏ သဘော သဘာဝကို 'ထာဝရ ဝိညာဉ်အဖြစ် တည်ရှိ၏' ဟူသော သဿတဒိဋ္ဌိ အယူအဆမျိုးနှင့်, အကြောင်းရှိသေးလျက် အကျိုးပြတ်စဲသွား၏ ဟူသော ရုပ်ဝါဒခေါ် ဥစ္ဆေဒဒိဋ္ဌိမျိုး (ဤအစွန်းထွက် မိစ္ဆာဒိဋ္ဌိ နှစ်မျိုးမှ လွတ်ကင်းအောင် သိနားလည်ရာ၏။ နက်နဲလှသည့် သဘော ဖြစ်၍ အထူး သတိပြုရာ၏။]

## သတိဝဂ်

### ၆၂။ ရဟန်းတို့သည် မိမိကိုယ်ကို ချစ်-မချစ်

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓ၏ တပည့်ရဟန်းတို့သည် မိမိတို့၏ ခန္ဓာကိုယ်ကို ချစ်ကြသေးပါသလော။

နာ။ ။ မင်းကြီး၊ မချစ်ကြပေ။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ မချစ်ကြဘဲလျက် ရဟန်းတို့သည် အဘယ့်ကြောင့် မိမိတို့၏ ခန္ဓာကိုယ်ကို ချစ်မြတ်နိုးစွာ ပြုနေကြပါသနည်း။

နာ။ ။ မင်းကြီး၊ တစ်ခါတရံ စစ်ပွဲသို့သွားသော သင် မင်းကြီးအား မြား၊ လှံဖြင့် ထိမှန်ဖူးပါသလော။

မိ။ ။ အရှင်ဘုရား၊ ထိမှန်ဖူးပါ၏။

နာ။ ။ မင်းကြီး၊ သင်သည် ထိုဒဏ်ရာကို ဆီ၊ လိမ်းဆေးတို့ဖြင့် လိမ်းကျံ၍ နူးညံ့သော အဝတ်ဖြင့် စည်းသည် မဟုတ်လော။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ပင် ပြုပါ၏။

နာ။ ။ မင်းကြီး၊ ထိုသို့ပြုခြင်းမှာ သင်သည် ထိုအနာကို ချစ်မြတ်နိုး၍လော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။ သွေး မယိုစေရန်၊ အသားနု တက်၍ အနာပျောက်ကင်းစေရန် အတွက်သာ ထိုသို့ပြုရခြင်း ဖြစ်ပါ၏။

နာ။ ။ "မင်းကြီး၊ ထို့အတူပင် ရဟန်းတို့လည်း ကိုယ်ကို သုတ်သင်၊ အပြေအပြစ် ပြုခြင်းမှာ ခန္ဓာကိုယ်ကို ချစ်မြတ်နိုး၍ မဟုတ်ပေ။ မြတ်သော အကျင့်ကို ကျင့်နိုင်ရန်၊ သာသနာတော်ကို ချီးမြှောက်နိုင်ရန် အတွက်သာ ဖြစ်ပေ၏။ ထို့ကြောင့် မင်းကြီး ဘုရားရှင်ကလည်း၊ အရေစိုဖြင့် ရစ်ပတ် ဖုံးလွှမ်းအပ်သော၊ ဒွါရကိုးပေါက် အမာဝများရှိသော ဤခန္ဓာကိုယ်ကြီးသည် အိုင်းအမာကြီး ပေတည်း။ မစင်မသန့် ပုပ်နံ့ညှီစွာ ထွက်ကျလာ၍ ထက်ဝန်းကျင်မှ မပြတ် ယိုစီးပေ၏'ဟူ၍ ခန္ဓကိုယ်ကြီးသည် အနာကြီးနှင့် တူကြောင်း ဟောကြားထားပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် အားထုတ်ကြသော ပုဂ္ဂိုလ်ဟူသမျှသည် ဤခန္ဓာကိုယ်ကြီးကို အိုင်း အနာကြီး၊ မစင်ထုပ်ကြီးပမာ စက်ဆုပ်သည်သာတည်း။ ထိုသို့ ဖြစ်လျက် ထိုပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ်ကြီးကို အဘယ့်ကြောင့် ပြုစုသုတ်သင် နေကြသနည်းဟူမူ ထိုပုဂ္ဂိုလ်မြတ်တို့သည် ခန္ဓာကိုယ်ကြီးကို လှေကဲ့သို့ သဘောထားကြကုန်၏။ သမုဒ္ဒရာကို ဖြတ်ကူးရန်အတွက် လှေကိုခိုင်ခံ့အောင် ပြုလုပ်ရသကဲ့သို့ ထို့အတူ ထိုပဂ္ဂိုလ်မြတ်တို့သည် သံသရာ သမုဒ္ဒရာ တဘက်ကမ်းသို့ ကူးဖြတ်နိုင်ရန်အတွက် ကိုယ်ကြီးကို ကြံ့ခိုင်အောင် ပြုစုကြရသည်။ ]

## ၆၃။ ဗုဒ္ဓသည် သဗ္ဗညု ဖြစ်-မဖြစ်

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓသည် တရားအလုံးစုံကို အကုန်သိမြင်သော သဗ္ဗညု ဖြစ်ပါသလော။

နာ။ ။ မင်းကြီး၊ ဗုဒ္ဓသည် သဗ္ဗညု ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓသည် သဗ္ဗညု ဖြစ်ပါလျက် အဘယ်ကြောင့် သိက္ခာပုဒ်တို့ကို အစဉ်အတိုင်း ကြိုတင်၍ (တစ်ခါတည်း) မပညတ်ပါသနည်း။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ဆေးသမားသည် လူနာအား ဆေးတိုက်ချိန်ရောက်မှ ဆေး တိုက်သလော။ သို့မဟုတ် အချိန်မရောက်မီ ကြိုတင်၍ ဆေးတိုက်သလော။

မိ။ ။ အရှင်ဘုရား၊ ဆေးတိုက်ချိန်ရောက်မှ ဆေးတိုက်ပါ၏။

နာ။ ။ မင်းကြီး၊ ထို့အတူပင် အလုံးစုံကိုသိမြင်တော်မူသော ဗုဒ္ဓသည် သိက္ခာပုဒ် ပညတ်ချိန် မရောက်မီ သာဝကတို့အား သိက္ခာပုဒ်ကို မပညတ်ဘဲ အချိန်ရောက်မှသာ အသက်ထက်ဆုံး မကျူးလွန်အပ်သော သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မိ။ ။ အရှင်ဘုရား၊ ကောင်းမြတ် လှပါပေ၏။

[ ဗုဒ္ဓသည် သဗ္ဗညု မဖြစ် ပြဿနာနှင့် ပတ်သက်၍ ဖြေရှင်းချက်များကို အခန်း ၉၆၊ ၁၈၅၊ ၁၆၅ တို့၌ ကြည့်ပါလေ။]

## ၆၄။ ၃၂-ပါးသော မဟာပုရိသလက္ခဏာ

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓသည် "မဟာပုရိသ လက္ခဏာ' ခေါ် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ၃၂- ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့် ပြည့်စုံ၍ ရွှေအဆင်းရှိပြီး တလံမျှလောက်သော ရောင်ခြည် တော်ဝန်းရှိ၏ ဟူသည်မှာ မှန်ပါသလော"

နာ။ ။ မင်းကြီး၊ မှန်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓ၏ မယ်တော်၊ ခမည်းတော်တို့လည်း ထိုအတိုင်းပင် ရှိကြပါသလေ။

နာ။ ။ မင်းကြီး၊ မရှိပေ။

မိ။ ။ အရှင်ဘုရား၊ မိဘတို့သည် ထိုသို့မဖြစ်လျှင် ဗုဒ္ဓလည်း ထိုသို့ မဖြစ်နိုင်ပါ။ အကြောင်းမူကား သားသမီးသည် အမိနှင့်သော်လည်းကောင်း၊ အဖနှင့်သော်လည်းကောင်း တူရမည်ဖြစ်ပေ၏။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် ရေထဲ၌ ရွံ့ညွန်မှ ဖြစ်ပေါ်လာသော ကြာပဒုမ္မာသည် ထိုရွံ့ညွန်ရေတို့နှင့် အဆင်းအနံ့အရသာအားဖြင့် တူပါလေသလော။

မိ။ ။ အရှင်ဘုရား၊ မတူပါ။

နာ။ ။ မင်းကြီး၊ ထို့အတူပင် ဗုဒ္ဓသည် မယ်တော်၊ ခမည်းတော်များ နှင့် မတူဘဲ လက္ခဏာတော် ကြီးငယ်များ နှင့် ပြည့်စုံပြီး ရွှေအဆင်းရှိလျက် တလံမျှလောက်သော ရောင်ခြည်တော်ဝန်း ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ကမ္မံ သတ္တေ ဝိဘဇတိဟူသော ဗုဒ္ဓတရားတော် အတိုင်းပင် ကံတရားက သတ္တဝါတို့ကို တစ်ဦးနှင့်တစ်ဦး မတူ ကွဲပြားခြားနားအောင် စီမံဖန်ဆင်းလေ၏။ အဆင်းလှမှု မလှမှု အသက်ရှည်မှု မရှည်မှု၊ ဥစ္စာ ချမ်းသာမှု ဆင်းရဲမှု၊

ပညာရှိမှု မရှိမှု စသည့် ကွဲပြားခြားနားအောင် စီရင်ပြုလုပ်သူကား မိမိ၏ ကံသာ ဖြစ်ချေ၏၊ တချို့ပုဂ္ဂိုလ်တို့ ပြောဆိုနေကြသည့် "ဘုရားသခင်က ဖန်ဆင်းသည်" မဟုတ်ပေ။ ဤ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ဗုဒ္ဓ ဖြည့်ဆည်းပူး လာခဲ့သော ကုသိုလ်ကောင်းမှု ပါရမီ အစုစုတို့သည် ဤနောက်ဆုံး ဘဝ၌ အဆုံးစွန် အစွမ်းကုန် အကျိုးပေးကြသောကြောင့် လောက၌ မည်သည့် ပုဂ္ဂိုလ်နှင့်မျှ မတူသော ရုပ်ပိုင်းနာမ်ပိုင်းဆိုင်ရာ ထူးမြတ်မှုကို ဗုဒ္ဓရရှိခြင်း ဖြစ်ပေသည်။ ဤသည်လည်း ကံတရား၏ တန်ခိုးသတ္တိပေတည်း။ ]

## ၆၅။ ဗုဒ္ဓ၏ ဗြဟ္မစရိယအကျင့်

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓသည် မြတ်သောအကျင့် (ဗြဟ္မစာရ)ကို ကျင့်သည်ဖြစ်၍ ဗြဟ္မစာရီ မည်ပါသလော။

နာ။ ။ မင်းကြီး၊ မှန်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် ဗုဒ္ဓသည် ဗြဟ္မာမင်း၏ တပည့်ဖြစ်ပေ၏။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် သင်၏ မင်္ဂလာဆင်တော်သည် တစ်ခါတစ်ရံ ကြိုးကြားသံကဲ့သို့ မြည်သည်မဟုတ်လော။

မိ။ ။ အရှင်ဘုရား၊ မြည်ပါ၏။

နာ။ ။ မင်းကြီး၊ ထိုသို့ဖြစ်လျှင် ထိုဆင်သည် ကြိုးကြာငှက်၏ တပည့် ဖြစ်သလော။

မိ။ ။ အရှင်ဘုရား၊ မဟုတ်ပါ။

နာ။ ။ မင်းကြီး၊ သင့်ကို ငါမေးဦးအံ့၊ ဗြဟ္မာမင်းသည် သဗုဒ္ဓိက (အသိဉာဏ်နှင့် ပြည့်စုံသူ) ဖြစ်လေသလော၊ သို့မဟုတ် အဗုဒ္ဓိက (အသိဉာဏ်မရှိသူ) ဖြစ်လေသလော။

မိ။ ။ အရှင်ဘုရား၊ ဗြဟ္မာမင်းသည် 'သဗုဒ္ဓိက' ဖြစ်ပါ၏။

နာ။ ။ မင်းကြီး၊ ထိုသို့ဖြစ်လျှင် ဗြဟ္မာမင်းသည် ဗုဒ္ဓ၏တပည့်သာတည်း။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဤပြဿနာကား - ဝေါဟာရ စကားလုံးကို အကြောင်းပြု၍ ဖန်တီးသော ပြဿနာတည်း။ မင်းကြီး အလိုအရ ဗြဟ္မစာရီ၌ 'ဗြဟ္မ' ကို 'ဗြဟ္မမင်း"ဟူ၍ လည်းကောင်း၊ 'စာရီ'ကို 'အကျင့် ကျင့်သူ'ဟူ၍ လည်းကောင်း ယူဆပြီး ဗုဒ္ဓသည် ဗြဟ္မာမင်း၏ အကျင့်ကို ကျင့်သူ (ဝါ) ဗြဟ္မာမင်း၏ တပည့်ဟု စကားကပ်၍ မေးလေ၏။ အမှန်စင်စစ် "ဗြဟ္မ" ပုဒ်သည် 'ဗြဟ္မာမင်း၊ မြင့်မြတ်သော" ဟု အဓိပ္ပာယ်ရှိရကား "ဗြဟ္မစာရီ" ပုဒ်သည် 'မြင့်မြတ်သော အကျင့်ကို ကျင့်သူ" ဟုသာ ယူရာ၏။ ရှင်နာဂသိန်ကလည်း မင်းကြီးလိုပင် စကားကပ်ပြီး ပြန်ဖြေ၏။ ဗုဒ္ဓ =

အသိပညာ၊ သဗ္ဗညုတ = အသိဉာဏ်ရှိသူဟု အဓိပ္ပာယ် ရှိရကား၊ ဖြဟ္မာမင်း သည် “သဗ္ဗညုတ = အသိဉာဏ်ရှိသူ” ဖြစ်လျှင် ဗုဒ္ဓ၏ တပည့်သာ ဖြစ်လေသတည်း ဟူ၍ စကားစစ်ထိုးပွဲ ထုံးစံအတိုင်းပင် ဖြေကြားလေ၏။ ]

## ၆၆။ ဗုဒ္ဓ၏ ရဟန်းအဖြစ်

မိ။ ။ အရှင်ဘုရား၊ ရဟန်းအဖြစ် (ရဟန်းပြုခြင်း)သည် ကောင်းမြတ်ပါသလော။

နာ။ ။ မင်းကြီး၊ ကောင်းမြတ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဗုဒ္ဓအား ရဟန်းအဖြစ် (ရဟန်းပြုခြင်း) ရှိပါသလော။.

နာ။ ။ မင်းကြီး၊ ဗုဒ္ဓသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်နှင့်တကွ (ဝါ) သဗ္ဗညုတ ဉာဏ်တော်ကို ရသည်နှင့် တပြိုင်နက်ပင် ရဟန်းအဖြစ်ကို ရပြီးဖြစ်၏။ (သာဝကများကဲ့သို့) ဗုဒ္ဓအား အခြားပုဂ္ဂိုလ် တို့က ပြုပေးအပ်သော ရဟန်းအဖြစ်မျိုးသည် မရှိပေ။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ သာဝက ရဟန်းတို့၏ ရဟန်းအဖြစ်ကား “အဓိသီလ၊ အဓိသိက္ခာ၊ အဓိပညာ” ဟူသော သိက္ခာသုံးပါး အားဖြင့် သံဃာက ပေးအပ်သော ရဟန်း အဖြစ်မျိုးတည်း။ ဗုဒ္ဓ၏ ရဟန်းအဖြစ်သည်မူကား - “လောကတ္ထ၊ ဉာတတ္ထ၊ ဗုဒ္ဓတ္ထ ဟူသော စရိယာ(အကျင့်)မြတ် သုံးပါးအားဖြင့် မိမိ၏ ဗုဒ္ဓမ္မတာအရ ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်ကို ရသည်နှင့် တပြိုင်နက် ရဟန်းအဖြစ်ကို ရပြီးဖြစ်ပေ၏။ သိက္ခာသုံးပါးအားဖြင့် အခြားပုဂ္ဂိုလ်တို့က ဗုဒ္ဓအား ရဟန်းအဖြစ်ကို ပေးဖွယ်မရှိတော့ပေ။ အမှန် စင်စစ်အားဖြင့် ရဟန်းအဖြစ်ဟူသည် ဗုဒ္ဓက ချမှတ်ပညတ်တော်မူ အပ်သော နည်းဖြင့်သာလျှင် သိက္ခာသုံးပါး ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ်တို့အား ပေးအပ်သည့် ထူးမြတ် သော ဘဝ အဖြစ်သာတည်း။ မင်းအဖြစ် ဘိသိက်သွန်းပေးခြင်းမျိုး ကဲသို့ပင်တည်း။ ]

## ၆၇။ မျက်ရည်၏ ဆေးဘက် ဝင် - မဝင်

မိ။ ။ အရှင်ဘုရား၊ ကွယ်လွန်သော မိဘတို့ကို ချစ်မြတ်နိုး၍ ငိုကြွေးသူနှင့် တရားတော်ကို ချစ်မြတ်နိုး သဖြင့် ငိုကြွေးသူတို့၏ မျက်ရည်တို့တွင် အဘယ်သူ၏ မျက်ရည်သည် အပူနာ ပျောက်ကြောင်း ဆေးကောင်း ဖြစ်ပါသနည်း။ (ဝါ) ဆေးဘက်ဝင်ပါသနည်း။

နာ။ ။ မင်းကြီး၊ ကွယ်လွန်သော မိဘတို့ကို မြတ်နိုး၍ ငိုကြွေးသောသူ၏ မျက်ရည်သည် ရာဂ၊ ဒေါသ၊ မောဟများရှိ၍ ညစ်ညူးပြီး ပူလောင်သဖြင့် ဆေးဘက်မဝင်ပေ။ တရားတော်ကို ချစ်မြတ်နိုးသဖြင့်

ငိုကြွေးသောသူ၏ မျက်ရည်ကား နှစ်သက်ခြင်း (ပီတိ)၊ ဝမ်းမြောက်ခြင်း (သောမနဿ) များရှိ၍ မညစ်ညူးဘဲ အေးမြသဖြင့် ဆေးဘက်ဝင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ မိဘကိုချစ်၍ ငိုကြွေးမှုသည် စိတ်ကို ပြင်းစွာပူလောင်စေသဖြင့် ကောင်းကျိုး မပြု၊ ကောင်းကျိုး မပေးသော အရာဖြစ်ပေ၏။ တရားတော်ကို မြတ်နိုးလွန်း၍ ငိုကြွေးမှုသည်ကား စိတ်ကို မပူမလောင် အေးမြစေသဖြင့် ကောင်းကျိုးနှင့် စပ်ယှဉ်နေပေသည်။ ]

## ၆၈။ ရာဂရှိသူနှင့် ရာဂကင်းသူတို့၏ ကွာခြားမှု

မိ။ ။ အရှင်ဘုရား၊ ရာဂရှိသောသူနှင့် ရာဂကင်းသော သူတို့၏ ထူးခြားချက်ကား အဘယ်ပါသနည်း။

နာ။ ။ မင်းကြီး၊ ရာဂရှိသောသူသည် အာရုံငါးပါး၌ မြတ်နိုးတပ်မက် ကပ်ငြိပေ၏။ ရာဂကင်းသော သူကား အာရုံငါးပါး၌ မြတ်နိုးကပ်ငြိခြင်း မရှိပေ။

မိ။ ။ အရှင်ဘုရား၊ ထိုရာဂရှိသူ (တပ်မက်သူ) နှင့် ရာဂကင်းသူ (မတပ်မက်သူ) တို့သည်၊ အဘယ်သို့ သဘောရှိကြပါသနည်း။

နာ။ ။ မင်းကြီး၊ တပ်မက်သူသည် လိုချင်သောသဘော၊ လိုချင်သော အမူအရာရှိ၍ မတပ်မက်သော သူကား လိုချင်သောသဘော၊ လိုချင်သော အမူအရာမရှိပေ။

မိ။ ။ အရှင်ဘုရား၊ ဤသို့သဘောရှိသော ရာဂရှိသူနှင့် ရာဂကင်းသူ နှစ်ဦးလုံးပင် ကောင်းမွန်သည့် ခဲဖွယ်ဘောဇဉ်ကိုသာ အလိုရှိပြီး တစ်စုံတစ်ဦးမျှ မကောင်းသည့် ခဲဖွယ်ဘောဇဉ်ကို အလိုမရှိကြောင်းကို တွေ့မြင်ရပါ၏။

နာ။ ။ မင်းကြီး၊ ရာဂမကင်းသောသူသည် အရသာကိုလည်းကောင်း၊ အရသာ တပ်မက်မှု (ရသတဏှာ)ကို လည်းကောင်း ခံစားလျက် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်၏။ ရာဂကင်းသောသူကား အရသာမျှကိုသာ ခံစားလျက် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ရာဂရှိသူ ပုထုဇဉ်သည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဟူသော အာရုံငါးပါးတို့၌ စွဲလမ်း တပ်မက်မှု 'တဏှာ' (ငါးမျိုး) ရှိပေ၏။ ယင်းသို့မရမနေ လွန်စွာ တပ်မက်သည့် "တဏှာ" (သမုဒယသစ္စာ) ကြောင့်ပင် ရာဂရှိသူ ပုထုဇဉ်သည် ဆင်းရဲဒုက္ခ (ဒုက္ခသစ္စာ အပေါင်းနှင့် တွေ့ကြုံ နေရပေ၏။ ယင်း 'တဏှာ'

ကုန်ခန်းလေပြီးသော ရာဂကင်းသူ ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့ကား “တဏှာ” ကြောင့် ဖြစ်သည့် ဒုက္ခအပေါင်းမှ ကင်းလွတ်တော် မူကြကုန်၏။ ပုထုဇဉ်မှန်သမျှ ‘တဏှာ့ကျွန်’ သာတည်း။ ]

## ၆၉။ ပညာ၏ တည်ရာဌာန

မိ။ ။ အရှင်ဘုရား၊ ပညာသည် အဘယ်အရပ်၌ ထင်ရှားစွာ တည်နေပါသနည်း။

နာ။ ။ မင်းကြီး၊ ပညာသည် ဘယ်နေရာတွင်မှ ထင်ရှားစွာ တည်နေခြင်းမရှိပေ။

မိ။ ။ အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် ပညာသည် မရှိပေတကား။

နာ။ ။ မင်းကြီး၊ လေသည် ဘယ်အရပ်၌ ထင်ရှားစွာ တည်ရှိနေပါသနည်း။

မိ။ ။ အရှင်ဘုရား၊ လေသည် ဘယ်နေရာမှာမှ ထင်ရှားစွာ တည်နေခြင်း မရှိပါ။

နာ။ ။ မင်းကြီး၊ ထိုသို့ဖြစ်လျှင် လေသည် မရှိလေတကား။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[ ဤပြဿနာ ပတ်သက်၍ အခန်း ၂၀ ကိုလည်း ကြည့်လေဦး။ နာမ်တရားတို့မည်သည် သတ္တဝါတို့၏ သန္တာန်တွင် ဘယ်နေရာ၌ ရှိ၏ဟု မပြနိုင်ပေ။ ယင်းတို့သည် အကြောင်းတိုက်ဆိုင်လာသော် ဆိုင်ရာဒွါရကို အခြေခံ၍ ဖြစ်ပေါ်လာပြီး မိမိတို့၏ ကိစ္စပြုလုပ်ပြီးသော် ချုပ်ပျောက်သွားကုန်၏။ သို့ရာတွင် ယင်းတို့ပြုလုပ်ခဲ့သည့် “လက်ရာ” (အကျိုးတရား)ကား ကျန်ရစ်ခဲ့ပေ၏။ ]

## ၇၀။ ဘဝသံသရာ ပြဿနာ

မိ။ ။ အရှင်ဘုရား၊ “သံသရာ၊ သံသရာ”ဟူ၍ ပြောနေကြရာ “သံသရာ” ဟူသည် အဘယ်ပါနည်း။

နာ။ ။ မင်းကြီး၊ ဤဘဝ၌ မွေးဖွား၍ ဤဘဝ၌ သေ၏။ ဤဘဝ၌ သေ၍ အခြားဘဝ၌ တဖန် မွေးဖွားပြန်၏။ တဖန် ထိုဘဝ၌ မွေးဖွား၍ ထိုဘဝ၌ သေ၏။ ထိုဘဝ၌လည်း သေ၍ အခြားဘဝ၌ ဖြစ်ပြန် မွေးပြန်၏။ ဤသို့ အစအဆုံးမရှိ လှည့်လည်ဖြစ်နေ (မွေးနေ) ရခြင်း၊ သေနေရခြင်းသည် “သံသရာ”မည်ပေ၏။

မိ။ ။ အရှင်ဘုရား၊ ဥပမာပေး၍ ရှင်းပြတော်မူပါဦး။

နာ။ ။ မင်းကြီး၊ ဥပမာအားဖြင့် လူတယောက်သည် သရက်သီးမှည့် တစ်လုံးကိုစားပြီး အစေ့ကို စိုက်၏။ ထိုသရက်စေ့မှ ကြီးပွားသော သရက်ပင်ဖြစ်လာပြီး သရက်သီးများ သီးလေ၏။ ထို့နောက် ထိုသူသည်

ထိုသရက်ပင်မှ သရက်သီးမှည့်ကို စားပြီး သရက်စေ့ကို စိုက်ပြန်၏။ ထို သရက်စေ့မှလည်း တဖန် ကြီးစွာသော သရက်ပင်ဖြစ်လာပြီး သရက်သီးများ သီးပြန်လေ၏။ ဤသို့လျှင် ထိုသရက်ပင်တို့၏ အစ,အဆုံးသည် မထင်ပေ။ ထို့အတူပင် သတ္တဝါသည် ဘဝ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ အစအဆုံးမရှိ လှည့်လည် ဖြစ်နေခြင်း၊ သေနေခြင်းသည် “သံသရာ”မည်ပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

[ ဤပြဿနာနှင့် ပတ်သက်၍ အခန်း - ၂၇၊ ၂၈၊ ၂၉ တို့၌ ကြည့်လေဦး။ “သံသာရ = သံသရာ” ဟူသည် ၃၁ ဘုံ အတွင်း၌ တစ်ဘဝပြီး တစ်ဘဝ အဆက်မပြတ် (နိဗ္ဗာန်သို့မရောက် သေးသရွေ့) လှည့်ပတ်နေမှု ဖြစ်နေမှု ပင်တည်း။ (အသီးမှ အပင်၊ အပင်မှအသီး) တဖန် အသီးမှ အပင်၊ အပင်မှ အသီး ဤသို့စသည် ( အသီးနှင့် အပင်၊ ကြက်ဥနှင့်ကြက်မ ) ‘ကရွတ်ကွင်း၊ စက်ဝိုင်းပမာ အစမရှိ အဆုံးမရှိ လှည့်ပတ်ဖြစ်နေ သကဲ့သို့ပင်တည်း။။]

## ၇၁။ ရှေးက အဖြစ်အပျက်ကို အောက်မေ့မှု

မိ။ ။ အရှင်ဘုရား၊ အတိတ်ကာလ ကြာမြင့်စွာ ပြုခဲ့ပြီးသော အရာကို အဘယ်တရားဖြင့် အောက်မေ့ပါ သနည်း။

နာ။ ။ မင်းကြီး၊ သတိတရားဖြင့် အောက်မေ့ပေ၏။

မိ။ ။ အရှင်ဘုရား၊ သတိဖြင့် မအောက်မေ့နိုင်၊ စိတ်ဖြင့်သာ အောက်မေ့နိုင်သည် မဟုတ်ပါလော။

နာ။ ။ မင်းကြီး၊ သင်သည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကို ပြုပြီး၍ မေ့လျော့နေသည်ကို မှတ်မိဖူး သလော။

မိ။ ။ အရှင်ဘုရား၊ မှတ်မိဖူးပါ၏။

နာ။ ။ မင်းကြီး၊ အသို့နည်း။ သင်သည် ထိုမေ့လျော့စဉ် အခါက စိတ် မရှိလေသလော။

မိ။ ။ အရှင်ဘုရား၊ စိတ်မရှိသည် မဟုတ်ပါ။ ထိုမေ့လျော့ခိုက်၌ သတိသည်သာ မဖြစ်ပါ။

နာ။ ။ မင်းကြီး၊ ထိုသို့ဖြစ်လျက် သင်သည် သတိဖြင့် မအောက်မေ့နိုင်၊ စိတ်ဖြင့်သာ အောက်မေ့နိုင်၏ ဟု အဘယ်ကြောင့် ဆိုဘိသနည်း။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ် ကောင်းလှပါပေ၏။

## ၇၂။ သတိနှစ်မျိုး

မိ။ ။ အရှင်ဘုရား၊ အလုံးစုံသော သတိတရားသည် အထူးထင်စွာ သိမှတ်၍ ဖြစ်လေသလော။ သို့မဟုတ် (အခြားလူတို့က) လှုံ့ဆော်၍ (အမှတ်ထား၍ ရှင်အာဒိစ္စဝံသ အလို) ဖြစ်လေ သလော။

နာ။ ။ မင်းကြီး၊ သတိသည် အထူးသိမှတ်၍လည်း ဖြစ်၏။ (အခြားသူတို့က) လှုံ့ဆော်၍လည်း (အမှတ်ထား၍လည်း) ဖြစ်ပေ၏။

မိ။ ။ အရှင်ဘုရား၊ အလုံးစုံသော သတိသည် ထိုကဲ့သို့ အထူးမှတ်သား၍ ဖြစ်ခဲ့ပါမူကား လှုံ့ဆော်၍ (အမှတ်ထား၍) ဖြစ်သော သတိသည် မရှိတန်ရာ။

နာ။ ။ မင်းကြီး၊ အကယ်၍ မရှိခဲ့မူ (ဆင်စွယ်ပွတ်,ပန်းချီ စသော) အတတ်ပညာတို့၏ ပြုလုပ်ဖွယ် အမှုတို့ဖြင့် လည်းကောင်း၊ အတတ်ပညာတို့ဖြင့် လည်းကောင်း၊ ပညာ၏ အကြောင်းတို့ဖြင့် လည်းကောင်း ပြုဖွယ် မရှိတော့ရာ။ အမှုလုပ်, အတတ်သင်ဆရာတို့သည် အကျိုးထူး မရှိတော့ရာ။ လှုံ့ဆော်၍ (အမှတ်ထား၍) ဖြစ်သော သတိမျိုး ရှိသောကြောင့်သာ ပြုဖွယ် အမှုတို့ဖြင့် လည်းကောင်း၊ အတတ်ပညာတို့ဖြင့် လည်းကောင်း၊ ပညာ၏ အကြောင်းတို့ဖြင့် လည်းကောင်း ပြုဖွယ်ရှိပေ၏။ အမှုလုပ်, အတတ်သင်ဆရာတို့ဖြင့် အကျိုးလည်း ရှိပေ၏။

မိ။ ။ အရှင်ဘုရား၊ သင့်မြတ်ကောင်းလှပါပေ၏။

[သတိသည် အထူးထင်စွာ သိမှတ်၍ သိမှု (ပညာ)နှင့် ယှဉ်သောသတိမျိုး၊ အတတ်ပညာ သင်ကြားရာ၌ အခြားသူတို့က လှုံ့ဆော်ပေး၍ (ဝါ) အမှတ် ‘သညာ’ ထား၍ သိမှတ်မှုနှင့်ယှဉ်သော သတိမျိုး ဟူ၍နှစ်မျိုးရှိပေ၏။